ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday 21 August 2018 ၄၃၈၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Lee Kuan Yew School of Public Policy သို့ သွားရောက်လေ့လာ

စင်ကာပူ ဩဂုတ် ၂၀

**စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ အလုပ်သဘောချစ်ကြည်ရေးခရီးလည်ပတ်ရန် စင်ကာပူတွင် ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Lee Kuan Yew School of Public Policy (LKYSPP) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Lee Kuan Yew School of Public Policy သို့ ရောက်ရှိရာ စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မဟာဌာနမှူး Prof Danny Quah က Lee Kuan Yew School of Public Policy ဆိုင်ရာ နောက်ခံသမိုင်းအကျဉ်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Lee Kuan Yew School of Public Policy ရှိ စာသင်ခန်းများ၌ စာပေသင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Lee Kuan Yew School of Public Policy ကို ၂၀၀၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ကိုယ်ပိုင်လွတ်လပ်သော ဘွဲ့လွန်တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါတက္ကသိုလ်ကို စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)၏ အုပ်ချုပ်မှုအောက်တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ Lee Kuan Yew School of Public Policy ရှိ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၄

အသစ်တစ်ဖန် ဖွဲ့စည်းဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

စာမျက်နှာ » ၇

တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၉

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## စီးပွားရေးဈေးကွက် ပြောင်းလဲဆောင်ရွက်

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများတွင် ဆန်စပါးနှင့် ပဲမျိုးစုံသည် အဓိကထွက်ကုန်များဖြစ်သည်။ ဆန်စပါးကို ပြည်တွင်းစားသုံးရန်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချပြီး ပဲမျိုးစုံတွင် အထူးသဖြင့် မတ်ပဲနှင့် ပဲစင်းငုံကို ပြည်ပသို့တင်ပို့ရန် အဓိက အားထားစိုက်ပျိုးသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများသည် ဆန်စပါးပြီးလျှင် ပဲမျိုးစုံကို အဓိကအားထား စိုက်ပျိုးရာ ပြည်တွင်းစားသုံးကုန်အဖြစ် ဆီထွက်သီးနှံမြေပဲနှင့် နှမ်းကိုစိုက်ပျိုးကြသည်။ မတ်ပဲနှင့်ပဲစင်းငုံကို ပြည်ပသို့တင်ပို့ပြီး နိုင်ငံခြားငွေအများဆုံးရရှိသောသီးနှံများဖြစ်သည်။ အဆိုပါသီးနှံများကို ပဲအများဆုံးစားသုံးသော အိန္ဒိယနိုင်ငံမှဝယ်ယူခဲ့သော်လည်း ယမန်နှစ်မှစတင်၍ ၎င်းနိုင်ငံက ပဲတင်သွင်းမှုမူဝါဒကို ပြောင်းလဲလိုက်သောကြောင့် ပြည်ပပို့ကုန်လျော့နည်းသွားသလို ယင်းပဲသီးနှံဈေးနှုန်းလည်း ကျဆင်းသွားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပဲအများဆုံးစားသုံးသည့် နိုင်ငံဖြစ်သည်နှင့်အညီ ပဲမျိုးစုံကို စိုက်ပျိုးကြပြီး ပြည်တွင်းစားသုံးမှု လိုအပ်ချက်မပြည့်မီသဖြင့် ပြည်ပမှနှစ်စဉ် မှာယူတင်သွင်းရသည်။ အဓိကတင်သွင်းသည့်နိုင်ငံမှာ အိမ်နီးချင်းမြန်မာနိုင်ငံမှဖြစ်ပြီး အိန္ဒိယနိုင်ငံမှ စားသုံးသူပြည်သူများနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးသူတောင်သူများအတွက် အဆင်ပြေခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံအနေဖြင့် ၎င်းနိုင်ငံ၏အကျိုးစီးပွားကို ရှေးရှု၍ ပဲတင်သွင်းမှု မူဝါဒကိုပြောင်းလဲလိုက်ပြီး ၎င်းနိုင်ငံတွင် ပိုမိုတိုးချဲ့စိုက်ပျိုးသဖြင့် မြန်မာနိုင်ငံ၏ ပြည်ပပဲပို့ကုန် လျော့နည်း ကျဆင်းသွားခြင်းဖြစ်သည်။

ထိုသို့ ပြည်ပပို့ကုန် ပဲသီးနှံလျော့နည်းကျဆင်းသွားခြင်းသည် မြန်မာနိုင်ငံအတွက် သင်ခန်းစာယူစရာဖြစ်သည်။ မည်သည့်နိုင်ငံမဆို မိမိတို့နိုင်ငံ၏ ကိုယ်ကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရမည်သာဖြစ်သည်။ ယင်းအချက်ကို သတိမူလျက် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့အကျိုးစီးပွားအတွက် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနာဂတ်ပဲစိုက်ပျိုးထုတ်လုပ်မှုကို ပြင်ဆင်ပြောင်းလဲစိုက်ပျိုးနိုင်ရန် မတ်ပဲနှင့် ပဲစင်းငုံအစား တောင်သူများအကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံ ပြောင်းလဲစိုက်ပျိုးနိုင်ရေးကို နည်းလမ်းရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၂/၂၀၁၃)ဖြင့် ပြဋ္ဌာန်းထားပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းထားသည်။ ထို့အပြင် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခု အိန္ဒိယပဲဂယက်ကြောင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုရှိခဲ့သဖြင့် သီးနှံပြောင်းလဲစိုက်ပျိုးရန် တောင်သူများအား အသိပညာပေးခဲ့သည်။ ယခုနှစ်မိုးပဲစိုက်ပျိုးရာသီတွင် ပဲစင်းငုံစိုက်ဧက ငါးသိန်းကျော် လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်း၊ ချက်ကြံနှင့် ချည်မျှင်ရှည်ဝါစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ဆက်လက်၍ မတ်ပဲရာသီတွင် မတ်ပဲအစား ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်မည့် အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးနိုင်ရေး အဖြေရှာကြရမည်ဖြစ်သည်။ နိုင်ငံတော်မှလည်း စိုက်ပျိုးမှု၊ ကုန်သွယ်မှုတို့ကို ဝိုင်းဝန်းအဖြေရှာဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများအနေဖြင့်လည်း ရှေ့အလားအလာများ၊ ဈေးကွက် အနေအထားများကို မျက်ခြည်မပြတ်သိရှိထားကြရန် လိုအပ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများ၏အကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားကို ရှေးရှု၍ ဖြစ်ပေါ်နေသော အခြေအနေများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်အဖြေရှာလျက် ဈေးကွက်စီးပွားရေးကို ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

**မိတ္ထီလာ ဩဂုတ် ၂၀**

မိတ္ထီလာမြို့ရှိ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်၏ (၁၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့သော မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ၊ ဆွမ်းသပိတ် ဆက်ကပ်လှူဒါန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုထံမှ သိရသည်။

"(၁၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲအတိုင်း တော်သလင်းလဆန်း ၈ ရက်ကနေ တော်သလင်းလပြည့်ကျော် ၂ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်၊ တော်သလင်းလဆန်း ၁၁ ရက်ကနေ တော်သလင်းလပြည့်နေ့အထိ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို ကျင်းပမှာပါ၊ လှေပြိုင်ပွဲကတော့ ဖောင်တော်ဦးဘုရားပွဲရဲ့ အဓိကပြယုဂ်တစ်ခုဖြစ်တာကြောင့် မဖြစ်မနေ ထည့်သွင်းကျင်းပမှာ ဖြစ်ပါတယ်၊ တော်သလင်းလပြည့်နေ့ မနက်ပိုင်းမှာ မြို့နယ်အတွင်းက ကျောင်းတိုက်များမှ ပင့်သံဃာ ၁၀၈ ပါးကို ဖောင်တော်ဦးစေတီတန်ဆောင်းအတွင်း ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပမှာဖြစ်ပါတယ်" ဟု ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုက ပြောသည်။

ယခုနှစ်ကျင်းပမည့် (၁၃၅) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ၊ ဆွမ်းသပိတ် ဆက်ကပ်လှူဒါန်းပွဲများအပြင် ချားရဟတ်၊ ယိမ်းလှေ၊ ပျော်ပွဲရှင်ပွဲများပါဝင်မည်ဖြစ်ကာ ဆိုင်ခန်းပေါင်း ၈၀၀ ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းရောင်းချသွားမည်ဖြစ်သည်။ တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၂ ရက် (စက်တင်ဘာ ၁၇ ရက်မှ စက်တင်ဘာ ၂၆ ရက်) အထိ ကျင်းပမည့် အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဈေးဆိုင်ခန်း ခင်းကျင်းရောင်းချလိုသူများအနေဖြင့် ဩဂုတ် ၂၆ ရက်မှစတင်၍ ဆိုင်ခန်းနေရာချထားရေးကော်မတီထံ စာရင်းပေးသွင်းလျှောက်ထားနိုင်ကြောင်း သိရသည်။



မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ယခင်နှစ်မြင်ကွင်း။

**ချမ်းသာ(မိတ္ထီလာ)**



## သန်လျင်မှ ထူးချွန်ကျောင်းသားများ စင်ကာပူနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

**သန်လျင် ဩဂုတ် ၂၀**

သန်လျင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိခဲ့သော ကျောင်းသား ကျောင်းသူ သုံးဦးတို့သည် စင်ကာပူနိုင်ငံတွင် တစ်ပတ်ကြာလေ့လာရေးခရီးသွားရောက်ရန် ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားရာ ဆရာ ဆရာမများနှင့် မိဘများက လိုက်ပါပို့ဆောင်ကြသည်။

**သန်းဝင်း(သန်လျင်)**

## မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း ဆောင်ရွက်မည်

**မိုးကောင်း ဩဂုတ် ၂၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းဆောင်ရွက်ရန် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၆ အုပ်စု ကျေးရွာ ၇၉ ရွာတို့တွင် အစည်းအဝေးများကို ဩဂုတ် တတိယပတ်မှစတင်၍ ကျေးရွာအလိုက် ကျင်းပလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိုးကောင်းမြို့နယ်လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် စီမံကိန်းရန်ပုံငွေကျပ် ၁၂၆၈ သန်းဖြင့် လုပ်ငန်းခွဲပေါင်း ၁၂၀နှင့် ဒုတိယနှစ်စက်ဝန်းတွင် စီမံကိန်းရန်ပုံငွေ ကျပ်သန်း ၁၂၉၀ ဖြင့် လုပ်ငန်းခွဲပေါင်း ၁၀၁ ခု အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယခု တတိယနှစ်စက်ဝန်းတွင် စီမံကိန်းရန်ပုံငွေကျပ် ၁၆၀၃ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**၄၉၉**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၀**

ရန်ကုန်(ရွှေဈေး) ၉၄၉၀၀၀ - ၉၄၉၀၀၀ မန္တလေး(ရွှေဈေး) ၉၄၉၀၀၀ - ၉၄၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀/၉၇၀ ကျပ်၊ | ၉၆၀/၁၀၀၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၆၀/၉၈၅ ကျပ်၊ | ၁၀၁၀/၁၀၅၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၆၀/၁၀၀၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၆၀/၉၈၀ ကျပ်၊ | ၁၀၀၀/၁၀၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၄၀/၉၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၅၀/၉၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၉၁၀/၉၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၉၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၃.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၇.၈၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၅.၁၄၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၄.၇၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၇၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၆.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၄၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၃.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၂.၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် [illegible] တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၃၊ ဖက်စ် ၀၆၇-၃၆၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

❂ ရှေ့ဖုံးမှ

Lee Kuan Yew School of Public Policy သည် QS World University Rankings (2019) ၏ အဆင့်သတ်မှတ်ချက်အရ အာရှတွင် အဆင့်တစ်အဖြစ် သတ်မှတ်ခြင်းခံရပြီး တက္ကသိုလ်အမည်ကို စင်ကာပူနိုင်ငံတွင် သက်တမ်းအကြာဆုံး အုပ်ချုပ်ခဲ့သည့် ဝန်ကြီးချုပ် လီကွမ်ယုအား ဂုဏ်ပြုသည့်အနေဖြင့် Lee Kuan Yew School of Public Policy ဟု အမည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ချိတ်ဆက်ဆောင်ရွက်လျက်ရှိ**

၂၀၁၈ ခုနှစ်တွင် Lee Kuan Yew School of Public Policy ၌ နိုင်ငံပေါင်း ၉၀ ကျော်မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၀၀ ကျော် တက်ရောက်လျက်ရှိပြီး အဆိုပါတက္ကသိုလ်မှ မဟာဘွဲ့၊ ပါရဂူဘွဲ့များ ပေးအပ်လျက်ရှိသည့်အပြင် ကမ္ဘာပေါ်ရှိ တက္ကသိုလ်များစွာနှင့်လည်း ပညာရေးဆိုင်ရာ Exchange Programmes များ ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က အဆိုပါတက္ကသိုလ်၌ လက်ဖက်ရည်ဖြင့် ခင်မင်ရင်းနှီးစွာ ဧည့်ခံသည်။

အဆိုပါ ဧည့်ခံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးနှင့်အတူ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr.Mohamad Maliki Bin Osman၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms.Vanessa Chan နှင့် မဟာဌာနမှူး Prof Danny Quah တို့လည်း တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr.Vivian Balakrishnan က ၎င်း၏ နေအိမ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က လက်ဖက်ရည်ဖြင့် ခင်မင်ရင်းနှီးစွာ ဧည့်ခံစဉ်။**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။**

❋ မြန်မာယူ-၂၃ မှ

တစ်ကျော့ပြန်အနိုင်ကစားခဲ့သည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရဖူးပြီး ပထမဆုံးရသည့် ၁၉၆၆ ပြိုင်ပွဲတွင် အီရန်အသင်းကို အုပ်စုနှင့် ဗိုလ်လုပွဲတွင် နှစ်ပွဲစလုံးအနိုင်ရခဲ့သည့် မှတ်တမ်းကောင်းကို ပြန်လည်ရယူနိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အီရန်အသင်းကို အာရှအားကစားပြိုင်ပွဲ ၁၉၆၆ ပြိုင်ပွဲတွင် အနိုင်ရပြီးနောက်ပိုင်း တစ်ကျော့ပြန်အနိုင်ရခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင် ဇော်မင်းထွန်း ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိဘဲ ကျော်ဇင်ထက် (ဂိုး)က အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူကာ အောင်သူ၊ မောင်မောင်လွင်၊ စည်သူအောင်၊ ထိုက်ထိုက်အောင်တို့ဖြင့် လူစုံခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အီရန်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် အခွင့်အရေး သုံးကြိမ်ထက်မနည်းရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီပေးသည် ဒုတိယပိုင်းတွင် ဂိုးရရန် တိုက်စစ်အားမြှင့်ခဲ့သလို ကစားသမားများ အပြောင်းအလဲလုပ်ခဲ့သည်။ ၅၅ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး ကွင်းလယ်လူ လွင်မိုးအောင်က သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းတိုက်စစ်အားမြှင့်ခဲ့ပြီး ၆၇ မိနစ်တွင် ထက်ဖြိုးဝေက ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ တစ်ချိန်တည်းယှဉ်ပြိုင်သည့်ပွဲတွင် မြောက်ကိုရီးယားအသင်း အနိုင်ရနေ၍ မြန်မာအသင်းသည် သုံးဂိုးပြတ်အနိုင်ရရန် လိုအပ်နေသောကြောင့် အားကုန်ထုတ်ကစားခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် နှစ်ဂိုးပြတ်အနိုင်ရနေချိန်တွင် အောင်သူနှင့် ဒွေးကိုကိုချစ်တို့ အပိုင်အခွင့်အရေးရသော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

○ **မြန်မာအမျိုးသမီး**

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဂျပန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ယင်းအုပ်စုတွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားပြီး လေးပွဲစလုံး အနိုင်ရသည့် ဗီယက်နမ်အသင်းသည် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကို နှစ်ပွဲ-တစ်ပွဲ၊ မလေးရှားကို သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး ဗီယက်နမ်ကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာအမျိုးသမီးအသင်းနှင့် ဂျပန်အမျိုးသမီးအသင်း၏ အုပ်စုနောက်ဆုံးပွဲကို မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အသီးသီးအောက် တစ်ပေခွဲခန့်စီတွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သဖြင့် အဆိုပါမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၂၀**

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄ ခုနှစ် ဘူမိဗေဒဘွဲ့ရသူများအဖွဲ့က အလှူငွေကျပ် သိန်း ၄၀ ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ

## ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်ကဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၀**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ အစီရင်ခံစာတစ်ခု လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်က ဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

### အခြေခံပညာဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းလုပ်ငန်းပေါင်း ၂၅၈၀ အတွက် တန်ဖိုးငွေကျပ် ၁၃၁၅၉၃ ဒသမ ၆၃၅ သန်း ခွင့်ပြုချက်ရရှိ

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ်(၆/၂၀၁၈) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းလုပ်ငန်းပေါင်း ၂၅၈၀ အတွက် တန်ဖိုးငွေကျပ် ၁၃၁၅၉၃ ဒသမ ၆၃၅ သန်း ခွင့်ပြုချက်ရရှိပါကြောင်း၊ အဆိုပါလုပ်ငန်း ၂၅၈၀ အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနသို့ လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် လုပ်ငန်း၂၅၈၀ အနက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ လုပ်ငန်း ၃၃ ခုအား တာဝန်ယူဆောက်လုပ်ခဲ့ပြီး လုပ်ငန်း ၂၄၉၁ ခုအား တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်နှံဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရန် ညှိနှိုင်းစာများ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုချက်ပါ တည်ဆောက်ရေးလုပ်ငန်းပေါင်း ၄၈၁၀ အတွက် ငွေကျပ် ၆၂၅၆၃ ဒသမ ၉၃၄ သန်းကို ခွင့်ပြုချက်ရရှိခဲ့ပါကြောင်း။

အဆိုပါအပ်နှံထားသည့် လုပ်ငန်း ၄၈၁၀ အား လစာနှုန်းတိုးမြှင့်သွားခြင်းကြောင့် လစာငွေလိုအပ်ချက်အရ အထွေထွေပိုလျှံ ရန်ပုံငွေသို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ပြန်လည်အပ်နှံထားသည့် လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တင်ဒါရွေးချယ်စိစစ်အတည်ပြုထားသည့် ကုမ္ပဏီများအား ဆက်လက်အပ်နှံသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ မပါဝင်သည့် လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့်စာရင်းတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အဆောက်အဦ တည်ဆောက်လုပ်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနမှ ယခုအခါကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုလုပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကိုသာ တိုက်ရိုက်အပ်နှံပြီး ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးဌာနများကို အကြောင်းကြားစာပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ အပ်နှံဆောင်ရွက်နေပြီဖြစ်ပါကြောင်း။


ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

### ကုန်ကျမည့်ဘတ်ဂျက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာနှစ် တစ်နှစ်စော၍ ကြိုတင်တောင်းခံပြီး ရေးဆွဲထားရန် တိုက်တွန်း

စီမံကိန်းကြီးများမဟုတ်သည့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းလေးများနှင့် ရုံးအဆောက်အအုံလေးများကို ဆောင်ရွက်ခြင်းမပြုဘဲ Architectural Drawing, Structural Drawing တို့သာ ရေးဆွဲအတည်ပြုပြီး ဘတ်ဂျက်တောင်းခံဆောင်ရွက်သွားမည်ဆိုပါက ဘတ်ဂျက်ရရှိသည့်အခါ တင်ဒါလုပ်ငန်းစဉ်များကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် တင်ဒါမခေါ်မီ အရည်အသွေးအာမခံကိုပါ တစ်ပါတည်း ရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဗိသုကာပုံစံ၊ ပုံထုတ်ပုံစံ၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေးအာမခံတို့အတွက် ကုန်ကျမည့်ဘတ်ဂျက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာနှစ် တစ်နှစ်စော၍ ကြိုတင်တောင်းခံပြီး ရေးဆွဲထားရန် တိုက်တွန်းတင်ပြလိုပါကြောင်း၊ ထိုသို့ပြည့်စုံအောင် ဆောင်ရွက်ထားနိုင်မည်ဆိုပါက တင်ဒါခေါ်ယူရာတွင် နှစ်လခန့်သာကြာမြင့်မည်ဖြစ်ပြီး သုံးလအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အချိန်လုံလောက်စွာရရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် လက်ရာကောင်းမွန်ပြီး စံချိန်စံညွှန်းပြည့်မီသော လုပ်ငန်းများကိုရရှိမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးသည့်အခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးစရိတ်များအတွက် ဌာနအလိုက် ဘဏ္ဍာရေးခွင့်ပြုမိန့်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးပါကြောင်း၊ လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားသင့်ပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေးအတွက် တင်ဒါဆိုင်ရာ စာရွက်စာတမ်းများ၊ အဖွဲ့ဖွဲ့စည်းမှုများ၊ စိစစ်တွက်ချက်မှုများ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး လုပ်ငန်းစဉ်များအထိ အချိန်ကို တန်ဖိုးရှိရှိ အသုံးချပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြင်ပကန်ထရိုက်တာများသို့ တင်ဒါခေါ်ယူ၍ ဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းအတွက် နိုင်ငံပိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ၆/၂၀၁၈ တွင် သုံးသပ်တင်ပြထားသည့်အတိုင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကလည်း မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြအစီရင်ခံခဲ့ပါကြောင်း၊ ယခုကြုံတွေ့နေရသည့်ဖြစ်စဉ်မှာ အစိုးရဌာနအချင်းချင်း လုပ်ငန်းအပ်နှံ၊ လက်ခံရာတွင် အချိန်ကိုက်ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ အောက်ခြေသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးမှု အားနည်းခြင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ရခြင်း၊ လုပ်ငန်းအပ်နှံ သဘောတူစာချုပ်များတွင် အားနည်းချက်များရှိခြင်း၊ ငွေပေးချေမှုစနစ်များ အားနည်းချက်ရှိခြင်း စသည့် အချက်များကြောင့်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### လုပ်ငန်းစဉ်များ ပိုမိုလျင်မြန်အောင် ဆောင်ရွက်ရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း ရှင်းလင်းဆွေးနွေး

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်နှံသောလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်မှုမှာ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ဒါခေါ်ယူရာတွင် နောက်အကျဆုံး ချုပ်ဆိုခဲ့သည့်ရက်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကုန်ဆုံးပြီး နောက်ပိုင်းကာလဖြစ်သည့် ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှ ချုပ်ဆိုနိုင်သည်ကို တွေ့ရှိရသည့်အတွက် တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်း စသည့်လုပ်ငန်းစဉ်များ ပိုမိုလျင်မြန်အောင် ဆောင်ရွက်ရန်လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အပ်နှံလုပ်ငန်းများ စုစုပေါင်း၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းသာပြီးစီးသည့်အတွက် လုပ်ငန်းများဆောလျင်စွာ ပြီးစီးရေးနှင့် အရည်အသွေး၊ စံချိန်စံညွှန်း ကိုက်ညီစေရန် တိုက်တွန်းအားပေး ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကသဘောတူလက်ခံရန် အတည်ပြုချက်ရယူရာ လွှတ်တော်ကအတည်ပြုကြောင်းဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၇/၂၀၁၈)ကို ကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ဖတ်ကြားတင်ပြပြီး ကော်မတီဝင် ဒေါ်ထုမေက လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ ဒေါက်တာလှမိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ မိတ်ဆွေများ၊ ဒေါက်တာစံရွှေဝင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ မိတ်ဆွေများ၊ သဇင်လူမှုဖွံ့ဖြိုးရေးအဖွဲ့မှအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ်၊ ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအပါအဝင် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၃၅၂ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

**ကြိုတင်ပေးပို့**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၄၁၂၇၈ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင် ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီညှိနှိုင်း အစည်းအဝေး(၁/၂၀၁၈) ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် ဦးစိုးအောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြားဖြတ်ရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် လေးနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ရှစ်နယ်တို့တွင် နိုင်ငံရေးပါတီပေါင်း ၂၅ ပါတီမှ ကိုယ်စားလှယ် စုစုပေါင်း ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသွားကြမည် ဖြစ်ပါကြောင်း။

**အစီအမံများ**

ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ အကြိုကာလ လုံခြုံရေး၊ မဲဆွယ်စည်းရုံးနေသည့်ကာလ လုံခြုံရေး၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပစဉ်ကာလ လုံခြုံရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြီးနောက် လုံခြုံရေးဟူ၍ ကာလ လေးခု သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကိုထိခိုက်စေမည့် ဖြစ်နိုင်ဖွယ်ရှိသော အလားအလာများကို ကြိုတင်မြော်တွေး၍ လုံခြုံရေး အစီအမံများဆောင်ရွက်ကာ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များအပေါ် အခြေခံ၍ လုံခြုံရေးအစီအမံ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်ကြသူများအားလုံးသည်လည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း စီမံကြရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးသည် အရေးကြီးပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းမှန်များကိုလည်း ထုတ်ပြန်သွားကြရမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းမှု အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲတပ်ဖွဲ့မှူးများက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပစဉ်ကာလ အတွင်း ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးအောင်ဝင်းဦးနှင့် အစည်းအဝေး တက်ရောက်လာသူများက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များက တင်ပြသည့် လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း/အင်အား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂံမြို့ရှိ လောကနန္ဒာဘုရားအနီး မြန်မာ့ရိုးရာအစားအစာပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ရိုးရာ အစားအစာပြပွဲ (၂၀၁၈) ကို ပုဂံမြို့ လောကနန္ဒာဘုရား အနီးတွင် ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် လောကနန္ဒာဘုရားအနီး ခန်းမဆောင်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သံရုံးများမှ သံတမန်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ပြသရောင်းချ**

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဇုန် ကိုးဇုန်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ရှမ်း(တောင်)၊ ကယား၊ မော်လမြိုင်၊ ထားဝယ်၊ ကရင်၊ ကျိုက်ထိုနှင့် မြန်မာနိုင်ငံစားဖိုမှူးအသင်းတို့က ဒေသထွက်ရိုးရာအစားအစာများကို ပြခန်း ၂၆ ခန်းတွင် ခင်းကျင်းပြသရောင်းချသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် ရိုးရာအစားအစာများ ချက်ပြုတ်ပြင်ဆင်ပြသနေမှုကို လေ့လာကြည့်ရှုခဲ့ကြပြီး လောကနန္ဒာဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာလှေပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး စလေမြို့ မန်ကျည်းကန်ရွာတွင် ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၆ ခုနှစ်က စတင်ခဲ့သော မန်ကျည်းကန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကို ဒေသခံပြည်သူများနှင့် ထိတွေ့ဆွေးနွေးခဲ့ပြီး လာမည့်ခရီးသွားရာသီ၌ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြရန်၊ ဈေးနှုန်းများ လျော်ကန်မှုရှိစေရန်၊ ကျေးရွာအတွင်း လှည့်ပတ်သွားလာ၍ လူနေမှုဓလေ့များ လေ့လာရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန်၊ ခရီးသွားဧည့်သည်များ ကျန်းမာရေးစောင့်ရှောက်မှု ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အရန်သင့်ထားရှိနိုင်ရန်တို့အပြင် ကျေးရွာအတွက် လျှပ်စစ်မီးရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒေသခံပြည်သူလူထုအတွက် အချိန်တိုတိုအတွင်း အကျိုးခံစားခွင့်ရရှိမည့် လုပ်ငန်းဖြစ်ကာ လက်ရှိအချိန်ထိ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်ဒေသ စုစုပေါင်း ၂၁ ခု သတ်မှတ်ဖော်ထုတ် ဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ပြီးစီးမှု ခရီးစဉ်ဒေသ ၁၅ ခု၊ ကျေးရွာပေါင်း ၃၈ ရွာတွင် လုပ်ငန်းဆောင်ရွက်နေပြီး ဆက်လက်၍ နေရာ ခြောက်ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၀**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါ မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိ ပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

ကြေးမုံ

ဩဂုတ် ၂၁၊ ၂၀၁၈

# ပန်းကလေးများပွင့်တော့မည်

ဒေါက်တာငွေးအောင်

ကျွန်တော်တို့တစ်တွေ ကလေးတွေ မွေးကြ၊ ကျွေးမွေးပြုစုကြပေမယ့် တစ်ခါတစ်ရံမှာ လုံလောက်တဲ့ အကာအကွယ်တွေ မပေးနိုင်လို့ ကလေးတွေ ထိခိုက်ရ၊ သေရာပါဒဏ်ရာတွေရကြ၊ အသက်ဆုံးရှုံးရတတ်တာတွေ ရှိတတ်ပါတယ်။ မွေးရုံ၊ ကျွေးရုံတင်မဟုတ်ဘဲ စနစ်တကျ ပြုစုပျိုးထောင်နိုင်ဖို့ဆိုရာမှာ သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုလည်း ရအောင်လုပ်ပေးဖို့ လိုတာမို့ ဘယ်လိုအခွင့်အရေးတွေ ရှိနေတယ်ဆိုတာ၊ ဘယ်လိုကာကွယ်ပေးရမယ်ဆိုတာ သိနိုင်အောင် တင်ပြလိုက်ပါတယ်။

**အကျုံးဝင်**

ဦးဆုံးပြောလိုတာကတော့ ကလေးလို့ဆိုတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်တွေအရ အသက် ၁၈ နှစ်အောက် မည်သူမဆို အကျုံးဝင်ပါတယ်။ ဒီလိုသတ်မှတ်ရာမှာ သူတို့ရဲ့ အိမ်ထောင်ရေးအခြေအနေ (အိမ်ထောင်ရှိ၊မရှိ)၊ မသန်စွမ်းမှု၊ မျိုးနွယ်၊ ဒေသဆိုင်ရာ ပြဋ္ဌာန်းချက်တွေ၊ သတ်မှတ်ချက်တွေအရ ဘယ်လိုပဲဖြစ်ဖြစ် ၁၈ နှစ်အောက် ရှိနေသူအားလုံး အကျုံးဝင်ပါတယ်။

ကလေးတွေကို အဓိကအားဖြင့် အကာအကွယ်ပေးရမယ့် ကိစ္စကတော့ ကလေးကို နှိပ်စက်ညှဉ်းပန်းခြင်းဆိုတဲ့ကိစ္စပါပဲ။ ကလေးကို နှိပ်စက်ညှဉ်းပန်းတယ်လို့ ဆိုရာမှာ အဓိကအားဖြင့် နယ်ပယ်ကြီး ငါးခု ထပ်ခွဲထားကြ၊ သတ်မှတ်ထားကြပါတယ်။ အဲဒါတွေကတော့ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ကိုယ်ကျိုးရှာ အမြတ်ထုတ်ခြင်း၊ ခံစားမှုပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းနဲ့ လျစ်လျူရှုခြင်းတို့ ဖြစ်ပါတယ်။ တစ်ခုချင်းအတွက် အသေးစိတ်ဆက်ရှင်းပြသွားပါ့မယ်။

ပထမဆုံး လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းလို့ဆိုရာမှာ ကလေးတစ်ယောက်ကို လိင်ပိုင်းဆိုင်ရာ ကိစ္စတွေမှာ ပါဝင်စေဖို့ ဖိအားပေးတာ၊ သွေးဆောင်ဖြားယောင်းတာတွေကို ဆိုလိုပါတယ်။ ဒီနေရာမှာ ကလေးဖြစ်သူက သူလုပ်နေရတဲ့ကိစ္စကို ဘာလုပ်နေတာမှန်း သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ နှိပ်စက်ညှဉ်းပန်းတယ်လို့ ဆိုနိုင်ပါတယ်။ လိင်ကိစ္စ နှိပ်စက်ညှဉ်းပန်းခြင်းလို့ဆိုရာမှာ မတော်ရာကို ကိုင်တွယ်တာ၊ ကလေးရဲ့ လိင်ပိုင်းဆိုင်ရာကို ဗီဒီယို၊ ဓာတ်ပုံမှတ်တမ်းတင်တာ၊ ကလေးကို လိင်ကိစ္စတွေမှာ ပါဝင်အောင် အားပေးတာတွေပါ ပါဝင်ပါတယ်။

**ပိုပြီးပြင်းထန်**

ကလေးသူငယ်တွေကို ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်း ဆိုတာကတော့ ပိုပြီးပြင်းထန်ပါတယ်။ လိင်ပိုင်းဆိုင်ရာ ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်း အနေနဲ့ ကလေးတွေကို လူကုန်ကူးတာ၊ သင့်တင့်လျှောက်ပတ်တဲ့ လုပ်အားခ မပေးဘဲ ခိုင်းစေတာ၊ လိင်လုပ်သားအနေနဲ့ ခိုင်းစေတာ၊ အစားအစာ၊ အထောက်အပံ့ရဖို့အတွက် ကလေးတွေက လိင်ဆက်ဆံခွင့်ပေးရတာတွေ အထိ ပါဝင်ပါတယ်။ စီးပွားရေးဆိုင်ရာ ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်း အနေနဲ့ကတော့ ကလေးလုပ်သားကိစ္စတွေ၊ ကလေးစစ်သားကိစ္စတွေ၊ အခိုင်းအစေ လုပ်ခိုင်းတာတွေနဲ့ အန္တရာယ်များတဲ့ ကိစ္စတွေမှာ ကလေးတွေကို အသုံးချ စီးပွားရှာတာတွေ ပါဝင်ပါတယ်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါး ရောင်းဝယ်တဲ့ ကိစ္စတွေမှာ ကလေးတွေကို အသုံးချတာမျိုးပါ။

ဆက်လက်ပြီး ခံစားမှုပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းဆိုတာ ဘာတွေလဲ ရှင်းပြပါရစေ။ ကလေးကို တစ်ချိန်လုံး ခြိမ်းခြောက်နေတာ၊ လုံးဝအသုံးမကျဘူး ဘာညာဆိုပြီး ပြစ်တင်နေတတ်တာ၊ နာမည်ပြောင်ခေါ်ပြီးနှိမ့်ချတာ၊ လှောင်ပြောင်သရော်တာ၊ ကလေးအတွက် မဖြစ်နိုင်တဲ့ ရည်မှန်းချက်တွေထားပြီး ရည်မှန်းချက်အတိုင်း မဖြစ်လာတဲ့အခါ ကလေးကို ပြစ်ဒဏ်ပေးတာ၊ ကလေးကို ဘယ်သူတွေနဲ့မှ ပေးမတွေ့ဘဲ သီးခြားထားတာနဲ့ အရပ်ထဲက အကြမ်းဖက်မှုတွေကို ကလေးတွေကို ပေးကြည့်တာတွေဟာ ခံစားမှုပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းတွေပါပဲ။

**ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း**

ရုပ်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း ဆိုတာတွေကတော့ ရှင်းပါတယ်။ လက်နဲ့၊ တုတ်နဲ့၊ တခြားပစ္စည်းတစ်ခုခုနဲ့ ထိခိုက်နာကျင်အောင်လုပ်တာ၊ အပူလောင်စေတာ၊ မကျန်းမာအောင် တမင်ပြုလုပ်တာ၊ ရေနွေးပူလောင်းတာတွေကအစ အဓမ္မပြုကျင့်ခံရတာအဆုံး အကုန်လုံးပါဝင်ပါတယ်။ ဒီနေရာမှာ နာကျင်စေလိုစိတ်နဲ့လုပ်မှ နှိပ်စက်တယ်လို့မယူဘဲ တစ်ခါတလေမှာ ချစ်လို့ ပါးလေးကိုလိမ်ဆွဲတာ၊ ပင်လယ်ကြီးကြည့်ရအောင်ဆိုပြီး နားရွက်နားကဆွဲမတာမျိုးတွေကိုပါ အကျုံးဝင်တယ်လို့ ဆိုပါတယ်။ နောက်ဆုံး လျစ်လျူရှုခြင်းနဲ့ အကျုံးဝင်တာတွေကို ရှင်းပါရစေ။ ကလေးရဲ့ ရုပ်ပိုင်းဆိုင်ရာ ဒါမှမဟုတ် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကိုမပေးဘဲ လျစ်လျူရှုထားတာကို ဆိုလိုပါတယ်။ ဥပမာ သူစားဖို့အစားအစာ၊ နေဖို့နေရာ၊ ဝတ်ဖို့အဝတ်အစားတွေကို လုံလုံလောက်လောက် ထောက်ပံ့မပေးလို့ အဲဒီကလေးမှာ ကျန်းမာရေးအတွက်၊ သူရဲ့ကြီးထွားဖွံ့ဖြိုးမှုအတွက် ထိခိုက်စေတာမျိုးတွေကို ဆိုလိုပါတယ်။ အခွင့်အရေးရှိပါရက်နဲ့ ပညာသင်ခွင့်မပေးတာ၊ ပြုစုပျိုးထောင်ပေးဖို့လိုအပ်တဲ့ စိတ်ဓာတ်ခွန်အားပိုင်းဆိုင်ရာ ထောက်ပံ့မှုတွေ မပေးတာ၊ တွေးခေါ်နိုင်မှုကို ကန့်သတ်လိုက်တာ (ဒီကိစ္စနင်သိစရာမလိုဘူး၊ ကလေးက ကလေးလိုနေစမ်း ဆိုတာမျိုး)၊ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို မပေးတာတွေကလည်း လျစ်လျူရှုရာ မြောက်တယ်လို့ သိရပါတယ်။ ကလေးတစ်ယောက်အတွက် အန္တရာယ်ရှိတဲ့ ကိစ္စတွေကို ခိုင်းစေရင်လည်း အကျုံးဝင်ပါသေးတယ်။ ကလေးကို ထမင်းအိုးတည်ခိုင်းတာ၊ ရေနွေးအိုးတည်ခိုင်းတာ၊ ကလေးဆော့ကစားတဲ့ နေရာနားမှာ ဘေးဖြစ်စေတတ်တဲ့ ပစ္စည်းတွေထားတာမျိုး၊ အန္တရာယ်ရှိတဲ့နေရာတွေမှာ ကလေးကို ကစားခိုင်းတာမျိုး (မီးဖိုချောင်ထဲမှာ၊ အမြင့်မှာ၊ လှေကားနားမှာ) တွေလည်း ရှောင်ဖို့လိုပါတယ်။ ခေတ်ပေါ်အန္တရာယ်တစ်ခုအနေနဲ့ တခြားအမျိုးသားဆီမှာ ကလေးထိန်းခိုင်းထားတာ၊ ညဥ့်အိပ်ညဥ့်နေ နေခိုင်းတာ၊ အတူခရီးသွားခိုင်းတာ၊ အရက်ဆိုင်မှာ ကလေးကို အရက်ဝယ်ခိုင်းတာတွေလည်း သတိထားရှောင်ရမယ့် ကိစ္စတွေပါ။

နှိပ်စက်ညှဉ်းပန်းခြင်းတွေက အထက်မှာပြောခဲ့သလို ငါးမျိုးရှိနေပေမယ့် နှိပ်စက်ညှဉ်းပန်းခြင်း တစ်မျိုးမျိုးရှိနေပြီဆိုရင် တခြားနှိပ်စက်ညှဉ်းပန်းခြင်းတွေလည်းဖြစ်လာဖို့ အခွင့်အလမ်း ပိုများလာပါတယ်။ သတိထားကြဖို့ပါ။ နှိပ်စက်ညှဉ်းပန်းခံရတဲ့ ကလေးတွေမှာ တွေ့ရတတ်တဲ့ လက္ခဏာတွေကို ဆက်ပြီးဆွေးနွေးချင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ လက္ခဏာတွေကတော့ အညို အမည်းစွဲနေတာ၊ အရိုးကျိုးတာ၊ ဘာကြောင့်မှန်းမသိဘဲ ရတဲ့ဒဏ်ရာတွေ၊ သွားကိုက်ဒဏ်ရာ၊ အပူလောင်ဒဏ်ရာ၊ အထိုင်အထနဲ့ လမ်းလျှောက်ရင် နာကျင်နေပုံရတာ၊ ကာလသားရောဂါ ကူးစက်ခံရတာ၊ ကိုယ်ဝန်ရှိနေတာ၊ အိပ်ရာထဲ ဆီးသွားတာတွေ ဖြစ်နိုင်ပါတယ်။ အပြုအမူပိုင်းဆိုင်ရာ တွေ့နိုင်တဲ့ ထူးခြားချက်တွေ၊ လက္ခဏာတွေကတော့ အမူအကျင့် ပြောင်းလာတာ (ဒေါသကြီးလာတယ်၊ အကြမ်းဖက်လာတယ်၊ ပိုပြီးရှက်တတ်လာတယ်၊ ဝန်းကျင်နဲ့ အထိအတွေ့ နည်းလာတယ်)၊ အကြောင်းမရှိဘဲ ငိုငိုနေတာ၊ တချို့လူတွေကို ရှောင်ရှောင်နေတာ၊ လုပ်နေကျ အလုပ်တွေကိုမလုပ်တော့တာ၊ အိမ်ကိုမပြန်ချင်တော့တာ၊ အိမ်ကနေထွက်ပြေးတာ၊ ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် လုပ်တာနဲ့ ကျောင်းတွေပျက်လာတာမျိုးတွေ ဖြစ်ပါတယ်။ ဒီလိုရုပ်ပိုင်းဆိုင်ရာနဲ့ ခံစားမှုပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခံရတဲ့ လက္ခဏာတွေတွေ့ရရင်တော့ ရဲနဲ့ ဆရာဝန်တွေဆီကို သတင်းပို့ အကြောင်းကြားရပါမယ်။

**အဘက်ဘက်က နစ်နာထိခိုက်**

တစ်နည်းနည်းနဲ့ နှိပ်စက်ညှဉ်းပန်းခံရတဲ့ ကလေးတွေဟာ အဘက်ဘက်က နစ်နာထိခိုက်ခံကြရပါတယ်။ လူမှုဆက်ဆံရေးအပိုင်းမှာ အဲဒီကလေးတွေဟာ ရောရောနှောနှော မနေတတ်ကြတော့ပါဘူး။ လိမ်ပြောတာ၊ ခိုးဝှက်တာတွေကိုလည်း လုပ်တတ်လာကြပါတယ်။ တချို့လူ၊ တချို့အခြေအနေတွေကို ကြောက်နေတတ်တယ်။ စိတ်ပိုင်းဆိုင်ရာအပိုင်းမှာ သူတို့တစ်တွေဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကင်းမဲ့နေတတ်တယ်။ အကြောင်းမဲ့ ကြောက်လန့်နေတာ၊ စိုးရိမ်စိတ်များနေတာ၊ စိတ်ဓာတ်ကျတာတွေကိုလည်း တွေ့ရတတ်တယ်လို့ ဆိုပါတယ်။ ဖွံ့ဖြိုးမှုအပိုင်းမှာလည်း ဘာသာစကားပိုင်းမှာ ဖွံ့ဖြိုးမှုအားနည်းတာ၊ ငယ်ငယ်တုန်းကလို အိပ်ရာထဲ ဆီးသွားတာ၊ လက်မစုပ်တာမျိုးတွေ ပြန်လုပ်လာတာနဲ့ ပညာရေးကိစ္စတွေမှာ တိုးတက်မှု၊ ဖွံ့ဖြိုးမှုမရှိတာတွေ ရှိနိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာအပိုင်းမှာ ထိခိုက်ခံရတာတွေကတော့ ဒဏ်ရာတွေ၊ အမာရွတ်တွေကအစ၊ အရိုးကျိုးတာ၊ ကာလသားရောဂါတွေ ကူးစက်ခံရတာ၊ မသန်မစွမ်း ဖြစ်ရတာတွေ အလယ်၊ ကိုယ်ဝန်ရတာ၊ သေဆုံးတာတွေအဆုံး အမျိုးမျိုး ထိခိုက်နိုင်ပါတယ်။

**ကလေးဘဝကရတဲ့ အမာရွတ်**

တကယ်တော့ ထိခိုက်မိပြီဆိုရင် ပြန်လည်ကုစားရတာ အတော်ခက်ပါတယ်။ အနည်းဆုံး အမာရွတ်လေးစမ်းမိရင် ပြန်သတိရ၊ ပြန်ခံစားရတတ်ကြတာပါ။ စိတ်ထဲက အမာရွတ်ဆိုရင် ပိုပျောက်နိုင်ခဲပါတယ်။ ပိုကောင်းတာက ကာကွယ်တာပါပဲ။ ကလေးတွေအတွက် သူတို့ရဲ့ မိဘတွေသာမက ပြည်သူလူထုတစ်ရပ်လုံးက ဒီကိစ္စတွေမှာ နားလည်သဘောပေါက်နေကြဖို့ လိုပါတယ်။ ကရုဏာဒေါသောပဲ ဖြစ်ဖြစ်၊ စေတနာမှန်ရင်ပြီးရော ဆိုပြီးတော့ပဲ ဖြစ်ဖြစ် အထက်ကကိစ္စတွေကို ကျူးလွန်လို့မရပါဘူး။ ငါ့အဖေကိုကိုက်တဲ့ခြင် သေပေတော့ဆိုပြီး ပုဆိန်နဲ့ကောက်ထုတတ်တဲ့ သားတော်မောင်ရဲ့ စေတနာမျိုး မဖြစ်ဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ကလေးဘဝကရတဲ့ အမာရွတ်ဟာ သူကြီးလာရင် ပိုကြီးလာတတ်လို့ပါ။

ဒီတော့ ဘယ်လိုကိစ္စတွေဟာ ကလေးတွေအတွက် နှိပ်စက်ညှဉ်းပန်းရာ ရောက်တယ်ဆိုတာကို အများသိအောင် လုပ်ကြရပါမယ်။ ပြောရမယ်ဆိုရင် ဒီဆောင်းပါးကလည်း အများသိအောင်လုပ်တဲ့ နည်းလမ်းတစ်ခုပါ။ သိကြပြီဆိုရင် လိုက်နာကြအောင် လေ့ကျင့်၊ ပညာပေး၊ စောင့်ကြည့်ကြရပါမယ်။ တချို့ကိုလည်း စည်းရုံးကြရပါမယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်၊ တိုင်းပြည်ရဲ့ အနာဂတ်ကို လက်လွှဲခဲ့ရမယ့် ဒီနေ့ကလေးတွေ ရုပ်ပိုင်းရော စိတ်ပိုင်းပါ ကောင်းမွန်စွာဖွံ့ဖြိုးနိုင်အောင်၊ သူတို့တစ်တွေ နှိပ်စက်ညှဉ်းပန်းခြင်းဘေး အထွေထွေက ကင်းဝေးအောင် လုပ်ဆောင်သင့်ကြပါကြောင်း နှိုးဆော်လိုက်ရပါတယ်။ ။

> ❛ကလေးကို တစ်ချိန်လုံး ခြိမ်းခြောက်နေတာ၊ လုံးဝအသုံးမကျဘူး ဘာညာဆိုပြီး ပြစ်တင်နေတတ်တာ၊ နာမည်ပြောင်ခေါ်ပြီးနှိမ့်ချတာ၊ လှောင်ပြောင်သရော်တာ၊ ကလေးအတွက် မဖြစ်နိုင်တဲ့ ရည်မှန်းချက်တွေထားပြီး ရည်မှန်းချက်အတိုင်း မဖြစ်လာတဲ့အခါ ကလေးကို ပြစ်ဒဏ်ပေးတာ၊ ကလေးကို ဘယ်သူတွေနဲ့မှ ပေးမတွေ့ဘဲ သီးခြားထားတာနဲ့ အရပ်ထဲက အကြမ်းဖက်မှုတွေကို ကလေးတွေကို ပေးကြည့်တာတွေဟာ ခံစားမှုပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်းတွေပါပဲ❜

## ဒုတိယအကြိမ် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ ဒုတိယအကြိမ် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသား ကျောင်းသူ လူငယ်အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်ခေါင်းဆောင်များဖြစ်သည့် ကျောင်းသား ကျောင်းသူ လူငယ်အသိပညာရှင်၊ အတတ်ပညာရှင်များအတွက် လိုအပ်သည့် အရည်အသွေးများအနက် ဘာသာစကားစွမ်းရည်သည်အရေးကြီးကြောင်း၊ သို့ဖြစ်၍အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြရမည့် ကျောင်းသား ကျောင်းသူ လူငယ်များအတွက် မြန်မာဘာသာစကားစွမ်းရည်သည် အထူးပင်အရေးကြီးကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရန်အတွက် နိုင်ငံတကာသုံး ဘာသာစကားဖြစ်သည့်အင်္ဂလိပ်ဘာသာစကားထက်မြက်ရန် အရေးကြီးသကဲ့သို့ နိုင်ငံတော်၏ ရုံးသုံး၊ ကျောင်းသုံး အမျိုးဘာသာစကားဖြစ်သည့် မြန်မာဘာသာစကားစွမ်းရည် ထက်မြက်ရန်အရေးကြီးကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာကဏ္ဍ ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်ဘာသာစကားစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခဲ့သလို မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲများကို ယမန်နှစ်က စတင်ကျင်းပပေးခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ အရွတ်၊ အဖတ် စွမ်းရည် (ရသစာတမ်းဖတ်) ပြိုင်ပွဲနှင့် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ အပြောစွမ်းရည်(ကျပန်းစကားပြော)ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ (ဗဟိုအဆင့်)သို့ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဩဂုတ် ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သုံးခွ၌ လေပြင်းတိုက်၍ နေအိမ်သုံးလုံးပြို

**သုံးခွ ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ထုံးကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာနှင့် ဖွဲ့ထော်ကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာတို့၌ ယနေ့နံနက်ပိုင်းက လေပြင်းတိုက်ခတ်ခံရမှုကြောင့် နေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ်၊ ဘုန်းတော်ကြီးကျောင်းနတ်လမ်း အမိုးလန်သွားကြောင်း သိရသည်။

လေပြင်းတိုက်ခံရမှုကြောင့် ထုံးကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း အိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ပြီး သွပ်မိုး၊ ပျဉ်ထောင်အိမ်လေးလုံး၊ သွပ်မိုး၊ အုတ်ညှပ်အိမ် နှစ်လုံး၊ သွပ်မိုး ထရံကာအိမ် ငါးလုံး အမိုးလန်ခဲ့သည်။

အလားတူ ဖွဲ့ထော်ကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာတွင်လည်း လေပြင်းတိုက်မှုကြောင့် သွပ်မိုး၊ ပျဉ်ထောင်အိမ်သုံးလုံး အမိုးလန်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# အသစ်တစ်ဖန် ဖွဲ့စည်းဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ဒေါက်တာသီတာတင်

**မကြာမီကာလအတွင်း သက်တမ်းကုန်ဆုံးတော့မယ့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနေရာမှာ တာဝန်ယူဆောင်ရွက်ကြမယ့် သတင်းမီဒီယာကောင်စီဝင် အသစ်များ ရွေးချယ်ပွဲကို ပြီးခဲ့တဲ့ စနေနေ့၊ ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲမှာ ရန်ကုန်မြို့ရှိ Chatrium Hotel မှာ ကျင်းပခဲ့ပါတယ်။**

ဒီဆောင်းပါးရေးရခြင်းရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အသစ်များကို ကြိုဆိုရင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဘယ်လို ဖွဲ့စည်းဖြစ်ပေါ်လာတယ်ဆိုတာကို သိရှိနိုင်စေရန် ရည်ရွယ်ပြီး ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဥပဒေဆိုင်ရာ သိမြင်နားလည်မှု ( Legal Awareness) ပေးဖို့လည်းရည်ရွယ်ပါတယ်။

## ရည်ရွယ်ချက်

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဆိုတာဟာ ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့သတင်းမီဒီယာဥပဒေ၊ ၂၀၁၅ ခုနှစ်မှာ ထုတ်ပြန်လိုက်တဲ့ သတင်းမီဒီယာနည်းဥပဒေများအရပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေ အခန်း(၂)၊ ပုဒ်မ ၃ မှာဥပဒေပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်များဖော်ပြထားတာကို အများပြည်သူသိရှိနိုင်ဖို့ ဥပဒေပါအတိုင်း ဖော်ပြလိုက်ပါတယ်။

**ပုဒ်မ ၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်းလွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်။

## တစ်ခုတည်းသော ကောင်စီ

ဒီလို ရည်ရွယ်ချက်ကောင်းတွေ ဖြစ်ထွန်းလာစေဖို့ အဓိက အခန်းကဏ္ဍကနေပါဝင်တဲ့အဖွဲ့အစည်းဖြစ်လို့ အရေးပါတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် တွေ့ရမှာ ဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၂ အရ ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ လွတ်လပ်စွာဆောင်ရွက်နိုင်တဲ့ တစ်ခုတည်းသော ကောင်စီဖြစ်ပြီး ကောင်စီမှာ ကောင်စီဝင်ဦးရေ အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၀ ပါဝင်နိုင်တယ်လို့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ) မှာ ပြဋ္ဌာန်းပါရှိပါတယ်။

ဒီပုဂ္ဂိုလ်တွေကတော့ ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ခွင့်ကို ပုဒ်မ ၁၃ ပုဒ်မခွဲ (က) မှာ ပြဋ္ဌာန်းထားသလို ကျန်ကောင်စီဝင်များဖြစ်တဲ့ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ လူထုအဖွဲ့အစည်းများက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်များပါဝင်ခွင့်ကို ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)နဲ့ (ဂ) တို့မှာ ပြဋ္ဌာန်းပါရှိပါတယ်။

## ကိုယ်စားလှယ် သုံးဦးမှအပ

သတင်းမီဒီယာနည်းဥပဒေရဲ့ နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (က) အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်သုံးဦးမှအပ ကျန်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ အစုအဖွဲ့များမှ ရွေးချယ်နိုင်ဖို့အတွက် သတင်းမီဒီယာကောင်စီဝင် ရွေးချယ်ရေးအဖွဲ့ကို နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က) နဲ့ (ခ)အရ အဖွဲ့ဝင်ကိုးဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။

ဆိုလိုရင်းကတော့ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပုဂ္ဂိုလ်တစ်ဦးစီ အဆိုပြု (Nomination) ခွင့်ရှိထားတဲ့အတွက် စုစုပေါင်း ပုဂ္ဂိုလ် သုံးဦးကို ကောင်စီဝင်များအဖြစ် အမည်စာရင်းပေးခြင်း ဖြစ်ပါတယ်။

## ထုတ်ပြန်ခဲ့

ဒါကြောင့် ကျန်ကိုယ်စားလှယ်လောင်းများကတော့ သက်ဆိုင်ရာအစုအဖွဲ့များအတွင်း မဲပေးရွေးချယ်ခံရလို့ပဲဖြစ်ဖြစ်၊ အစည်းအဝေးဆုံးဖြတ်ချက်အရဖြစ်ဖြစ် ကိုယ်စားလှယ်လောင်းအဖြစ်ရောက်ရှိလာကြသူများနဲ့ တစ်ဦးတည်းကိုယ်စားလှယ်များ (တစ်သီးပုဂ္ဂလများ)အဖြစ်ဝင်ရောက်အရွေးခံလိုသူများဖြစ်တဲ့အတွက် သူတို့ကိုရွေးချယ်ဖို့လိုအပ်တဲ့ စည်းမျဉ်းများသတ်မှတ်နိုင်ဖို့ ကောင်စီဝင်ရွေးချယ်ရေးအဖွဲ့ဝင်များနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား တိုင်ပင်ဆွေးနွေးကြသလို လက်ရှိမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနဲ့ ညှိနှိုင်းမှုများရယူကာ (၁/၂၀၁၈) ကို ထုတ်ပြန်ခဲ့ပါတယ်။

ဒီထုတ်ပြန်ချက်မှာ ဖော်ပြထားတဲ့အချက်တွေကတော့ ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလို့ မရတဲ့အခြေအနေများ၊ အစုအဖွဲ့များမှ ရရှိနိုင်တဲ့ ကောင်စီဝင်အရေအတွက် (quota) နဲ့ ကိုယ်စားလှယ်လောင်းများ အချင်းချင်းမဲပေးမှုပုံစံတွေကို ဖော်ပြပါရှိပါတယ်။

## ကြိုတင်ကြေညာ

ရွေးချယ်ရေးအဖွဲ့အနေနဲ့ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံလိုသူများ အမည်စာရင်းကို တင်သွင်းပေးဖို့ ကြေညာရန်နဲ့ စတင်ကြေညာတဲ့နေ့ကနေ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ထံတင်ပြရမယ်ဆိုတဲ့အချက်ကို နည်းဥပဒေ ၈၊ နည်းဥပဒေခွဲ (က)(ခ) တို့မှာ ပြဋ္ဌာန်းပါရှိတဲ့အတွက် အဖွဲ့က ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှာ ကြေညာခဲ့ပြီးတင်ပြရမယ့် နောက်ဆုံးရက်နဲ့အချိန်ကို ဇူလိုင်လ ၂၀ ရက် ညနေ ၄ နာရီ သတ်မှတ်ထားခဲ့ပါတယ်။

ဇူလိုင် ၁၉ ရက်နေ့က အာဇာနည်နေ့ပိတ်ရက်ဖြစ်လို့ ၂၀ ရက်နေ့လို့ သတ်မှတ်လိုက်ရပါတယ်။ အဖွဲ့ကို တင်ပြလာတဲ့ ကိုယ်စားလှယ်လောင်းတွေ သတ်မှတ်အရည်အချင်းတွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ၊ လိုအပ်တဲ့ စာရွက်စာတမ်း အချက်အလက်တွေ ပါ၊ မပါကို ရွေးချယ်ရေးအဖွဲ့က စိစစ်ကြရပါတယ်။ အဲဒီနောက် သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီမှုရှိတဲ့ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (က)အရ ကြိုတင်ကြေညာပေးခဲ့ပါတယ်။

> ❛သတင်းမီဒီယာနည်းဥပဒေရဲ့ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က)အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က အဆိုပြုတဲ့ ကိုယ်စားလှယ် သုံးဦးမှအပ ကျန်ကိုယ်စားလှယ်လောင်းတွေကို သက်ဆိုင်ရာအစုအဖွဲ့များက ရွေးချယ်နိုင်ဖို့အတွက် သတင်းမီဒီယာကောင်စီဝင် ရွေးချယ်ရေးအဖွဲ့ကို နည်းဥပဒေ ၅၊ နည်းဥပဒေခွဲ (က) နဲ့ (ခ)အရ အဖွဲ့ဝင်ကိုးဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။❜

## နောက်ဆုံးထားပေးပို့

ရွေးချယ်ရေးအဖွဲ့အနေနဲ့ သတင်းမီဒီယာ ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)မှာပါတဲ့ အဆိုပြုတဲ့ ကိုယ်စားလှယ်တွေနဲ့ ပုဒ်မခွဲ (ဂ)ပါတဲ့ ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေကို ကောင်စီဝင်အဖြစ် ရွေးချယ်ပေးဖို့ ဩဂုတ်လ ၁၈ ရက်နေ့ကို ရွေးချယ်ပွဲ ကျင်းပမယ့်နေ့အဖြစ် နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ခ) နဲ့အညီ သတ်မှတ်ကြေညာခဲ့ပါတယ်။ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ နည်းလမ်းနဲ့ ကိုယ်စားလှယ်လောင်း ၅၂ ဦးအနက် တစ်ဦးပျက်ကွက်တဲ့အတွက် ကျန် ၅၁ ဦးက အချင်းချင်းဆန္ဒမဲများ ပေးခဲ့ကြပါတယ်။ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) အရ ကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်လိုလျှင် ရွေးချယ်ပွဲကျင်းပတဲ့နေ့ကစပြီး ခုနစ်ရက်အတွင်း ရွေးချယ်ရေးအဖွဲ့ဆီကို တင်ပြနိုင်တယ်လို့ပြဋ္ဌာန်းထားတဲ့အတွက် ဩဂုတ်လ ၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရပါမယ်။

ဆိုလိုရင်းကတော့ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းတွေ၊ သတင်းအေဂျင်စီတွေမှ ကိုယ်စားလှယ်လောင်း၊ ပုံနှိပ်ထုတ်ဝေသူများအသင်းမှ ကိုယ်စားလှယ်လောင်း၊စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းမှ ကိုယ်စားလှယ်လောင်း၊ စာရေးဆရာ အဖွဲ့အစည်းတွေမှ ကိုယ်စားလှယ်လောင်းတွေ၊ ကာတွန်းရုပ်ပြဆရာ အဖွဲ့အစည်းတွေမှ ကိုယ်စားလှယ်လောင်း၊ လူမှုရေးစီးပွားရေးစာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်တွေပါဝင်တဲ့ လူထုအဖွဲ့အစည်းများက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်လောင်းတွေ အားလုံးပေါင်းလိုက်ရင် ကိုယ်စားလှယ်လောင်း ၂၆ ဦးနဲ့ ပတ်သက်ပြီး ကန့်ကွက်လိုပါက ကန့်ကွက်ခွင့်ပေးထားခြင်းဖြစ်ပါတယ်။

နောက်ဆုံး တင်ပြချင်တာကတော့ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ ရွေးကောက်ပွဲအပြီးမှာ ကောင်စီဝင် သုံးဦး (နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသူပုဂ္ဂိုလ်တွေ) နဲ့ ကိုယ်စားလှယ်လောင်း ၂၆ ဦးတို့ရဲ့ အမည်စာရင်းများရရှိပြီးဖြစ်ပါကြောင်းနဲ့ နည်းဥပဒေ ၁၄ အရ သတင်းမီဒီယာကောင်စီဝင်အသစ်များ ဖြစ်လာကြမယ့် ပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ ရှေ့မှောက်မှာ ကတိသစ္စာပြုကြရမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းကို ဒီဆောင်းပါးနဲ့ ကြိုတင်ဂုဏ်ပြုလိုက်ရပါတယ်။ ။

> ❛ဩဂုတ်လ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ ရွေးကောက်ပွဲအပြီးမှာ ကောင်စီဝင်သုံးဦး (နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသူ ပုဂ္ဂိုလ်တွေ)နဲ့ ကိုယ်စားလှယ်လောင်း ၂၆ ဦးတို့ရဲ့ အမည်စာရင်းများ ရရှိပြီး ဖြစ်ပါကြောင်းနဲ့ နည်းဥပဒေ ၁၄ အရ သတင်းမီဒီယာကောင်စီဝင်အသစ်များ ဖြစ်လာကြမယ့် ပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ ရှေ့မှောက်မှာ ကတိသစ္စာပြုကြရမှာ ဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းကို ဒီဆောင်းပါးနဲ့ ကြိုတင်ဂုဏ်ပြုလိုက်ရပါတယ်။❜

## ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေ လျှောက်ထားမှု(စာချွန်တော်) လေးမှု စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသာဌေးနှင့် ဦးမြသိမ်းတို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းလက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Shri Atal Bihari Vajpayee ကွယ်လွန်ခြင်းအတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၌ ဝမ်းနည်းကြောင်းမှတ်တမ်းတွင် ယနေ့နံနက် ၁၁ နာရီက လက်မှတ်ရေးထိုးသည်။

**သတ်မှတ်ထား**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Shri Atal Bihari Vajpayee သည် ဩဂုတ် ၁၆ ရက်တွင် နယူးဒေလီမြို့ All India Institute of Medical Science (AIIMS)ဆေးရုံတွင် ကွယ်လွန်သွားခြင်းဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်းအား လေးစားသောအားဖြင့် အိန္ဒိယသမ္မတနိုင်ငံတွင် ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အထိ နိုင်ငံတော်အဆင့် ရက်သတ္တပတ် ဝမ်းနည်းကြေကွဲခြင်းရက်များအဖြစ် သတ်မှတ်ထားသည်။

**ဖွင့်လှစ်ထားမည်**

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတွင် လာရောက်ဂါရဝပြုလိုသူများ ဝမ်းနည်းခြင်းမှတ်တမ်းရေးထိုးနိုင်ရန်အတွက် ဩဂုတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုလျော့ပါးစေရေး ရေတိုရေရှည်စီမံချက် ရေးဆွဲဆောင်ရွက်ရမည်

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကကြီးမှူးပြီး မြန်မာနိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံမှု လျော့ပါးစေရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ကော်မတီဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြုပြင်ဆောင်ရွက်ရန်လို**

အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ၂၀၁၈ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်တွင် မိုးရွာသွန်းမှုနှင့် ဒီရေမြင့်တက်လာမှုကြောင့် ပဲခူးမြို့၊ ဘီးလင်းမြို့၊ ဘားအံမြို့များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုအခက်အခဲများ ပြေလည်စေရန် အဓိကဦးစားပေးဆောင်ရွက်ရမည့်နေရာ သုံးနေရာရှိကြောင်း၊ ယင်းတို့မှာ မန္တလေး-မြစ်ကြီးနား ရထားလမ်းတွင် (ကောလင်းမြို့နယ်ရှိ ဒေါင်းမြူးချောင်း)၊ ရန်ကုန်-မန္တလေး ရထားလမ်းနှင့်ကားလမ်းတွင် (ပဲခူးမြို့နယ်ရှိ ပဲခူးမြစ်)နှင့် ရန်ကုန်-မော်လမြိုင်ရထားလမ်းနှင့် ကားလမ်းတွင် (ဘီးလင်းမြို့နယ်ရှိ ဘီးလင်းမြစ်)များဖြစ်ပြီး အဆိုပါမြစ်ချောင်းများအား ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိအစိုးရ တာဝန်ယူခဲ့သည့်အချိန်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေး၊ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းပေါင်း ၄၉၈ နေရာ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။



**လျာထားလျက်ရှိ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရေကြီးရေလျှံမှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ရာမှာ ရေတိုရေရှည်စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရေတိုစီမံချက် ၁၇ ချက်နှင့် ရေရှည်လုပ်ငန်းစီမံချက် ခုနစ်ချက်ကို လျာထားလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးမှ ရေကြီးရေလျှံမှု လျော့ပါးစေရေးအတွက် အဓိကနေရာများဖြစ်သော ကောလင်းမြို့ ဒေါင်းမြူးချောင်း၊ ပဲခူးမြို့၊ ဘီးလင်းမြို့၊ ဘားအံမြို့နှင့် စစ်တောင်းမြစ် ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများအား လာမည့် သုံးနှစ်အတွင်း ရေတို၊ ရေရှည် အစီအမံများ ရေးဆွဲဆောင်ရွက်သွားရန်နှင့် အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ရေကြီးရေလျှံမှုလျော့ပါးစေရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရမည်းသင်းမြို့နယ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ပထမအဆင့် အကြိုလုပ်ငန်းစတင်

**ရမည်းသင်း ဩဂုတ် ၂၀**

ရမည်းသင်းမြို့နယ်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့် ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများစတင်၍ ဓာတ်အားလိုင်းနှစ်မိုင်အတွင်းရှိသည့် ကျေးရွာများ စတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်ထံမှ သိရသည်။



စီမံကိန်း ပထမအဆင့်တွင် ရမည်းသင်းမြို့နယ်အတွင်း ကျွန်းကျင်းရွာ၊ ဆူးရဲတောင်၊ ကံသာ၊ ကျောက်ဖူး၊ သိုက်မြောင်၊ ဓမ္မပါလကျေးရွာ ခြောက်ရွာ ခွင့်ပြုမိန့်ရရှိပြီး ဖြစ်သည့်အတွက် ဩဂုတ် ၁၆ ရက်မှစတင်၍ ကျေးရွာအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းအား ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရန် မြို့နယ်လျှပ်စစ်မန်နေဂျာက ကြိုတင်ညှိနှိုင်း အသိပေးပြီးဖြစ်သည့်အတွက် ကျေးရွာများ၌ ကွန်ကရစ်ဓာတ်တိုင်များစုပုံခြင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းဆွဲရန် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဦး (ရမည်းသင်း)**

## မိုးညှင်းမြို့နယ်၌ ရေတိုက်စားမှုကြောင့် ကျေးရွာရေကာတာ တာရိုးအရှည် ၁၆၃ ပေ ပြိုကျပျက်စီး

**မိုးညှင်း ဩဂုတ် ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ မော်ပင့်နတ်ကြီးစင်အနီး လေးတန်ချောင်းတာရိုးအရှည် ၁၆၃ ပေသည် ဩဂုတ် ၂၀ ရက်က ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါကျောက်စီရေတားနံရံကို ဟူးကောင်းလမ်းတံတားဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူပြီး CSR ရန်ပုံငွေ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ ဒေသခံတိုင်းရင်းသားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေးရန်ပုံငွေ)မှ ကျပ် ၄၆၉ ဒသမ ၃၀ သန်းဖြင့် ဇန်နဝါရီ ၂၆ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ဇူလိုင် ၂၆ ရက်တွင် ပြီးစီးခဲ့ကြောင်း၊ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က မိုးရွာသွန်းသဖြင့် လေးတန်ချောင်းရေတိုက်စားမှုကြောင့် အဆိုပါချောင်းတာရိုးပေါင် အရှည် ၁၆၃ ပေ ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။



ရေတိုက်စားမှုကြောင့် ချောင်းတာရိုးပေါင် ပြိုကျပျက်စီးရာသို့ မိုးညှင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ်လမ်း၊ တံတားအင်ဂျင်နီယာနှင့် တာဝန် ရှိသူများက စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)**

## တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ့်မော်ကျေးရွာရှိ မော်လုပ်ကွက်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာရှိ ကျောက်မျက်လုပ်ကွက်များအတွင်း စောင့်ဆိုင်းစိစစ်နေစဉ် နံပါတ်မပါ ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ) အား မောင်းနှင်လာသူ မာယော် (၄၄) နှစ်၊ (ဘ)ဦးမာဂမ်၊ အမှတ်(၃) ရပ်ကွက်၊ စပေ့ါကျေးရွာနေသူအား ရပ်တန့်ရှာဖွေ စစ်ဆေးရာ ဘိန်းဖြူ 88/1 စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖားကန့်) မယ(ပ)၁၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆယ်ဇင်း တစ်ဖက်ကမ်းရှိ ရွှေပြည်မြစ်ကျေးရွာနေ မောင်ပိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ဆယ်ဇင်းကျေးရွာ၊ ရပ်ကွက်(၅)၌ လျှို့ဝှက်စောင့်ဆိုင်းစိစစ်နေစဉ် မောင်ပိန်(ခ) မြင့်အောင် (၃၅)နှစ်၊ (ဘ)ဦးကျော်မြင့်အား ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဆယ်ဇင်း) မယ(ပ) ၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်(၃)ခု၌ အမှု(၁၇)မှုတွင် တရားခံအမျိုးသား (၁၇)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၁၈)ဦးအား ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၁၄-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ ဂျုံးဇယ် (ကျား) (၂၁)နှစ်၊ (ဘ)ဦးဟောင်းဂျုံးအား လွယ်အိတ်အတွင်းမှ ဘိန်းဖြူ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၉၁/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျိတ္တန်းလမ်း၊ စလင်းဘုန်းကြီးကျောင်းအနီးမှ ကိုအောင်သန်းသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကျိတ္တန်းလမ်း၊ စလင်းကျောင်းတိုက်၊ ဘုန်းကြီးကျောင်းရှေ့၊ ဝေနေယျသုခရေချမ်းစင် အနောက်နေ အောင်သန်း (၅၅)နှစ်၊ (ဘ) ဦးမောင်ကြီး၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ကျော်ကျော်(၃၈)နှစ်၊ (ဘ)ဦးထိန်ဝင်းတို့အား နေအိမ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကြည့်မြင်တိုင်) မယ(ပ) ၁၈/၂၀၁၈၊ မူး/ စိတ် ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃၁၉)၊ ရပ်ကွက်(၁၉)၊ မေဒါဝီလမ်းနှင့် ဉာဏဝတီလမ်းထောင့်နေအိမ်မှ အခန်း (၆)နေ ကိုပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မေဒါဝီလမ်းနှင့် ဉာဏဝတီလမ်းထောင့်၊ အမှတ်(၃၁၉)၊ အခန်း (၆) အား ဝင်ရောက်ရှာဖွေရာ ကိုပု(ခ) စိန်ကုလား (၅၂)နှစ်၊ (ဘ) ဦးထွန်းမြင့်အား ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၅၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ မျိုးမင်းထွန်း(ခ) ဖိုးထောင် (ဘ)ဦးစိုးညွန့်၊ ညောင်ပင်ကြီးစုရွာ၊ ဆေးရုံနှင့် မျက်နှာချင်းဆိုင် ထော်လာဂျီဝပ်ရှော့နေ သီဟဇော်တို့သည် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းနှင့် ငွေစက္ကူအတုလုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိ ဖိုးထောင်(ခ) မျိုးမင်းထွန်း (၃၃)နှစ်၊ (ဘ) ဦးစိုးညွန့်၏ ဆိုင်ကယ်ဝပ်ရှော့နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အောင်နိုင် (ခ)အောင်နိုင်ဌေး(၃၉)နှစ်၊ (ဘ)ဦးသာဌေး၊ ဇော်ရဲအောင် (၂၄)နှစ်၊ (ဘ) ဦးသန်းဦးတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းဖြူများနှင့် တစ်သောင်းကျပ်တန် ငွေစက္ကူအတု(၅၀)ရွက်တို့ကို ရှာဖွေတွေ့ရှိပြီး စစ်ဆေးရာ မူးယစ်ဆေးများမှာ ခင်ဦးမြို့နယ်၊ ညောင်ပင်ကြီးစုရွာနေ သီဟဇော်(၂၇)နှစ်၊ (ဘ)ဦးမြင့်ထံမှ ရရှိခဲ့ကြောင်း သိရှိရသဖြင့် သီဟဇော်၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာမတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၄)ဦးအား မမစ(ရေဦး)မယ(ပ)၅/ ၂၀၁၈၊ မယ(ပ)၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ငွေစက္ကူအတုများ လက်ဝယ်ထားရှိသူ ဖိုးထောင်(ခ)မျိုးမင်းထွန်းအား မစစ(ရေဦး) (ပ)၁၉၈/၂၀၁၈၊ ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၀၅/၁၀၆ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်အုပ်စု၊ ပန်းတောင်ကုမ္ပဏီ ရွှေလုပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်းသတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ပန်းတောင်ကုမ္ပဏီ ရွှေလုပ်ကွက်အတွင်း စုံစမ်းစိစစ်စဉ် သတင်းအရ ပန်းတောင် ရွှေလုပ်ကွက် အပေါ်ဈေးတန်းရှိ ဒေါ်ညို (၄၈)နှစ်၊ (ဘ) ဦးလှရွှေ၏ တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရခိုင်(ခ)မောင်မောင်(ခ) မောင်ဦးစံ (၃၇)နှစ်၊ (ဘ) ဦးစံရီအား တွေ့ရှိ၍ တဲအတွင်းမှ 88/1 စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများ ရှာဖွေတွေ့ရှိပြီး မူးယစ်ဆေးများမှာ ဝါးဖြူတောင်အောက်ရွာနေ မထွေးညိုထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ရမည်းသင်း) မယ (ပ) ၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁/၂၂(ခ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၁၂-၈-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်အောက်ရွာနေ မထွေးညို (၃၅)နှစ်၊ (ဘ)ဦးညွန့်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်၊ နယ်မြေ(၄)၊ EPC ဝန်းအရှေ့နေ ဒေါ်ကြည်ဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၄)၊ EPC ဝန်းအရှေ့ဘက်နေ ဒေါ်ကြည်ဌေး (၅၇)နှစ်၊ (ဘ)ဦးညွန့်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂) (မိတ္ထီလာ) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၁၁) ခြေရင်းခန်းနေ ကိုဝင်းနိုင်သည် မူးယစ်ဆေးဝါးများကို ကိုယ်တိုင်သုံးစွဲပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၁၁)၊ ခြေရင်းခန်းနေ ဝင်းနိုင် (ခ)မင်းဝင်းနိုင် (၄၈)နှစ်၊ (ဘ)ဦးကျော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်) မယ(ပ)၁၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဇော်ဂျီရပ်ကွက်၊ မီးသတ်ရုံးအနီးနေ ကိုထွန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၈-၂၀၁၈ ရက်နေ့တွင် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်ရှိ ထွန်းဝင်း (ခ)ကျော်လွင်ထူး (၃၇)နှစ်၊ (ဘ)ဦးကံထူး၏ နေအိမ်နှင့် ဆက်စပ်လျက်ရှိသော ပြောင်းခင်းဘေးရှိ တဲအတွင်းသို့ ၎င်းနှင့်အတူရှာဖွေရာ ခွန်ဇော် (၂၀)နှစ်၊ (ဘ)ဦးအောင်၊ ငှက်ပျောဂနိုင်ကျေးရွာ၊ ယောကို (ခ) ယောကိုကိုအောင် (၂၄)နှစ်၊ (ဘ)ဦးအောင်ဝင်း၊ မြို့ဦးရပ်ကွက်၊ လင်းလင်း (ခ)လေင်း (၃၁)နှစ်၊ (ဘ) ဦးသန်းထူး၊ ငှက်ပျောဂနိုင်ကျေးရွာ နှင့် မအေးချို (၁၉)နှစ်၊ (ဘ) ဦးအောင်၊ ဟွေးကျေးရွာတို့အား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၅)ဦးအား မမစ(ရပ်စောက်) မယ(ပ) ၃၇/၂၀၁၈၊ မူး/ စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ ရေလယ်ကျွန်းရပ်ကွက်၊ ဦးအေးကို(ကွယ်လွန်) နှင့် ဇနီး ဒေါ်တင်ကြီး(ကွယ်လွန်) တို့၏ အိမ်ဝင်းတွင်နေထိုင်သော မအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့၊ ရေလယ်ကျွန်းရပ်ကွက်၊ အိမ်အမှတ်(၅၉/ခ) ဦးအေးကို(ကွယ်လွန်)နှင့် ဇနီး ဒေါ်တင်ကြီး (ကွယ်လွန်)တို့၏ အိမ်ဝင်းတွင်နေထိုင်သော မအေး(ခ)မအေးအေးမြင့် (၄၅)နှစ်၊ (ဘ)ဦးမျိုးမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ သီဟနိုင်(ခ) လီဖျင်း (၂၅)နှစ်၊ (ဘ)ဦးဇော်လေးတို့ (၂)ဦးအားတွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(မိုးညှင်း)မယ(ပ)၁၃၂/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအုပ်စု၊ နန့်ပုတ်ကျေးရွာ၊ ပြည်ထောင်စု ကားလမ်းဘေးနေ "အောင်ကမ္ဘာ" ကွမ်းယာဆိုင်မှ မသူဇာသည် ညဘက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာ၊ ပြည်ထောင်စုကားလမ်းဘေးရှိ အောင်ကမ္ဘာနေအိမ်ကွမ်းယာဆိုင်အား ဝင်ရောက်ရှာဖွေရာ မသူဇာ (၄၀)နှစ်၊ (ဘ) ဦးစံထွေးအား နေအိမ်ဆိုင်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း) မယ(ပ) ၁၃၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | နေပြည်တော် ကောင်စီနယ်မြေ၊ လယ်ဝေးမြို့၊ "အောင်သပြေ" လက်ဖက်ရည်ဆိုင်နောက်ကျောလမ်း၊ ဒုတိယအိမ်ဝိုင်းတွင် နေထိုင်သော ကိုတာတီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၁၈ ရက်နေ့တွင် လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ အောင်သပြေ လက်ဖက်ရည်ဆိုင် နောက်ကျောလမ်း၊ ဒုတိယအိမ်ဝိုင်းတွင် နေထိုင်သော ကိုတာတီး (ခ)နိုင်ဝင်းသူ (၃၂)နှစ်၊ (ဘ)ဦးမောင်မောင်ဝင်း၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းခြံဝင်းအတွင်းရှိ လျှပ်စစ်လုပ်ငန်းလုပ်သည့် နေရာခုတင်ပေါ်မှ 88/1 စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဂက်(စ်)သေနတ် (၁)လက်အား ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ဆေးပြားများမှာ စိုးငယ် (၃၃)နှစ်၊ (ဘ) ဦးစိုးမြင့်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နှင့် အောင်စိုး (၃၇)နှစ်၊ (ဘ)ဦးစိန်မောင်၊ ဘိုကုန်းရွာ၊ ရမည်းသင်းမြို့နယ်နေသူတို့ထံမှ ဝယ်ယူရရှိခြင်းဖြစ်ကြောင်းသိရပြီး စိုးငယ်နှင့် အောင်စိုးတို့(၂)ဦးအား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၃)ဦးအား မမစ(လယ်ဝေး) မယ(ပ)၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁/၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၁ သို့ »»

# ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါမှာ နိုင်ငံတိုင်းက လာချင်အောင် ခံစားခွင့်တွေ၊ သက်သာခွင့်တွေကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ဆောင်ရွက်ပေးပါတယ်

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်

## (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် (၂၀၁၆)အကြောင်း ဆွေးနွေးမှု)

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။**

**အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွဲဖက်အတွင်းရေးမှူး ဒေါ်မြသူဇာ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးငွေးချွန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးအေးလွင်တို့က စီးပွားရေးစကားဝိုင်း ဆွေးနွေးသူများအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြသည်။**

**အဆိုပါဆွေးနွေးပွဲတွင် (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်(၂၀၁၆)၊ (၂) ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ (၃) ကမ္ဘာနှင့် မြန်မာတွင် လတ်တလောဖြစ်နေသည့် စီးပွားရေးနှင့်ငွေကြေးဈေးကွက်အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။**

ရဲခေါင်ညွှန့်၊ ဇော်ကြီး
ဓာတ်ပုံ-ဖိုးဇော်

**မေး။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ လုပ်ငန်းဆောင်ရွက်မှုအခန်းကဏ္ဍနဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဦးသန်းအောင်ကျော်။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေထဲမှာ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားတာပါ။ အဲဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဦးဆောင်ပြီးတော့ အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းတွေကို ဦးစီးဦးဆောင်ပြီး အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းတွေရှိတယ်။ ထိုင်းမှာဆို ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့(BOI)ရှိသလို မလေးရှား၊ ကမ္ဘောဒီးယားတို့မှာလည်း ရှိပါတယ်။

### အဓိက လုပ်ငန်းတွေ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အဓိကလုပ်ငန်းတွေကိုပြောရင် ပထမအရေးအကြီးဆုံးက မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပြည်တွင်းရော၊ ပြည်ပရော တိုးမြှင့်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒုတိယအရေးအကြီးဆုံးက မြန်မာနိုင်ငံမှာဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရတဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေနဲ့ အဆင်ပြေအောင် ပေါင်းစပ်ပြီး ညှိနှိုင်းရတာရှိတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေက သူတို့ရဲ့ လုပ်ငန်းတွေကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိလာနိုင်အောင် အကောင်အထည်ဖော်တဲ့အခါမှာ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ မူဝါဒတွေကို ပံ့ပိုးပေးပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါမှာ နိုင်ငံတိုင်းက လာချင်အောင် မက်လုံးတွေ ပေးရတယ်။ အဲဒီမက်လုံးပေးတဲ့ ခံစားခွင့်တွေ၊ သက်သာခွင့်တွေကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီ၊ ဆောင်ရွက်နေပြီဆိုရင် ဒီလုပ်ငန်းတွေဟာ ဥပဒေနဲ့အညီ လုပ်ရဲ့လား၊ တိုင်းပြည်အတွက် အကျိုးရှိရဲ့လား၊ တာဝန်ယူမှု၊ တာဝန်သိမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအဖြစ် ရပ်တည်နေရဲ့လား ဆိုတာတွေကို စောင့်ကြည့် ကြီးကြပ်ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ဒါတွေက အဓိကတာဝန်တွေပါ။

**မေး။ ။ ဥပဒေပိုင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆) မတိုင်ခင်ကလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဲဒီနောက်ပိုင်းမှာလည်း မူဘောင်တွေအဆင့်ဆင့် ပြောင်းလဲလိုက်တာတွေ့ရပါတယ်။ အကြောင်းအရင်းကို ရှင်းပြပေးပါ။**

ဒေါ်မြသူဇာ။ ။ မြန်မာနိုင်ငံဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်စတင်ပြောင်းလဲ ကျင့်သုံးခဲ့တဲ့အချိန်ကစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ စီးဝင်လာစေရန်ရည်ရွယ်ပြီး ၁၉၈၈ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေနဲ့ အတူ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံခြားကို ဖိတ်ခေါ်ရုံတင် မဟုတ်ဘဲ ကိုယ့်နိုင်ငံသားတွေကိုပါ အခွင့်အရေးတွေ ရစေချင်တဲ့အတွက် ၁၉၉၄ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အတူ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းခဲ့ပါတယ်။




**မေး။ ။ အခုလက်ရှိမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို အဆင့်ဆင့်ပြောင်းလဲရေးဆွဲလာတာ တွေ့ရပါတယ်။ အခု နောက်ဆုံးထွက်ရှိလာတဲ့ ဥပဒေသစ်(၂၀၁၆)ရဲ့ အားသာချက်နဲ့ အကျိုးရလဒ်တွေက ဘာတွေဖြစ်မလဲ။**

ဦးငွေးချွန်။ ။ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်က အားသာချက်တွေရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ အဓိကအချက်ကြီးတွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနဲ့ အများသိစေခြင်း၊ လွယ်ကူချောမွေ့စေခြင်း၊ ဖြေလျှော့မှုပေးခြင်း ဆိုတဲ့ သုံးရပ်စလုံးက အရင်ဥပဒေတွေနဲ့ ယှဉ်ရင် အားသာချက်တွေရှိပါတယ်။ ပွင့်လင်းမြင်သာမှုကို အဓိကထားရေးဆွဲထားပါတယ်။ အရင်ဥပဒေတွေမှာက လုပ်ငန်းတိုင်း ခွင့်ပြုမိန့် လျှောက်ထားရပါတယ်။ အခုဥပဒေအသစ်က ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတိုင်း ခွင့်ပြုမိန့် လျှောက်ထားစရာမလိုပါဘူး။ ဥပဒေသစ်ရဲ့ ပုဒ်မ (၃၆) မှာ သတ်မှတ်ထားတဲ့ လုပ်ငန်းအမျိုးအစား ငါးမျိုးမှတစ်ပါး ခွင့်ပြုမိန့် လျှောက်ထားစရာမလိုပါဘူး။ အဲဒီ ငါးမျိုးက နံပါတ် (၁) နိုင်ငံတော်အတွက် မဟာဗျူဟာကျတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ၊ (၂) မတည်ငွေရင်း ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ၊ (၃) သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံလူထုအပေါ် ကြီးမားတဲ့ သက်ရောက်မှုရှိမယ့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ၊ (၄) နိုင်ငံတော်ပိုင်မြေနဲ့ အဆောက်အအုံတွေ အသုံးပြုတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ (၅)ကော်မရှင်ကို အဆိုပြုချက်တင်ရင် အစိုးရက သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ ဖြစ်ပါတယ်။ အဲဒီငါးမျိုးကလွဲရင် ကျန်တာက ကော်မရှင် ခွင့်ပြုမိန့် စောင့်စရာမလိုပါဘူး။ အတည်ပြုမိန့်နဲ့ပဲ ဆောင်ရွက်လို့ရပါတယ်။ အဲဒါတွေအပြင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ အချိုးညီညီ တိုးတက်စေဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးကို ရင်းနှီးမြှုပ်နှံမှု ကော်မတီတွေဖွဲ့ပေးပြီး အဲဒီရင်းနှီးမြှုပ်နှံမှု ကော်မတီတွေကနေ အတည်ပြုမိန့်တွေ ပေးလို့ရပါတယ်။ အမေရိကန်ဒေါ်လာ ငါးသန်း၊ မြန်မာကျပ်ငွေကျပ် သန်းပေါင်း ၆၀၀၀ အောက်ဆိုရင် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်(MIC)ကို လာစရာမလိုဘဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီတွေမှာပဲ အတည်ပြုမိန့်တွေ လျှောက်ထားလို့ရပါတယ်။

### လွယ်ကူချောမွေ့စေရေး

လွယ်ကူချောမွေ့စေရေးအတွက် အရင်တုန်းက MIC ခွင့်ပြုမိန့်တစ်ခုအတွက် စောင့်ရတာ ရက်ပေါင်း ၉၀ ဥပဒေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုဆိုရင် ရက်ပေါင်း ၆၀ အတွင်း ရပါတယ်။ အမြန်ဆုံးလည်း ထုတ်ပေးနေပါတယ်။ အတည်ပြုမိန့်ဆိုရင်တော့ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပါတယ်။ ဒါ့အပြင် ဖြေလျှော့ပေးခြင်းမှာလည်း သူ့အလွှာအလိုက် ဇုန် သုံးခု ခွဲပြီး သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ် ဆိုပြီး ဒေသအသီးသီး ခွဲခြားပေးထားပါတယ်။ ဒါတွေဟာ အခုဥပဒေသစ်ရဲ့ အားသာချက်တွေပါပဲ။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ဇုန်တွေ ခွဲခြားသတ်မှတ်ပေးထားတယ်။ ဘယ်လိုမျိုး ခွဲခြားသတ်မှတ်တာလဲ။ အဲဒီလို ခွဲခြားသတ်မှတ်ခြင်းအားဖြင့် နိုင်ငံနဲ့ နိုင်ငံသားတွေအပေါ် ဘယ်လို အကျိုးရလဒ်တွေ ရလာမလဲ။**

ဦးအေးလွင်။ ။ အဲဒီလိုဥပဒေ ရည်ရွယ်ချက်ထည့်တာကောင်းပါတယ်။ လာအိုမှာလည်း ရှိသလို ကမ္ဘောဒီးယားမှာလည်း ရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာလည်း ဒီလိုပုံစံမျိုးရှိပါတယ်။ မြန်မာနိုင်ငံမှာက အဖွံ့ဖြိုးဆုံးဒေသလို့ သတ်မှတ်ရင် ရန်ကုန်နဲ့ မန္တလေးမြို့တော်နှစ်ခုပါ။ သူတို့က စီးပွားရေးအဓိကလုပ်တဲ့မြို့တော်တွေပါ။ ရန်ကုန်နဲ့ မန္တလေး နောက် ပဲခူးတိုင်းဒေသကြီးမှာဆို ဒေသအချို့ပေါ့။ အဲဒီနေရာတွေလောက်ပဲ ဇုန် သုံး လို့ သတ်မှတ်ထားတယ်။ ဇုန် သုံး လို ဖွံ့ဖြိုးနေတဲ့ဒေသမှာ ရင်းနှီးမြှုပ်နှံမှုလုပ်မယ်ဆိုရင် အမြတ်ခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ သူနဲ့ နည်းနည်းလှမ်းတဲ့ မြို့နယ်တွေဆို ဇုန် နှစ် သတ်မှတ်ပြီး အမြတ်ခွန်ကင်းလွတ်ခွင့် ငါးနှစ်ပေးပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တို့ဆို ပြည်နယ်တစ်ခုလုံးလိုလိုပဲ ဇုန် နှစ်ထဲမှာပါသလို ဇုန် သုံးထဲမှာလည်း ပါပါတယ်။ ဇုန် တစ်ကတော့ မဖွံ့ဖြိုးသေးတဲ့ နေရာတွေပါ။ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် စသည်ဖြင့် နယ်စွန်နယ်ဖျားတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဇုန် တစ် အနေနဲ့သတ်မှတ်ပြီး အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ပေးပါတယ်။ ဒါက ထူးခြားချက်ပါ။ နောက်ထပ်ထူးခြားချက် အနေနဲ့ ကျန်သွားတာက ဇုန် သုံးခုထဲက ဘယ်မှာမဆို ရင်းနှီးမြှုပ်နှံသူတွေကို နှစ် ၅၀၊ အပေါင်း ၁၀၊ အပေါင်း ၁၀၊ နှစ် ၇၀ ကို အစိုးရကဖြစ်စေ၊ သက်ဆိုင်ရာ မြေငှားရမ်းသူ ပုဂ္ဂလိကကဖြစ်စေ တိုက်ရိုက်ငှားရမ်း ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။ နောက်တစ်ခုက ဇုန် တစ် သတ်မှတ်ပြီး ခုနစ်နှစ်အခွန်ကင်းလွတ်ခွင့် ပေးထားတာက ပထမအရစ်ကင်းလွတ်ခွင့်ပေးတာတကယ့်ကို ဒီလုပ်ငန်းဟာတိုင်းပြည်အတွက်ကျိုးရှိတယ်။ ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမှန်တကယ်ကို လိုအပ်တယ်၊ လုပ်ငန်းရှင်ကလည်း မှန်မှန်ကန်ကန်နဲ့ တည်ဆောက်ပြီး ပြည်သူကို အကျိုးပြုတယ်၊ အောင်မြင်နေတဲ့လုပ်ငန်းဆိုရင် ပြည်သူ့လွှတ်တော်ကို တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်တွေက သဘောတူရင် သူ့အတွက် သီးခြားအခွင့်အရေး ပေးပိုင်ခွင့် ရှိပါသေးတယ်။ ဒါက နယ်စွန်နယ်ဖျားတွေမှာ ရင်းနှီးမြှုပ်နှံ လိုသူကိုပေးတဲ့ အခွင့်အရေးပါ။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ အားသာချက်တွေများပါတယ်။ ဒါဟာ နယ်စွန်နယ်ဖျားတွေမှာရှိတဲ့ လုပ်ငန်းရှင်တွေအတွက် အားသာချက်ဖြစ်ပါတယ်။

### ပူးပေါင်းဆောင်ရွက်တဲ့စနစ်

အားလုံးပြန်ခြုံလိုက်ရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမယ့်လူကို လမ်းဖွင့်ပေးပြီးတော့ သူတို့လုပ်ချင်တဲ့ လုပ်ငန်းတွေကို ဥပဒေဘောင်ထဲထည့်ပြီး လုပ်ပေးလိုက်ခြင်း၊ ခွင့်ပြုလိုက်ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတကာအနေနဲ့ ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ဆိုရင်လည်း One Step One Stop (OSOS) လို့ရေးထားတယ်။ ကျွန်တော်တို့ဆီမှာလည်း အခုလို လျင်မြန် မြန်ဆန်တဲ့စနစ်ကို အသုံးချဆောင်ရွက်နေပါတယ်။ တစ်ခုရှိတာက ကျွန်တော်တို့ကော်မရှင်က ဒါကိုရင်းနှီးဖို့ ခွင့်ပေးလိုက်ပြီဆိုတဲ့နောက်မှာ နောက်ဆက်တွဲဖြစ်တဲ့ သက်ဆိုင်ရာလုပ်ငန်းအပေါ်မှာမူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အထူးသဖြင့် သက်ဆိုင်ရာမြို့နယ်ဒေသက အာဏာပိုင်အဖွဲ့အစည်းမှာရှိတဲ့ ဌာနတွေရဲ့ခွင့်ပြုချက် စသည်ဖြင့် ဆောင်ရွက်တဲ့အခါမှာ ပိုပြီးလျင်မြန်တဲ့ စနစ်တွေလုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းလို့မရပါဘူး။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရပါမယ်။ အဲဒီလိုပဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဟာ စစချင်း ပြည်သူတွေကလည်း ကြိုဆိုဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု မစတင်ခင်မှာ လုပ်ငန်းရှင်က အတွေးတွေနဲ့ စိုးရိမ်ကြောင့်ကြဖြစ်နေမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ မလာရဲပါဘူး။ ဒါကြောင့် ကျွန်တော်တို့တွေဟာ တိုးတက်ဖွံ့ဖြိုးရေးလုပ်တဲ့အခါမှာ အစိုးရရော၊ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ အစိုးရအဖွဲ့တွေရော၊ ပြည်ထောင်စုအစိုးရအဖွဲ့ရော၊ အစိုးရဌာနတွေရဲ့ ရုံးချုပ်တွေရော၊ ပြည်နယ်နဲ့တိုင်းဒေသကြီးမှာရှိတဲ့ ဌာနတွေရော သက်ဆိုင်ရာ ဆက်စပ်တဲ့ဌာနတွေက ပံ့ပိုးတဲ့ လုပ်ငန်းစဉ်တွေဟာ ယနေ့ကာလထက် ပိုကောင်းတဲ့၊ ပိုမြန်တဲ့၊ ပိုပူးပေါင်းဆောင်ရွက်တဲ့စနစ်တွေလုပ်ဖို့ လိုသေးတယ်လို့တော့ ကျွန်တော်မြင်ပါတယ်။

**မေး။ ။ ဒါဆိုရင် ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ခွင့်ပြုမိန့်တွေ ချပေးတဲ့အပေါ်မှာ ပိုမိုမြန်ဆန်မှုရှိအောင် ဘယ်လိုမျိုးတွေ ဆောင်ရွက်နေလဲဆိုတာ ဆက်ပြီးပြောပြပေးပါ။**

ဦးသန်းအောင်ကျော်။ ။ အရင်တုန်းက ရင်းနှီးမြှုပ်နှံမှု တစ်ခုကိုတင်ပြရင် ဥပဒေအရ ရက်ကိုးဆယ်လောက်ကို အချိန်ယူတာပေါ့။

စာမျက်နှာ ၁၁ သို့ ✪

> ❝ လွယ်ကူချောမွေ့စေရေးအတွက် အရင်တုန်းက MIC ခွင့်ပြုမိန့်တစ်ခုအတွက် စောင့်ရတာ ရက်ပေါင်း ၉၀ ဥပဒေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုဆိုရင် ရက်ပေါင်း ၆၀ အတွင်း ရပါတယ်။ အမြန်ဆုံးလည်း ထုတ်ပေးနေပါတယ်။ အတည်ပြုမိန့်ဆိုရင်တော့ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပါတယ်။ ဒါ့အပြင် ဖြေလျှော့ပေးခြင်းမှာလည်း သူ့အလွှာအလိုက် ဇုန် သုံးခု ခွဲပြီး သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ် ဆိုပြီး ဒေသအသီးသီး ခွဲခြားပေးထားပါတယ်။ ဒါတွေဟာ အခုဥပဒေသစ်ရဲ့ အားသာချက်တွေပါပဲ ❞

»»» စာမျက်နှာ ၉ မှ

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၈ ရက်နေ့အထိ အမှုပေါင်း (၁၅၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၉၅)ဦး၊ မ(၄၁)ဦး၊ ပေါင်း(၂၃၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၈၄၆. ၄၄)ဂရမ်၊ ICE(၀. ၅၅)ဂရမ်၊ ဘိန်းမည်း(၂၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၈၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၇. ၅၀)ဂရမ်၊ ဘိန်းချေးခဲ (၂၇. ၅၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၈၃၂၉၆) ပြား၊ ဆေးခြောက်(၁၇၆၆. ၀၈)ဂရမ်၊ ဘိန်းရည်(၀. ၁၀)လီတာ၊ ဘိန်းဆီခဲ (၂၁၃. ၄၀)ဂရမ်၊ ဘိန်းစေ့(၆၀) ဂရမ်၊ ဂက်(စ်)သေနတ်(၁)လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်အတွင်း လဝါကျေးရွာတွင် တရားခံအမျိုးသား(၁)ဦးအား ဘိန်းဖြူ(၃၅၆၁)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၅၈၄၉၇၄)ပြား၊ ကျောက်လုံးကြီးကျေးရွာအနီးတွင် ဘိန်းဖြူ(၂၂၀၀)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၈၂၄၀၀၀)၊ စီပိန်း ကျေးရွာအုပ်စု၊ ဒေသအခေါ် လေယာဉ်ကွင်းတောလမ်းဘေးတွင် ဘိန်းဖြူ(၁၂၁၀)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား(၃၁၈၀၀၀) ပြား၊ ရေစိုပျက်စီးနေသည့် စိတ်ကြွရူးသွပ်ဆေးပြား(၁၆၀၀၀)တို့ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် အတွင်း ဖမ်းဆီးရမိမှု ဖြစ်စဉ်(၄)ခု၌ တရားခံအမျိုးသား(၁)ဦးနှင့် အမျိုးသမီး (၃)ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား (၂၇၆၆၄၁၂)ပြား၊ ဆေးခြောက် (၁၆၀)ဂရမ်ဖြင့် လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၈)ခုရှိခဲ့ပြီး တရားခံအမျိုးသား (၁၅)ဦးနှင့် အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၇၆၂၂)ပြား၊ လက်နက်မျိုးစုံ(၁၀) လက်၊ ကျည်မျိုးစုံ (၁၇၁) တောင့်၊ လက်ပစ်ဗုံး (၃)လုံး၊ ခဲသီး (၈၀)လုံး၊ ယမ်းမှုန့်(၅၅၀)ဂရမ်၊ ယမ်းကြိုး(၁)ချောင်း၊ ဒစ်တိုနီတာ(၁)ခုတို့ဖြင့် လည်းကောင်း၊ ပြည်ပသို့ ပို့ဆောင်ရန်ရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသည့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုတွင် တရားခံအမျိုးသား(၂)ဦးနှင့် အမျိုးသမီး(၂)ဦးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား(၂၈၇၈၄)ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၂-၈-၂၀၁၈ ရက်နေ့မှ ၁၈-၈-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၃၅၇)မှုတွင် တရားခံကျား(၄၂၈)ဦး၊ မ(၈၁)ဦး၊ ပေါင်း(၅၀၉)ဦးကို ဘိန်းဖြူ (၁၂၈၂၉. ၇၂)ဂရမ်၊ ICE (၃၂၂. ၀၅)ဂရမ်၊ ဘိန်းစိမ်း (၆၉၇၂. ၅၉)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၁၂)ဂရမ်၊ ဘိန်းစာမှုန့် (၂၇၆၃၅. ၀၅)ဂရမ်၊ ဘိန်းစာရွက် (၁၄၀၈၀. ၅၀)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၅၃၈၉၂၄၂)ပြား၊ ဆေးခြောက်(၈၃၂၄. ၁၈)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအမှုန့်(၁)ဂရမ်၊ ဘိန်းဆီခဲ (၀. ၉)ဂရမ်၊ ဘိန်းရည် (၀. ၀၅)လီတာ၊ ဗျူဗရီနော်ဖင်းဆေးပြား(၃)ပြား၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (၉၆၀၀) လီတာ၊ ဒိုင်ယာစီပင်ဆေးရည် (၀. ၀၀၆)လီတာ၊ ကတ်တမင်း(၁)ဂရမ်၊ ဆိုဒီယမ်ဆိုင်ယာနိုက်(၃၀၅၀)ကီလို၊ လက်နက် မျိုးစုံ(၁၀)လက်၊ ကျည်မျိုးစုံ (၁၇၁)တောင့်၊ လက်ပစ်ဗုံး(၃)လုံး၊ ဒစ်တိုနီတာ(၁)ခု၊ ယမ်းကြိုး(၁)ချောင်း၊ ခဲသီး(၈၀)လုံး၊ ယမ်းမှုန့် (၅၅၀)ဂရမ်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၀၀** |
| **ဖက်စ်ဖုန်းနံပါတ်** | - | **၀၆၇-၅၉၀၂၃၃** |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

❂ **စာမျက်နှာ ၁၀ မှ**

အခုဥပဒေသစ်ထဲမှာ ကော်မရှင်က ခွင့်ပြုရမယ့် လုပ်ငန်းကို ရက် ၆၀ ဆိုပြီးတော့ လျှော့တဲ့အပြင် အတည်ပြုအမိန့် လောက်ဆို ရက် ၃၀ ပဲ။ အချိန်တွေအများကြီး ကျုံ့ပစ် လိုက်တယ်။ နောက်တစ်ခုကတော့ အလုပ်လုပ်တဲ့အပိုင်းမှာ လည်း သူက ထင်သာမြင်သာအောင် လုပ်ထားတယ်။ ဝန်ကြီး ဌာနတွေကို ခွင့်ပြုမိန့်ရပြီးရင် လိုင်စင်လျှောက်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ဆီမှာ ခွင့်ပြုမိန့်ယူတဲ့အပိုင်း။ အဲဒါတွေအားလုံးဟာလည်း ရိုးရှင်းလွယ်ကူအောင် လုပ်ထားတယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ကြည့်လိုက်မယ် ဆိုရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို လျှောက်မယ့် လုပ်ငန်း တွေအားလုံးအတွက် ပုံစံတွေ လုပ်ပေးထားတယ်။ ပစ္စည်း လျှောက်မယ်ဆိုရင် အဲဒီပုံစံကိုဖြည့်လိုက်ရုံပဲ။ ကော်မရှင် အမိန့်လျှောက်မယ်ဆိုရင် ဘယ်ပုံစံ။ အဲဒီလောက် လွယ်ကူ အောင် ကျွန်တော်တို့လုပ်ထားတယ်။ ဒီလို မိမိကဏ္ဍ အလိုက် ပညာရေးမှာ ရင်းနှီးမြှုပ်နှံမလား။ လယ်ယာ ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမလား။ ဟိုတယ်ဆောက်မလား။ အဲဒါတွေဆိုရင်လည်း ဘယ်လိုအဆင့်တွေနဲ့ ဘယ်လို အထောက်အထားတွေတင်ပြရမယ်ဆိုတာလည်း အားလုံး အသိပေးထားတယ်။

## လွယ်ကူမြန်ဆန်

နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်တော့ရပြီ။ လိုအပ်တဲ့ကုန်ကြမ်းတွေ သွင်းမယ်။ စက်ပစ္စည်းတွေ သွင်း မယ်။ တည်ဆောက်ရေးလုပ်မယ်ဆိုရင်လည်း One Stop Service (OSS) ကျွန်တော်တို့မှာရှိတယ်။ OSS က ဒီနေ့ လျှောက်ရင် တစ်ခါတလေဆို ညနေပိုင်းနဲ့အပြီး လိုင်စင် ရတယ်။ ဒါမှမဟုတ်ရင်လည်း နောက်တစ်နေ့ ဒီလောက် နဲ့ပဲ ကျွန်တော်တို့ မြန်ဆန်အောင်လုပ်ပေးတယ်။ ဥပမာ စက်ပစ္စည်းတွေ သွင်းတယ်။ ကုန်ကြမ်းတွေ သွင်းတယ် ဆိုရင် စီးပွား/ကူးသန်းက လိုင်စင်။ စီးပွား/ကူးသန်းက ကိုယ်စားလှယ်ရုံးအဖွဲ့က MIC မှာရှိတဲ့ OSS မှာ လာထိုင်နေတယ်။ စီးပွား/ကူးသန်းရုံးကလည်း လုပ်ပိုင်ခွင့် အပြည့်ပေးထားတယ်။ အဲဒီမှာလာထိုင်တဲ့ ဒုတိယ ညွှန်ကြားရေးမှူးက လိုင်စင် အပြီးထုတ်ပေးလိုက်တယ်။ ထို့အတူ နိုင်ငံခြားက ပညာရှင်တွေခေါ်လာတယ်။ ဒီမှာအလုပ်လုပ်မယ်။ အဲဒါတွေအတွက်လည်း လူဝင်မှု ကြီးကြပ်ရေးအရာရှိတွေက ကျွန်တော်တို့ရုံးမှာ လာထိုင် တယ်။ ဗီဇာအားလုံး ၂၄ နာရီအတွင်းမှာ ထုတ်ပေး လိုက်တယ်။ အဲဒီလိုလွယ်ကူမြန်ဆန်အောင် လုပ်ပေး ထားတယ်။

ရင်းနှီးမြှုပ်နှံတဲ့ လူတစ်ယောက်ရောက်လာပြီဆိုရင် သူကစတင်ပြီးတော့ ကုမ္ပဏီထောင်မယ်။ တည်ဆောက်ရေး ကာလလုပ်တော့မယ်ဆိုရင် သူဟာ စည်ပင်သာယာမှာ တည်ဆောက်မိန့်လျှောက်ရမယ်။ နောက်တစ်ခါ မီးသတ် ကာကွယ်ရေးကိစ္စတွေ လုပ်ရမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနဲ့ပတ်သက်တဲ့ကိစ္စတွေ ဆောင်ရွက်ရမယ်။ အလုပ် သမားတွေ မှတ်ပုံတင်ဖို့လုပ်မယ်။ အခွန်နဲ့ပတ်သက်တဲ့ မှတ်ပုံသွားတင်မယ်။ ဒါတွေအားလုံးကို လွယ်လွယ်ကူကူ ဘယ်လို အထောက်အထားနဲ့လျှောက်ရမယ်။ ဘယ်နှရက် ကြာမယ်။ ဒီကိစ္စတွေ ငွေဘယ်လောက်ကုန်မယ်ဆိုတာကို One Stop Service နဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်း (SOP)ကိုလည်း JICA ကဆွဲထားတာပါ။ အခုဆိုရင် ပြီးခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုအစည်းအဝေးမှာ အတည်ပြုပြီးပြီ။ အဲဒီတော့ပြောချင်တာက နံပါတ်တစ် မြန်ဆန်အောင် လုပ်နေတယ်။ လုပ်နေတဲ့ကိစ္စတွေအားလုံးကိုလည်း ဟိုလူ မေးမှ သိမယ်၊ ဒီလူမေးမှ သိမယ်ဆိုတာမျိုး မဟုတ်ဘဲနဲ့ SOP ကို ရေးဆွဲထားပြီး အားလုံးအသိပေးဆောင်ရွက် နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**




# မကွေးတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်း မြစ်သားမြို့နယ်ရှိ ပြက္ခရွှေတောင်သို့ ရောက်ရှိ

**မကွေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ၃၇၃၄ ပေ မြင့်သော ပြက္ခရွှေတောင်သို့ မကွေး တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းက ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီက တောင်တက် ခရီးစဉ်စတင်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် လမ်းလျှောက်ခရီးစဉ် လေ့ကျင့်မှုရှိသော အသင်းသားများမှ ကျောင်းသား ကျောင်းသူ ၁၅၄ ဦး၊ အုပ်ချုပ်သူ ဘာသာရပ်ပေါင်းစုံ ဆရာ ဆရာမ ၂၆ ဦးတို့ လိုက်ပါခဲ့ကြသည်။ ယင်းတောင်တက်အဖွဲ့သည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် ပြက္ခရွှေတောင်ထိပ်သို့ ရောက်ရှိကြပြီး တောင်ပေါ်ရှိ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော စွယ်တော်မြတ်စေတီတော်အား ဖူးမြော်ကန်တော့ကြသည်။ ထို့နောက် မကွေးတက္ကသိုလ်ခြေလျင် နှင့် တောင်တက်အသင်း၏ အောင်နိုင်ရေးအလံကိုစိုက်ထူခဲ့ကြပြီး အဖွဲ့လိုက် မှတ်တမ်းတင် ဓာတ်ပုံများရိုက်ကြကြောင်း သိရသည်။

**မာမာစိုး**

# ပုလဲမြို့နယ်၌ စာသင်ကျောင်းဆောင်ပြုပြင်ရန် ထောက်ပံ့ငွေပေးအပ်

**ပုလဲ ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပဲခင်းမကျေးရွာ အုပ်စု စည်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲက မေလအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သွပ် အမိုးလန်ခဲ့သော အခြေခံပညာမူလတန်းကျောင်းဆောင်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ကျောင်းဆောင်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၂၈ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ထက်က ကျောင်းသုံးဗလာစာအုပ် ၁၀ ဒါဇင်ကို လည်းကောင်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မြို့ကျော်နှင့် ကျောင်း ကော်မတီဝင်များက လက်ခံရယူခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းရွှေက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်သည် မေလအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် သွပ်အမိုး လန်ခဲ့သော အလျား ပေ ၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်အမျိုးအစား အခြေခံပညာမူလတန်းကျောင်းဆောင် ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းရွေးချယ်ပွဲအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း (၂၀၁၈-၂၀၂၁) ခုနှစ် အမှုဆောင်သစ်ရွေးချယ်ပွဲ အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းရုံးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အင်းစိန်မြို့နယ်သတင်းစာဆရာအသင်း၏ မြို့နယ်စုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်



ရွေးချယ်ပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)ရုံး လူထုဗဟိုပြုအစည်းအဝေး ခန်းမ၌ ပြုလုပ်မည်ဖြစ်၍ အသင်းဝင်များ စုံညီစွာတက်ရောက်ကြရန်နှင့် လုပ်ငန်းပိုင်း ဆိုင်ရာတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း နာယက ဒါရိုက်တာ မောင်ယဉ်ကျော်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် မောင်ရွှေမန်း (အင်းစိန်)နှင့် အမှုဆောင်သစ် ရွေးချယ်ပွဲအတွက် ဆန္ဒပြုထားသူ မြို့နယ် သတင်းစာဆရာများ၊ အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။

**၆၈၄**

# ရွှေးကောက်ပွဲဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**အမ်း ဩဂုတ် ၂၀** - ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သိရှိနားလည်စေရန်ရည်ရွယ်၍ ကျောက်ဖြူ ခရိုင်မှ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းခင်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ညွန့်သိန်းတို့က အမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယုံကြည်လေးစားခြင်းခံရသူများကို ဩဂုတ် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် သင်တန်းဖွင့်လှစ် ပို့ချလျက်ရှိပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# သြစတြေးလျ၌ မိုးခေါင်မှုဒဏ် ခံစားရသည့်လယ်သမားများကို ငွေကြေးထောက်ပံ့ပေးမည်

**ဆစ်ဒနီ ဩဂုတ် ၂၀**

သြစတြေးလျနိုင်ငံ၌ ရာစုနှစ်ထက်ဝက်ကာလအတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော တောင်သူလယ်သမားများကို အစိုးရအဖွဲ့က ဘဏ္ဍာရေးအကူအညီ သြစတြေးလျဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ) ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မယ်ကွမ်တန်ဘူးလ်က ပြောကြားသည်။

သြစတြေးလျနိုင်ငံ အရှေ့ပိုင်းပြည်နယ်များ၌ နေထိုင်သော တောင်သူလယ်သမားများသည် မိုးခေါင်မှုဒဏ်ကို ခါးစည်းခံစားနေကြရသည်။ ယင်းပြည်နယ်များ၌ အပူချိန်လွန်ကဲပြင်းထန်မှုကြောင့် စားကျက်မြေများမှာ လွင်တီးခေါင်အဖြစ်သို့ ပြောင်းလဲသွားခဲ့ရသည်။

မိမိတို့သည် တောင်သူလယ်သမားများ၏ အခက်အခဲကို နားလည်စာနာပြီး ၎င်းတို့ကို အကူအညီပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် တန်ဘူးလ်က နယူးဆောက်ဝေးပြည်နယ် ဖော်ဘီးမြို့၌ ဩဂုတ် ၁၉ရက်တွင် သတင်းထောက်များအား ပြောကြားသည်။ ဆစ်ဒနီမြို့ အနောက်ဘက် မိုင် ၂၄၀ အကွာ ဖော်ဘီးမြို့ရှိ ကျွဲ၊ နွား၊ ဆိတ် စသည့် မွေးမြူသူများသည် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရသည်။

သြစတြေးလျနိုင်ငံ၌ မိုးခေါင်မှုဖြစ်ပွားခြင်းသည် ဖြစ်ရိုးဓမ္မတာဟု ဆိုနိုင်သော်လည်း မိုးခေါင်မှု၏ ကာလအတိုင်းအတာနှင့် ဆိုးရွားပြင်းထန်မှုတို့အပေါ် မူတည်၍ တောင်သူလယ်သမားများမှာ ထိခိုက်မှုများ ရှိတတ်ပြီး ဝမ်းစာသိုလှောင်မှုကိုပင် ပြုန်းတီးစေနိုင်သည်။

မိုးခေါင်မှုဒဏ်ခံနေရသော ပြည်နယ်များရှိ တောင်သူလယ်သမားများနှင့် အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အငြိမ်းစား တပ်မတော် အထက်တန်း အရာရှိတစ်ဦးကို သဘာဝဘေးအန္တရာယ် ညှိနှိုင်းရေးမှူးအဖြစ် အစိုးရက ခန့်အပ်ပေးခဲ့သည်။ **အေအက်ဖ်ပီ**





## ဗင်နီဇွဲလားနယ်စပ်အနီး တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ဘရာဇီးအစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင်များ စေလွှတ်

**ဆောပေါ်လို ဩဂုတ် ၂၀**

အိမ်နီးချင်းဗင်နီဇွဲလားနိုင်ငံမှ လူအများ အစုအပြုံလိုက်ဝင်ရောက်လာခြင်းအပေါ် ဒေသတွင်းတင်းမာမှုများမြင့်တက်လာခဲ့ပြီးနောက် ဘရာဇီးအစိုးရက ယင်းဒေသသို့ စစ်ဘက်ဆိုင်ရာတပ်ဖွဲ့ဝင်များကို စေလွှတ်လိုက်ကြောင်း၊ သမ္မတ မစ်ချယ်တီမာသည် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စနှင့်ပတ်သက်၍ ၎င်း၏အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့်အတူ အရေးပေါ်အစည်းအဝေးကျင်းပခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဗင်နီဇွဲလားနှင့်ထိစပ်နေသော ဘရာဇီးနယ်စပ်မြို့ ပါကာရေမားတွင် ဒေသခံများနှင့် နေရပ်ပြောင်းရွှေ့ဝင်ရောက်လာသော ဗင်နီဇွဲလားလူမျိုးများအကြား အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသားများကို ၎င်းတို့ခိုလှုံနေထိုင်သည့် ယာယီရွက်ဖျင်တဲများမှ မောင်းထုတ်ခဲ့ကြပြီး ၎င်းတို့ပိုင် ပစ္စည်းများကို မီးရှို့ဖျက်ဆီးပစ်ခဲ့ကြသည်။

ယင်းအကျပ်အတည်းကို တုံ့ပြန်ရန်အတွက် ဘရာဇီးသမ္မတ တီမာက ဘရာဆီးလီးယားမြို့ရှိ သမ္မတအိမ်တော်တွင် ကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဩဂုတ် ၁၈ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများအပြီးတွင် ဘရာဇီးနယ်စပ်မြို့ ပါကာရေမားရှိ ဗင်နီဇွဲလားရွှေ့ပြောင်း ခိုလှုံသူအများစုကို ဗင်နီဇွဲလားနယ်စပ်မြို့ ဆန်ကာအဲလီနာဒီအူသို့ အင်အားသုံးမောင်းထုတ်ခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံသားရွှေ့ပြောင်းဝင်ရောက်လာသူ ၁၂၀၀ ကျော်သည် ဩဂုတ် ၁၈ ရက်ကဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုအပြီးတွင် ၎င်းတို့၏နိုင်ငံနယ်စပ်ဒေသအတွင်းသို့ ပြန်လည်ဝင်ရောက် သွားကြကြောင်း ဘရာဇီးလူဝင်မှုကြီးကြပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ဗင်နီဇွဲလားနိုင်ငံမှ ပြောင်းရွှေ့ဝင်ရောက်လာသူများသည် ဘရာဇီးနိုင်ငံတွင်းသို့ တစ်နေ့လျှင် ပျမ်းမျှ ၅၀၀ နီးပါးဝင်ရောက်ကြောင်း၊ သို့သော် ဩဂုတ် ၁၉ ရက်မှစ၍ ဝင်ရောက်လာသူဦးရေများစွာလျော့နည်းသွားကြောင်း ၎င်းကပြောကြားသည်။

ပါကာရေမားမြို့မြင်ကွင်းသည် ဩဂုတ် ၁၉ ရက်တွင် လူသူကင်းမဲ့နေကြောင်း၊ မြို့မှာ တိတ်ဆိတ်ငြိမ်သက်လျက်နေပြီး ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးစောင့်ကြပ်လျက်ရှိကာ ဈေးများပြန်လည်ဖွင့်လှစ်ကြောင်း၊ ထိုမြို့တွင် နေထိုင်သူဦးရေမှာ ၁၂၀၀၀ ခန့်ရှိပြီး ခွဲခြားဆက်ဆံမှုပြုရန်မည်သူမျှ ဆန္ဒမရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

တပ်ဖွဲ့ဝင်ဦးရေ ၁၂၀ ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့တစ်ဖွဲ့ကို အဆိုပါဒေသသို့ စေလွှတ်ထားကြောင်း ဘရာဇီးပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဩဂုတ် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဗင်နီဇွဲလားနိုင်ငံတွင်း၌ ကြုံတွေ့နေရသည့် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအကျပ်အတည်းများမှလွတ်မြောက်ရန်ကြိုးပမ်းသည့်အနေဖြင့် လွန်ခဲ့သည့်သုံးနှစ်မှစ၍ ထောင်ပေါင်းများစွာသော ဗင်နီဇွဲလားပြည်သူများသည် နယ်စပ်ကို ဖြတ်ကျော်ကာ ဘရာဇီးနိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ **အေအက်ဖ်ပီ**

## တိုက်ပွဲများအတွင်း ဖမ်းမိသည့်ကလေးစစ်သား ၃၁ ဦးကို ဟူသီသူပုန်များက ကြက်ခြေနီအဖွဲ့ထံသို့ လွှဲပြောင်းပေး

**ဆာနား ဩဂုတ် ၂၀**

တိုက်ပွဲများအတွင်း ဖမ်းဆီးရမိသည့် ကလေးစစ်သား ၃၁ ဦးကို ယီမင်ဟူသီသူပုန်အဖွဲ့က ဩဂုတ် ၁၉ ရက်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဟူသီသူပုန်များထိန်းချုပ်ထားသည့် နိုင်ငံပိုင်ဆာဗာသတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါကလေးစစ်သားများမှာ ကျူးကျော်ရေးတပ်ဖွဲ့များတွင် စစ်မှုထမ်းနေသူများဖြစ်ကြောင်း ဆာဗာသတင်းဌာနက ဖော်ပြသည်။ ကျူးကျော်ရေးတပ်ဖွဲ့များဟူသည် နိုင်ငံတကာက အသိအမှတ်ပြုထားပြီး ဆော်ဒီအာရေဗျနိုင်ငံဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ထောက်ခံမှုပေးထားသည့် ယီမင်အစိုးရတပ်ဖွဲ့များကို ရည်ညွှန်းခြင်းဖြစ်သည်။

ယင်းကလေးစစ်သည်များအား လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို ဟူသီသူပုန်များထိန်းချုပ်ထားသည့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနတွင် ကျင်းပခဲ့ပြီး ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း ဆာဗာသတင်းဌာနက သတင်းဖော်ပြသည်။



### တုံ့ပြန်

ယင်းဖြစ်ရပ်နှင့်ပတ်သက်၍အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ)နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)တို့မှ တာဝန်ရှိသူများထံ မှတ်ချက်ပြုပြောကြားရန် ဆင်ဟွာသတင်းဌာနက ဆက်သွယ်ခဲ့သော်လည်း ၎င်းတို့က လတ်တလောတွင် တုံ့ပြန်ပြောကြားမှုမရှိခဲ့ပေ။

ယီမင်နိုင်ငံတောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ အေဒင်တွင် အခြေစိုက်သည့် ယီမင်အစိုးရကလည်း အလားတူမှတ်ချက်ပြုပြောကြားခြင်း မရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **အေအက်ဖ်ပီ**

## အပျော်စီးသင်္ဘောကြီးပေါ်မှပြုတ်ကျသူ ကမ္ဘာလှည့်အမျိုးသမီးကို ကယ်တင်နိုင်

**ဇာဂရက် ဩဂုတ် ၂၀**

ခရိုအေးရှားနိုင်ငံအနီး ပင်လယ်ပြင်တွင် အပျော်စီးသင်္ဘောကြီးတစ်စင်းပေါ်မှ ရေပြင်အတွင်းသို့ ပြုတ်ကျခဲ့သော အင်္ဂလိပ်လူမျိုး ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် ၁၀ နာရီကြာမျှ ပင်လယ်ပြင်အတွင်း ရှိနေခဲ့ပြီးနောက် ၎င်းကို ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၀ ရက်တွင် ပြောကြားသည်။

'နော်ဝေကြယ်ပွင့်' အမည်ရှိ အပျော်စီးသင်္ဘောကြီး၏ ပဲ့ပိုင်းမှ ပြုတ်ကျခဲ့သူ ကမ္ဘာလှည့်ခရီးသည် အမျိုးသမီးသည် အက်ဒရီယော့တစ်ပင်လယ်ပြင်အတွင်း ၁၀ နာရီကျော်မျှ ရှိနေခဲ့ပြီးနောက် ခရိုအေးရှားနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန် မိုင် ၆၀ အကွာတွင် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ ကယ်တင်မှုအရ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခဲ့သည်။

အမည်မဖော်သူ အင်္ဂလိပ်လူမျိုး ကမ္ဘာလှည့်ခရီးသည်မှာ အသက် ၄၆ နှစ်ရှိပြီး ပင်လယ်ပြင်အတွင်း အသက်ဘေးမှ လွတ်မြောက်အောင် မည်သို့ ကူးခတ်နေခဲ့ရသည်ကို လောလောဆယ် မသိရသေးပေ။ **အေအက်ဖ်ပီ**



## စင်စင်နတီအိုးပင်းပြိုင်ပွဲတွင် ဖက်ဒရာကို ဂျိုကိုဗစ် အနိုင်ရ

စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲအဖြစ် ကမ္ဘာ့နံပါတ်တစ်တင်းနစ် ကစားသမားဟောင်းဂျိုကိုဗစ်နှင့် ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ရော်ဂျာဖက်ဒရာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က ဖက်ဒရာကို ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့သည်။

အသက် ၃၁ နှစ်အရွယ်ရှိ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် စင်စင်နတီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒုတိယနေရာဖြင့်ငါးကြိမ်အထိ တက်လှမ်းထားနိုင်ခဲ့သူဖြစ်ပြီး လက်ရှိတွင်မူ စင်စင်နတီအိုးပင်းတင်းနစ်ချန်ပီယံ ခုနစ်ကြိမ်အထိ ရယူထားသည့် ဖက်ဒရာကို အနိုင်ရရှိခဲ့ပြီဖြစ်သည်။ ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံဂျိုကိုဗစ်သည် ဆွစ်ဇာလန် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဖက်ဒရာနှင့် သုံးရာသီကစားခဲ့ရာတွင်လည်း စင်စင်နတီအိုးပင်းနောက်ဆုံးဗိုလ်လုပွဲတွင် ရှုံးပွဲဖြင့်သာ ကြုံတွေ့ခဲ့ရခြင်းကြောင့် ယခုနိုင်ပွဲသည် ဂျိုကိုဗစ်အတွက် ပထမဆုံးသော စင်စင်နတီအိုးပင်းချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်သည် ရော်ဂျာဖက်ဒရာကို အနိုင်ရရှိခဲ့ခြင်းကြောင့် အေတီပီပြိုင်ပွဲကိုးခုစလုံးတွင် ဖက်ဒရာကို အနိုင်ရရှိခဲ့သည့် ပထမဆုံးသော တင်းနစ်ကစားသမားလည်းဖြစ်လာခဲ့သည်။

ယခုကဲ့သို့ အနိုင်ရရှိခဲ့ခြင်းကြောင့် ဂျိုကိုဗစ်သည် ဩဂုတ် ၂၇ ရက်တွင် စတင်ကျင်းပမည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက်လည်း စိတ်ဓာတ်ပိုင်းဆိုင်ရာပိုမိုယုံကြည်မှုရှိလာခဲ့ပြီလည်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

## ကာဗာဂျယ်နှင့် ဂါရတ်ဘေးလ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် ရီးယဲလ်မက်ဒရစ် နိုင်ပွဲစတင်ရရှိ

ရီးယဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်(၁)အဖြစ် ဂီတာဖေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ကာဗာဂျယ်နှင့် ဂါရတ်ဘေးလ်တို့၏ သွင်းဂိုးနှစ်ဂိုးဖြင့် လာလီဂါနိုင်ပွဲစတင်ရရှိခဲ့ပြီဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် အဓိကအားထားရသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် နည်းပြဇီဒန်းတို့မရှိတော့သော်လည်း ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၏ လာလီဂါအဖွင့်ပွဲစဉ်တွင် နိုင်ပွဲနှင့်အတူ ပြန်လာနိုင်ခဲ့ခြင်းဖြစ်သည်။

အသင်းမှ ထွက်ခွာသွားသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒို၏နေရာကို အစားထိုးရန် ကစားသမားခေါ်ယူမှုတစ်စုံတစ်ရာ မပြုလုပ်ခဲ့ဘဲ တိုက်စစ်ပိုင်းတွင် ဂါရတ်ဘေးလ်၊ အဆန်စီယိုနှင့် ဘင်ဇီမာတို့ကိုသာ ပွဲထွက်အခင်းအကျင်းတွင် အသုံးပြုခဲ့သည့် ရီးယဲလ်မက်ဒရစ်အသင်းသည် ပွဲကစားချိန် မိနစ် ၂၀ တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်၏ ဖြတ်တင်ပေးသည့်ဘောလုံးကို ကာဗာဂျယ်က အကောင်းဆုံးအသုံးချကာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပွဲကစားချိန် ၅၁ မိနစ်တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဂီတာဖေးအသင်းမှာ ချေပဂိုးပြန်လည် မသွင်းယူနိုင်ခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ဂီတာဖေးအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်သည် ရာသီမစတင်မီ ကစားခဲ့ရသည့် ဥရောပ စူပါဖလားပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရပြီး ဖလားတစ်လုံးလက်လွှတ်ခဲ့သည့်အသင်းဖြစ်သည်။ သို့ရာတွင် စီရိုနယ်လ်ဒိုမပါဝင်ခြင်းကြောင့် ရှုံးနိမ့်ခဲ့ရသည်ဆိုသည့်ဝေဖန်မှုကို စပိန်လာလီဂါပွဲစဉ်နိုင်ပွဲဖြင့် ရပ်တန့်စေခဲ့သည်။






## ယခုနှစ်တွင် ဖလားရရှိရမည်ဟု အသင်းဖော်များအား ဟယ်ရီကိန်း ပြောကြား

ယခု ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ဆုဖလားတစ်လုံးရရှိရမည်ဟု စပါးအသင်းဖော်များအား တိုက်စစ်မှူးဟယ်ရီကိန်းက ပြောကြားလိုက်သည်။

စပါးအသင်းသည် နည်းပြပိုချက်တီနိုလက်ထက် ပြီးခဲ့သည့် ဘောလုံးရာသီလေးရာသီက သိသာသည့်တိုးတက်မှုများရှိခဲ့သော်လည်း အဆိုပါ အာဂျင်တီးနားနိုင်ငံသား ပိုချက်တီနိုလက်ထက်တွင် ဆုဖလား ရရှိရန်လိုအပ်နေဆဲဖြစ်ကြောင်း တိုက်စစ်မှူး ဟယ်ရီကိန်းက ဆိုသည်။

ယခုနှစ်ဘောလုံးရာသီတွင်လည်း စပါးအသင်းအနေဖြင့် ပရီမီယာလိဂ်နှစ်ပွဲကစားအပြီးတွင် နယူးကာဆယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ကို အနိုင်ရရှိထားပြီး ရမှတ်ခြောက်မှတ်အပြည့် ရရှိထားသည့်အသင်းဖြစ်သည်။

စပါးအသင်းအနေဖြင့် လာမည့်ပရီမီယာလိဂ်ပွဲစဉ်(၃)အဖြစ် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဆိုပါပွဲစဉ်တွင်လည်း နိုင်ပွဲရရှိရေးကြိုးပမ်းသွားမည်ဟု တိုက်စစ်မှူး ဟယ်ရီကိန်းက ဆိုသည်။ သို့ရာတွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် မန်ယူအသင်းသည်လည်း ဘရိုက်တန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းကြောင့် နိုင်ပွဲတစ်ပွဲမဖြစ်မနေပြန်လည်ရှာဖွေရမည့် အသင်းလည်းဖြစ်သည်။

နည်းပြပိုချက်တီနိုလက်ထက် စပါးအသင်း၏ နောက်ဆုံးလေးရာသီတွင် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ရမှတ် ၆၄ မှတ်ဖြင့် အဆင့်(၅)၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီက ရမှတ် ၇၀ ဖြင့် အဆင့်(၃)၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ရမှတ် ၈၆ မှတ်ဖြင့် အဆင့်(၂) နေရာနှင့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ရမှတ် ၇၇ မှတ်ဖြင့် အဆင့်(၃) စသည်ဖြင့် အသီးသီးရပ်တည်ခဲ့သည်။

ထိုသို့ ပရီမီယာလိဂ်ဖလားရရှိနိုင်မည့် အနေအထားတစ်ရပ်ကို ပိုင်ဆိုင်ရလုနီးပါးအခြေအနေရှိခဲ့သော်လည်း အခြားကလပ်အသင်းများကသာ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးသွားကြခြင်းကြောင့် စပါးအသင်းအနေဖြင့် နည်းပြပိုချက်တီနိုလက်ထက်တွင် ဖလားရရှိရန် တိုက်စစ်မှူး ဟယ်ရီကိန်းက ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

## လီယွန်ဘေလေးကို ခေါ်ယူရန် လီဗာပူး၊ မန်ယူနှင့် ချယ်လ်ဆီးတို့ ပစ်မှတ်ထားနေ

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး လီယွန်ဘေလေးသည် လက်ရှိဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ ထွက်ခွာကာ အသင်းပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်နေသော်လည်း လေဗာကူဆင်အသင်းကမူ အဆိုပါကစားသမားအား စာချုပ်သစ်ချုပ်ဆိုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် တိုက်စစ်မှူး လီယွန်ဘေလေးအား လီဗာပူးအသင်း၊ မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းလည်းသိရသည်။

နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက တိုက်စစ်မှူး လီယွန်ဘေလေးအား မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေခဲ့ခြင်းဖြစ်ပြီး လတ်တလောထွက်ပေါ်လာသည့် သတင်းများအရ လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း စိတ်ဝင်စားနေကြောင်း သိရသည်။

တိုက်စစ်မှူး လီယွန်ဘေလေး၏ အေးဂျင့်ဖြစ်သူကမူ အီတလီ စီးရီးအေကလပ် ရိုးမားအသင်းမှ ချိတ်ဆက်လာမှုရှိခဲ့သည်ဆိုသည့် သတင်းကိုမူ ငြင်းဆိုခဲ့ပြီး ချိတ်ဆက်လာမှုမရှိကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

ကလပ်အသင်းက ထုတ်ပြန်သော ထုတ်ပြန်ချက်အရ တိုက်စစ်မှူး လီယွန်ဘေလေးအား စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် သဘောတူညီထားကြောင်းနှင့် အဆိုပါစာချုပ်သစ်မှာ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိဖြစ်ကြောင်း ဖော်ပြထားသည်။

တိုက်စစ်မှူး လီယွန်ဘေလေးသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့အတွင်းက ဂျန့်အသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး လေဗာကူဆင်အသင်းနှင့်အတူ ပွဲပေါင်း ၄၄ ပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၁၂ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။



# ရန်ကုန်ဘူတာကြီး၌ ခွင့်ပြုချက်မရှိဘဲ ကုန်ထမ်း၍ အခကြေးငွေတောင်းယူသူ ခြောက်ဦးအား အရေးယူထား

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်ဘူတာကြီး၌ ရထားစီးခရီးသည် နှစ်ဦးသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပါလာသော ပစ္စည်းများအား အလုပ်သမား ငှားရမ်းသယ်ဆောင်ခဲ့ရာ အလုပ်သမား ခြောက်ဦးက လူမိုက်ဆန်ဆန် အခကြေးငွေများ ပိုမိုတောင်းခံခဲ့သည့်အတွက် အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁၃)ရထားရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)က စုံစမ်းရာ အလုပ်သမား ခြောက်ဦးမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၈၈)ရပ်ကွက်နေ မောင်နီ၊ လှိုင်သာယာမြို့နယ် မီးကွက်ဈေးရပ်ကွက်နေ အောင်ကိုလတ်(ခ) ရှိုဝါးလေး၊ ဗိုလ်တထောင်မြို့နယ် (၁၀) ရပ်ကွက်နေ ကျော်အေး(ခ)ဘဘလေး၊ မြန်မာ့မီးရထား ကြေးနန်းနှင့် အချက်ပြဌာန စက်မှုကျွမ်းကျင်-၅ မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်နေ ကျော်ခင်၊ ကုန်တင်ကုန်ချ နေ့စားဝန်ထမ်းများဖြစ်သော ရွှေပြည်သာမြို့နယ်နေ စတားလုံး(ခ)ကျော်ဦးနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဇော်ဇော်တို့ဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ၎င်းတို့အား မေးမြန်းရာ ခရီးသည်ထံမှ ငွေကျပ် ၁၇၀၀၀ တောင်းခဲ့သော်လည်း ကျပ် ၆၀၀၀ ဖြင့် ဈေးတည့်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီ ခွဲဝေယူခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ရထားပေါ်၌ အခြားသူအား စိတ်ပြိုငြင်အောင် ပြုမူဆောင်ရွက်ပြီး ရထားနယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကုန်ထမ်းရန် ပြုလုပ်သူများဖြစ်သော မောင်နီ၊ အောင်ကိုလတ်(ခ)ရှိုဝါးလေး၊ ကျော်အေး(ခ)ဘဘလေး၊ စတားလုံး(ခ)ကျော်ဦးနှင့် ဇော်ဇော်တို့အား ရန်ကုန်ရထားရဲစခန်း၌ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၈(က)ဖြင့်လည်းကောင်း၊ ကျော်ခင်အား ရန်ကုန်ရထားရဲစခန်း (ပ)၈၆/၂၀၁၈၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၇(က)ဖြင့်လည်းကောင်း ၎င်းတို့ ခြောက်ဦးအား ရန်ကုန်ရထားရဲစခန်း (ပ)၈၈/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆/၁၁၄ ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


မောင်နီ


ရှိုဝါးလေး(ခ)အောင်ကိုလတ်


စတားလုံး(ခ)ကျော်ဦး


ကျော်အေး


ကျော်ခင်


ဇော်ဇော်



# ရေပူနှင့်မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၀**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဩဂုတ် ၁၉ ရက်တွင် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၂၃ စီး၊ သွင်းကုန် ၄၄၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၃ စီး၊သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ ဒသမ ၀၀၂ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးစခန်းက တားဆီးမှု နှစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၃၉၄ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀ ဒသမ ၃၉၆ သန်းခန့်)သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်နေစဉ် စံလောင်းကျေးရွာအနီး ယာဉ်မောင်းမဲ့ ရပ်တန့်ထားသော TOYOTA DYNA ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးဖြတ်စဆိုဒ်စုံ ၉၁၂ ကီလိုဂရမ်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၆ ဒသမ ၆၀၀ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မဘိမ်းမြို့နယ်တွင် ကျပ်သိန်း ၁၇၀၀၀ ခန့် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုးညှင်း ဩဂုတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်အတွင်း နယ်မြေခံစစ်ကြောင်းမှ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၁၆၈၇၆၀၀၀၀၀ ခန့်အား တောတွင်းတစ်နေရာမှ ရှာဖွေတွေ့ရှိခဲ့သဖြင့် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မဘိမ်းမြို့မရဲစခန်းသို့ အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် နယ်မြေခံတပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် လဝါးကျေးရွာအုပ်စု(ဒေသအခေါ်)ကျောက်လုံးကြီး (KF-874940)ဒေသတွင် နယ်မြေရှင်းလင်းရေးအတွက် ဆောင်ရွက်နေစဉ် တောတွင်းချုံအတွင်း၌ ဆာလာအိတ်ဖြင့် ဝှက်ထားသောအထုပ်အား တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား တစ်ပါကင်လျှင် ၁၀၀၀၀ ပြားစီပါ ပါကင် ၈၀ နှင့် 88/1 စာတန်းပါ ပန်းရောင်ဆေးပြား ၆၀၀၀ စီပါ လေးထုပ်(စုစုပေါင်းဆေးပြား ၈၂၄၀၀၀၊ တန်ဖိုးငွေကျပ် ၁၆၄၈၀၀၀၀၀၀)နှင့် ဆပ်ပြာခွက်များအတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူဝါမှုန့် အလေးချိန် ၁၀ ဂရမ်စီပါခွက် ၂၂၀ (စုစုပေါင်းအလေးချိန် ၂၂၀၀၊ တန်ဖိုးငွေကျပ် ၃၉၆၀၀၀၀၀) စုစုပေါင်း မူးယစ်ဆေးဝါး တန်ဖိုးငွေကျပ် သိန်းပေါင်း ၁၇၀၀၀ ခန့်အား ရှာဖွေတွေ့ရှိခဲ့သဖြင့် စာရင်းပြုစုကာ မဘိမ်းမြို့မရဲစခန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံခဲ့ကြောင်း သိရသည်။

ထို့နောက် မဘိမ်းမြို့မရဲစခန်းက တရားခံဖမ်းဆီးရမိရေး စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# ဖမ်းဆီးခံ ရိုက်တာသတင်းထောက် နှစ်ဦးအား စွဲဆိုထားမှုအပေါ် အပြီးသတ်ကြားနာ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် နှစ်ဦး မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရမှုနှင့်ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်၏ တရားခွင်(၆)တွင် ယနေ့ နံနက် ၁၀ နာရီက ၃၆ ချိန်းမြောက်ရုံးထုတ်ခဲ့ကာ နှစ်ဖက်ရှေ့နေများထံမှ အပြီးသတ်လျှောက်လဲချက်များ ကြားနာခဲ့ပြီး လာမည့်တစ်ပတ်ရုံးချိန်း၌ အပြီးသတ်အမိန့်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှာ သုံးဦးကို ပယ်လိုက်သဖြင့် ကျန်တရားလိုပြသက်သေ ၂၂ ဦး ကုန်စင်အောင်စစ်ဆေးပြီးရာမှ ဇူလိုင် ၂ ရက်ရုံးချိန်းတွင် စွဲချက်တင်ရန် သင့်၊ မသင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာခဲ့ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ကြားနာခဲ့ပြီးခါမှ ယခင်အစ ကနဦးစွဲဆိုထားသည့် ဥပဒေပုဒ်မ ၃(၁)(ဂ)နှင့်ပင် ဇူလိုင် ၉ ရက်ရုံးချိန်း၌ စွဲချက်တင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက “ကျွန်မတို့ မြောက်ပိုင်းခရိုင် တရားရုံး ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ ဒီကနေ့ နှစ်ဖက်ရှေ့နေတွေရဲ့ အပြီးသတ်လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့်ကြားနာတာဖြစ်ပါတယ်။ လာမယ့်ရက်သတ္တပတ်ရုံးချိန်းမှာ အပြီးသတ်အမိန့်ချမှတ်သွားမှာမို့ ဩဂုတ် ၂၇ ရက်ကို ချိန်းဆိုထားပါတယ်”ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၈-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၀၀ Breakfast News
၇း၃၅ “ဘွဲ့ထူးပိုင်၍ စံပြုထိုက်သူ သူလိုလူ”
၈း၃၅ “စီးပွားရေးစကားဝိုင်း” (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ)(ပထမပိုင်း)
၉း၂၀ ဥပဒေရေးရာအဖြာဖြာ “မကောင်းဆိုးဝါး” (ဦးစံပေါ၊ ဦးချစ်ဦး၊ ဝေဖြိုးဟိန်း၊ စိုင်းရာဇာ၊ တော်မီလှိုင်၊ သူရ၊ ခင်ဖြူဖြူသန့်၊ အိအိသဲ)(ဒါရိုက်တာ-ဝေဠု(ဝသန်))
၁၀း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၄၅ “အတူယှဉ်တွဲနွှဲလို့ပျော် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်”
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၃၅)
၁၃း၃၀ Myanmar's Democratic Transition Challenges and Way Forward by Her Excellency Daw Aung San Suu Kyi State Counsellor of The Republic of The Union of Myanmar in Singapore (Live Broadcast)
၁၄း၄၀ Yes or No Talk Show
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ”(အပိုင်း-၁၃)

**ညပိုင်း**

၁၆း၂၅ YTN (Science) “အိပ်မက်များရဲ့ကုန်ကြမ်း Graphene”
၁၇း၁၀ “ဆန်းသစ်တီထွင်ဆေးဖက်ဝင် ပယင်းအလှရတနာအသွင်”
၁၇း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၂၀ Football Magazine
၁၈း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် အိုင်းရင်းဇင်မာမြင့်)
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၃၆)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ “စီးပွားရေးစကားဝိုင်း” (မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ)(ဒုတိယပိုင်း)
-အနုပညာခန်းရိပ်သာ “ဆရာချစ်ဦးညိုနှင့်တွေ့ဆုံခြင်း”(ပထမပိုင်း)
-နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝတစ်ခုအချစ်တစ်ခု”(အပိုင်း-၉)
-အစီအစဉ်ပြီး၏။

# မော်တင်စွန်းကမ်းခြေတွင် ဝေလငါးကြီးတစ်ကောင် သေဆုံးလျက်တွေ့ရှိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအနီး မေခလာတည်းခိုဆောင်ရှေ့ ပင်လယ်ကမ်းစပ်၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက သေဆုံးလျက်ရှိသော ဝေလငါးတစ်ကောင် ပင်လယ်ရေနှင့် မျောပါလာပြီး ကမ်းခြေသဲသောင်ပြင်ပေါ်၌ တင်နေသည်ကို တွေ့ရှိရသည်။

အဆိုပါဝေလငါးကြီးမှာ အလျား ၃၂ပေ၊ လုံးပတ် ပေ၂၀ ခန့်ရှိပြီး ပုပ်ပွနေခြင်းဖြစ်သည့်အတွက် အရောင်အဆင်းမှာ အဖြူရောင်အဖြစ်သာ တွေ့ရှိရသည်။ နံနက် ၁ နာရီခန့်က မေခလာတည်းခိုဆောင်၏ အစောင့်ဖြစ်သူ ဦးမောင်မောင်ထွန်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနက သွားရောက်ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# နောင်ချိုနှင့် ဂုတ်ထိပ်တံတား



ကောင်းစည်သူ

မန္တလေးမြို့နှင့် လားရှိုးမြို့တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်ရှိ နောင်ချိုမြို့သည် ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၃၅ အုပ်စု၊ ကျေးရွာ ၂၅၃ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၇ ခုနှစ် မတ်လစာရင်းများအရ လူဦးရေ ၁၂၇၀၀၇ ဦးသာ နေထိုင်သည့် မြို့ငယ်လေးတစ်ခုသာဖြစ်သော်လည်း ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကြောင့် အလွန်ထင်ရှားလျက်ရှိသည်။

**နောင်ချို**

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နောင်ချိုမြို့သည် ကျောက်မဲခရိုင်တွင်ပါဝင်ကာ အရှေ့ဘက်နှင့် မြောက်ဘက်တွင် ကျောက်မဲမြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်နှင့် တောင်ဘက်တွင် ရပ်စောက်မြို့နယ်တို့တည်ရှိသည်။ ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၂၇၅၀ မြင့်သည့် နောင်ချိုမြို့နယ်သည် တောင်ပေါ်ကုန်းမြင့်ပိုင်းနှင့် မြောက်ဘက်ချိုင့်ဝှမ်းမြေနိမ့်ပိုင်းဟူ၍ မြေမျက်နှာသွင်ပြင် နှစ်မျိုးရှိသည်။

ရှမ်းဘာသာစကား နောင်သည် အင်းဖြစ်၍ ချိုသည် အစိမ်းရောင်ဟု အဓိပ္ပာယ်ရှိသဖြင့် နောင်ချိုသည် တစ်ချိန်က အင်းစိမ်းစခန်းအဖြစ် ဟော်တော် ကျောင်းတိုက် အနောက်ဘက်တွင် တည်ရှိခဲ့သည်။ သီပေါစော်ဘွား ဆာစောချယ်၏ တာဝန်ပေးချက်အရ ဦးခွန်မုံသည် အင်းစိမ်းအနီးရှိ သုံးဆယ်နယ်ကို အုပ်ချုပ်ခဲ့သည်။ ဂုတ်ထိပ်တံတားတည်ဆောက်ချိန်တွင် သုံးဆယ်ကို အင်းစိမ်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အင်းစိမ်းသည် နောင်ချိုမြို့ဟု ဖြစ်လာခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၇၂ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ဖွဲ့စည်းခဲ့သည့် နောင်ချိုမြို့နယ် အကျယ်အဝန်းသည် ၁၂၆၅ ဒသမ ၆၁ စတုရန်းမိုင်ဖြစ်သည်။ နောင်ချိုမြို့မှ မီးရထားလမ်းအတိုင်း ခုနစ်မိုင်ကွာဝေးသည့် မိုင်တိုင်အမှတ် (၄၆၃/၀၉) တွင် ရင်သပ်ရှုမောဖွယ်ကောင်းလှသည့် သမိုင်းဝင် ဂုတ်ထိပ် မီးရထားလမ်းတံတားကြီးရှိသည်။ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားစွာ သွားရောက်ကြည့်ရှုကြရသည့် ယင်းတံတားကြီးသည် သက်တမ်း နှစ် ၁၂၀ ပြည့်လုနီးပြီဖြစ်ပေသည်။

**ဂုတ်ထိပ်၏ နောက်ခံ**

မန္တလေးမြို့မှ အရှေ့မြောက်ဘက်သို့ မိုင် ၆၀ ကွာဝေးသည့် သီပေါမြို့နယ်အတွင်းရှိ ဟိုကွတ်ကျေးရွာသည် ၁၈၉၈ ခုနှစ်တွင် ရွာ ၄၈ ရွာကို အုပ်ချုပ်ရသော တိုက်နယ်ဌာနဖြစ်ခဲ့သည်။ ဟိုကွတ်ဟူသော အမည်ကို ထိုနေရာတွင် မြစ်ချောင်းများ ငုပ်လျှိုးကွယ်ပျောက်သွားသည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် ဖော်ပြထားသည်။ ထိုရွာအနီးတွင် နမ်းပဆေးမြစ်သည် ဂုတ်ထိပ်တံတားအောက်နေရာရှိ ကျောက်လိုဏ်ဂူသုံးခုကို ဖြတ်သန်းပြီး အဝေးရောက်မှ ပြန်လည် ပေါ်ထွက်လာသဖြင့် ထိုရွာကို နမ်းပဆေးမြစ်ငုပ်သွားသည့် ထိပ်နေရာဟု ရည်ညွှန်းကာ ငုပ်ထိပ်ကျေးရွာဟု ခေါ်ခဲ့ကြသည်။ အချိန်ကာလ ရွေ့လျောလာချိန်တွင် ငုပ်ထိပ်မှ ဂုတ်ထိပ် ဖြစ်လာခဲ့သည်။ ဗြိတိသျှတို့သည် မန္တလေးမှ ကွမ်းလုံသို့ မီးရထားလမ်း ဖောက်လုပ်ခဲ့သဖြင့် ဂုတ်ထိပ်ကျေးရွာတွင် ကမ္ဘာကျော် မီးရထားလမ်း တံတားကြီး ပေါ်ပေါက်ခဲ့သည်။

ခရစ်နှစ် ၁၈၇၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး မီးရထားလမ်းဖြစ်သည့် ရန်ကုန်-ပြည် မီးရထားလမ်းကို ဖောက်လုပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း ဆက်လက်ပေါ်ထွန်းလာခဲ့သည့် မီးရထားလမ်းများအနက် ဗြိတိသျှတို့ ဖောက်လုပ်ခဲ့သည့် ဂုတ်ထိပ်မီးရထားလမ်းနှင့် ဂျပန်တို့ ဖောက်လုပ်ခဲ့သည့် သေမင်းတမန်ရထားလမ်းတို့သည် ကမ္ဘာကျော် မီးရထားလမ်းများအဖြစ် ထင်ရှားခဲ့ကြသည်။

ဂုတ်ထိပ်တံတားဟု ထင်ရှားသည့် တောင်ကြားဖြတ်ရထားလမ်း (Goteik viaduct) သည် ကမ္ဘာပေါ်တွင် တောင်ကြားကိုဖြတ်၍ တည်ဆောက်ထားသည့် မီးရထားလမ်းများအနက် အမြင့်ဆုံးနှင့် ဒုတိယအရှည်ဆုံးဖြစ်ကာ တောင်ကြား နှစ်ခုအကြား၊ ပေ ၃၀၀ ကျော်အမြင့်တွင်ရှိသည်။ သေမင်းတမန်ရထားလမ်းသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် တည်ရှိ၍ ဒုတိယကမ္ဘာစစ်အတွင်း မဟာမိတ်စစ်သုံ့ပန်းများနှင့် မြန်မာပြည်သူများ၏ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသဖြင့် စစ်၏အနိဋ္ဌာရုံ ရထားလမ်းတစ်ခုအဖြစ် ထင်ရှားခဲ့သည်။

ဗြိတိသျှအစိုးရသည် ၁၈၉၇ ခုနှစ်တွင် မန္တလေးမှ ဇန်းမော်သို့ မီးရထားလမ်းဖောက်ခဲ့ပြီး မန္တလေးနှင့် ကွမ်းလုံကို ရထားလမ်းဖောက်လုပ်ခဲ့ရာတွင် မီးရထားလမ်းကြောင်းပေါ်ရှိ ဂုတ်ထိပ်တံတားကို ဆောက်လုပ်ခဲ့သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးရထားလမ်း ဖြစ်လာမည့် ဂုတ်ထိပ်မီးရထားလမ်း တံတားကို တာဝန်ယူတည်ဆောက်ရန် ဗြိတိသျှအစိုးရက ဗမာ့မီးရထား လမ်းကုမ္ပဏီ (Burma Railroad Company) ကို တာဝန်ပေးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ မီးရထား ပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူသည့် ဗမာ့မီးရထားလမ်းကုမ္ပဏီတွင် ဗြိတိသျှနှင့် မြန်မာအင်ဂျင်နီယာများ တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ဗမာ့မီးရထားလမ်းကုမ္ပဏီသည် ဂုတ်ထိပ်တံတားတည်ဆောက်ရန် ပင်ဆီလ်ဗေးနီးယားနှင့် မေရီလန်းစတီးကုမ္ပဏီတို့ကို ငှားရမ်းခဲ့သည်။ သို့သော် ဗမာ့မီးရထားဌာနမှ အင်ဂျင်နီယာ Sir Arthur Rendel နှင့် ဗြိတိသျှ၊ မြန်မာအင်ဂျင်နီယာများက တံတားကို ဦးစီးတည်ဆောက်ခဲ့ကာ တံတားတည်ဆောက်ရာတွင် အသုံးပြုသောပစ္စည်းများကို အမေရိကန်နိုင်ငံမှ မှာယူတင်သွင်းခဲ့သည်။

ဂုတ်ထိပ်တံတား၏ ဒီဇိုင်းကို ဗြိတိန်နိုင်ငံမှ ဆာအေအမ်ရင်းဒဲလ်အင်ကုမ္ပဏီက ရေးဆွဲခဲ့သည်။ တံတားကြီးကို ထောက်ပင့်ထားသော သံတိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၃၂၀ မြင့်၍ အနိမ့်ဆုံးသံတိုင်မှာ ၄၅ ပေမြင့်သည်။ ဂုတ်ထိပ်တံတားကို ပေ ၃၀၀ ကျော်မတ်စောက်သည့် လျှိုကြီးနှစ်ခုကို ဖြတ်ကျော်၍ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရသည်။

ဂုတ်ထိပ်တံတားသည် ပေ ၂၂၆၀ ရှည်လျားပြီး တံတား၏ သံတိုင်အချို့ကို အနိမ့်ဆုံး ချိုင့်ဝှမ်းမြေပြင်မှ ပေ ၁၁၀၀ အမြင့်တွင် စိုက်ထူခဲ့သည်။ တံတား၏ ပျမ်းမျှအမြင့်သည် တံတားအောက်ရှိ လိုဏ်ဂူအောက်တွင် ဖြတ်သန်းစီးဆင်းနေသော မြစ်ရေပြင်မှ အထက် ပေ ၈၂၀ ဖြစ်ပြီး အမြင့်ဆုံး ဒေါက်တိုင်နေရာရှိ မီးရထားသံလမ်းသည် အောက်မြေပြင်မှ ၃၃၅ ပေ မြင့်သည်။ တံတားတစ်ခုလုံးအတွက် သံနှင့် သံမဏိ ၄၃၁၁ တန်၊ သံမှိုပေါင်း တစ်သန်း အသုံးပြုခဲ့သည်။ တံတားတိုင်ပေါင်း ၁၆ တိုင်အနက် အလယ်တိုင်များဖြစ်ကြသည့် တိုင်အမှတ် (၈) နှင့် (၉) သည် အမြင့်ဆုံးဖြစ်သည်။

ဗြိတိသျှတို့သည် မန္တလေး-ကွမ်းလုံမီးရထားလမ်းကို ကမ္ဘာ့ခဲသိုက်ကြီးဟု ခေါ်ဆိုနိုင်သော နမ္မတူ၊ ဘော်တွင်းမှ သတ္တုများကို သယ်ယူနိုင်ရန် ဖောက်လုပ်ခဲ့သည်။ ရထားလမ်းဖြတ်သန်းသွားမည့် ဂုတ်ထိပ်တံတားကို ဂုတ်ထိပ်ကျေးရွာရှိ ကျောက်ဂူကြီးနှစ်ခုပေါ်မှ ဖြတ်သန်းလျက် တောင်ထိပ်နှစ်ခုကို သွယ်တန်းဖောက်လုပ်ခဲ့သည်။ တံတားကြီးဆောက်လုပ်မှု လုပ်ငန်းများကို ၁၈၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ၁၉၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်နေ့တွင်ပြီးစီးခဲ့ကာ ထိုခေတ်က ကျပ်ငွေ ၁၆၉၈၂၀၀ ကုန်ကျခဲ့ပြီး ၁၉၀၃ ခုနှစ်တွင် တံတားကြီးကို စတင်အသုံးပြုခဲ့သည်။

ဂုတ်ထိပ်တံတားသည် မြန်မာနိုင်ငံ၏ စီးပွားရေးကို များစွာအထောက်အပံ့ပြုသော တံတားဖြစ်သဖြင့် ဒုတိယကမ္ဘာစစ်ကာလတွင် မဟာမိတ်တို့၏ ဖျက်ဆီးခြင်းကိုခံရကာ တိုင်အမှတ် (၂) နှင့် အမှတ် (၅) တို့ ပျက်စီးခဲ့သည်။ မြန်မာနိုင်ငံမှ ဂျပန်တို့ ပြန်လည် ဆုတ်ခွာရာတွင်လည်း ဂုတ်ထိပ်တံတား၏ အမြင့်ဆုံးတိုင်များဖြစ်သည့် တံတားအလယ်တိုင် လေးတိုင်ကို ဗုံးခွဲဖျက်ဆီးခဲ့သဖြင့် တိုင်အမှတ် (၁၁)သည် အောက်ခြေပြတ်ခဲ့ပြီး တိုင်အမှတ် (၁၀) နှင့် (၁၂) တို့မှာ လဲကျပျက်စီးခဲ့သည်။ ထိုတိုင်များပေါ်တွင် တပ်ဆင်ထားသော ပေ ၁၂၀ စီရှည်သည့် ပေါင်းကူးသံပေါင်လေးခုသည် အောက်သို့ ပြုတ်ကျခဲ့ကြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် ပျက်စီးနေသော ဂုတ်ထိပ်တံတားကြီးကို ပြန်လည်ပြင်ဆင်နိုင်ရန် ပြည်ပကုမ္ပဏီများကို တင်ဒါခေါ်ယူခဲ့သော်လည်း ပြည်ပကုမ္ပဏီများက တင်သွင်းသည့် ဈေးနှုန်းထားများသည် အလွန်ကြီးမြင့်ခဲ့သဖြင့် မြန်မာနိုင်ငံ မီးရထားဌာနကပင် တာဝန်ယူကာ ဂုတ်ထိပ်တံတားကြီးကို ၁၉၄၈ ခုနှစ် မေလတွင် စတင်ပြင်ဆင်ခဲ့သည်။ သို့သော် ပစ္စည်းများရှားပါးမှုနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုတို့ကြောင့် သုံးနှစ်ကျော်ကြာမြင့်ခဲ့ကာ ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့သည်။ ဂုတ်ထိပ်တံတားကြီး ပြင်ဆင်မှု ကုန်ကျစရိတ်ငွေမှာ ကျပ် ၃၂ သိန်းဖြစ်သည်။

ဂုတ်ထိပ် တောင်ကြားဖြတ်ရထားလမ်း (Goteik viaduct) ဟု ပြည်ပနိုင်ငံများက သိရှိထားကြသည့် တံတားကြီးသည် တည်ဆောက်သည့် နည်းပညာအဆင့်မြင့်မှုနှင့် သဘာဝပတ်ဝန်းကျင်လှပမှုတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားခဲ့ကာ ယနေ့ထိတိုင် မြန်မာပြည်၏ အမြင့်ဆုံးတံတားနှင့် ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံတံတား) ဟု မှတ်တမ်းဝင်နေဆဲဖြစ်သည်။ မြန်မာတို့က trestle ဆိုသည့် စကားလုံးကို မြင်းခုံဟု ဝေါဟာရဖလှယ်ကာ ဂုတ်ထိပ်တံတားကို မြင်းခုံတံတားဟုလည်း ခေါ်ဆိုခဲ့ကြသည်။

ဂုတ်ထိပ်တံတားကို မတည်ဆောက်မီနှင့် တည်ဆောက်အပြီးတွင် အခြားနိုင်ငံများတွင်လည်း တံတားများ တည်ဆောက်ခဲ့ကြသည်။ သမားရိုးကျတိုင်များနှင့် စတီးလ်၊ သံမဏိ၊ သံချောင်းများဖြင့် ဒေါက်ခံတည်ဆောက်ခဲ့သော တံတားများတွင် မြန်မာနိုင်ငံမှ ဂုတ်ထိပ်တံတားသည်အမြင့်ဆုံးဖြစ်သည်။ ကနေဒါနိုင်ငံ အယ်ဘာတာမှ လက်သ် (Leth) တံတားသည် ဂုတ်ထိပ်တံတားထက်အလျားနှစ်ဆ ပိုရှည်သဖြင့် တောင်ကြားတွင် ဖောက်လုပ်သည့် အရှည်ဆုံး မီးရထားလမ်းဖြစ်ခဲ့ပြီး ဂုတ်ထိပ်တံတားက ကမ္ဘာပေါ်တွင် အမြင့်ဆုံးနှင့် ဒုတိယအရှည်ဆုံး တောင်ကြားဖြတ် မီးရထားလမ်း တံတားအဖြစ် ထင်ရှားခဲ့သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ရှိ ဂျိစိုတံတား၊ နယူးယောက်ရှိ ပိုကိပ်စီတံတား၊ ပင်ဆီလ်ဗေးနီးယားရှိ ကင်ဇူဝါတံတားတို့ကိုလည်း စတီးဒေါက်တိုင်များဖြင့် တည်ဆောက်ခဲ့ပြီး ယင်းတို့သည် ဂုတ်ထိပ်တံတားနှင့် အရွယ်အစား တူညီကြသော်လည်း ဂုတ်ထိပ်တံတားကဲ့သို့ ထင်ရှားခြင်းမရှိကြပါချေ။

ဂုတ်ထိပ်တံတားသည် ယခုအခါ သက်တမ်း နှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်ရာ တံတားကြီး၏ ကြံ့ခိုင်မှုသည် မူလဆောက်လုပ်ရေးကုမ္ပဏီ၏ အာမခံသက်တမ်း ကုန်ဆုံးနေပြီဖြစ်သည်။ ထို့ကြောင့် ကြံ့ခိုင်မှု အားနည်းနေပြီဖြစ်သည့် ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းသည့် မီးရထားများသည် အရှိန်နှုန်းလျှော့၍ ခုတ်မောင်းကြရသည်။ ၂၀၀၆ ခုနှစ်တွင် တံတားကြီးအား ကြံ့ခိုင်မှု စစ်ဆေးရန်နှင့် ပြင်ဆင်ရန် ဂျပန်ပညာရှင်များ လာရောက်ခဲ့သော်လည်း ထိရောက်သော ပြင်ဆင်မှုများမလုပ်နိုင်ခဲ့ပါချေ။

**ဂုတ်ထိပ်သို့**

ဂုတ်ထိပ်တံတားသို့ နောင်ချိုမြို့မှတစ်ဆင့် မော်တော်ကားဖြင့်သွားရောက်ကြသကဲ့သို့ မန္တလေးနှင့် ပြင်ဦးလွင်တို့မှ မီးရထားဖြင့်လည်း သွားလေ့ရှိကြရာ ဂုတ်ထိပ်တံတားကို မီးရထားဖြင့် ဖြတ်သန်းကြသကဲ့သို့ ဂုတ်ထိပ်ဘူတာမှ တံတားကြီးအနီးသို့ လမ်းလျှောက်သူများလည်း ရှိကြသည်။

ဂုတ်ထိပ်သို့ မီးရထားဖြင့်သွားလိုလျှင် မန္တလေး-လားရှိုး မီးရထားကို မန္တလေးမှဖြစ်စေ၊ ပြင်ဦးလွင်မှဖြစ်စေ စီးကာ ဂုတ်ထိပ်တံတားပေါ်မှ ဖြတ်သန်းပြီးနောက် ဂုတ်တွင်းဘူတာတွင် ဆင်းသက်နိုင်သည်။ ယခင်က ခရီးသွားများအား ဂုတ်ထိပ်တံတားပေါ်သို့ လမ်းလျှောက်ဖြတ်သန်းခွင့်ပြုခဲ့သော်လည်း ယခုအခါတွင် တံတားကြီး ရေရှည်ကြံ့ခိုင်မှုရှိစေရန်နှင့် ခရီးသွားများ အသက်အန္တရာယ်မဖြစ်ပွားစေရန် တံတားပေါ်မှ ဖြတ်သန်းခွင့်ကို ပိတ်ပင်ထားသည်။ ထို့ကြောင့် မီးရထားဖြင့် လာကြသူများသည် ဂုတ်ထိပ်ဘူတာတွင် မဆင်းကြတော့ဘဲ မီးရထားဖြင့် တံတားပေါ်မှ ဖြတ်သန်းကာ ဂုတ်တွင်းဘူတာအထိစီးကြပြီး အပြန်ခရီးတွင် ဂုတ်တွင်းဘူတာမှ မီးရထားစီး၍ တံတားကြီးပေါ်မှ ပြန်လည် ဖြတ်သန်းလေ့ရှိကြသည်။

ဂုတ်ထိပ်သို့ မော်တော်ယာဉ်ဖြင့် သွားရောက်လိုပါက နောင်ချိုမြို့မှ တစ်ဆင့် ရှစ်မိုင်သွားရသည်။ ပြင်ဦးလွင်လားရှိုး ပြည်ထောင်စုလမ်းမကြီး၏ ယာဘက်သို့ ဝင်ကာ ရွှေပြည်ညွှန့်ကျေးရွာကို ဖြတ်ကျော်၍ မော်တော်ကားလမ်းအောက်တွင် ရှိနေသည့် ဂုတ်ထိပ်ဘူတာသို့ ဦးစွာသွားကြရသည်။

ဂုတ်ထိပ်ဘူတာမှ ရထားသံလမ်းလမ်းအတိုင်း အုံ့ဆိုင်းနေသည့် သစ်ပင်များအောက်မှ ဖြတ်သန်းကာ တံတားကြီးရှိရာသို့ လမ်းလျှောက်သွားနိုင်ကြသည်။ သို့သော် တံတားထိပ်အထိသာ သွားခွင့်ပြုကာ ဂုတ်ထိပ်တံတားပေါ်မှ နေ့စဉ်ဖြတ်သန်းသည့် မန္တလေး-လားရှိုး မီးရထား ဖြတ်သွားပြီးတိုင်း ရထားလမ်းကို ပြန်လည်ပိတ်ထားသည်။ ထို့အတူ ဂုတ်ထိပ်တံတားအောက်သို့လည်း မည်သူ့ကိုမျှ ဆင်းသက်ခွင့်မပြုပါချေ။

ဂုတ်ထိပ်တံတားသည် သာယာလှပသော ရှမ်းပြည်နယ်မြောက်ပိုင်း အလှနှင့် ပေါင်းစပ်ကာ ကမ္ဘာကျော်တံတားတစ်စင်းအဖြစ် ကာလရှည်ကြာပင် ထင်ရှားခဲ့ပေသည်။ ပျက်စီးယိုယွင်းမှုများကို ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့သဖြင့် ဂုတ်ထိပ်တံတားသည် ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်ဝင်တစားသွားရောက် လေ့လာကြရသည့် သမိုင်းဝင် ရှေးဟောင်းပစ္စည်းတစ်ခုအဖြစ် ပိုမိုထင်ရှားလျက်ရှိနေသည်။

ဂုတ်ထိပ်တံတားသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းပြည်ပခရီးသည်များသည် နှစ်စဉ်တိုးတက်များပြားလျက်ရှိရာ သမိုင်းဝင် တံတားကြီးကို ရေရှည်ကြံ့ခိုင်နေစေရန် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်နှင့်အမျှ ဂုတ်ထိပ်တံတား ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်တံတား အနီးဝန်းကျင်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပေသည်။ ။

***ကိုးကား***

**မြန်မာ့စွယ်စုံကျမ်း အတွဲ(၃)**

Goteik Viaduct

**ကိုယ်တွေ့ခရီးသွားမှတ်တမ်း**

# ကရင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**ဘားအံ ဩဂုတ် ၂၀**

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့် ရေဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံ Mayar India ကုမ္ပဏီလီမိတက်မှ Mrs & Mr Pdmaheswari မိသားစုက အလှူငွေကျပ်သိန်း ၄၀ ကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက် ညနေပိုင်းတွင် ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**



# ကျောက်တံခါးမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လှူဒါန်း

**ကျောက်တံခါး ဩဂုတ် ၂၀**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်သုံးပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က တိုင်းဒေသကြီးအစိုးရအနေဖြင့် ပစ္စည်းများ ထောက်ပံ့လှူဒါန်း အစီအစဉ်ဖြင့် ဒေသအသီးသီးရှိရာတွင် ပြည်သူထံမှ ပြည်သူထံသို့ ပြည်သူများက လှူဒါန်းသည့်ပစ္စည်းများအား ရေဘေးသင့်ပြည်သူများသို့ ပြန်လည်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ရေဘေးသင့်ကျေးရွာ အုပ်စုများဖြစ်သည့် အနန်းဘော်၊ နံ့ဇ၊ ကညင်ကျိုးနှင့် လက်ခံကျေးအုပ်စုများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ပေးအပ်လှူဒါန်းသည့် ပစ္စည်းများအား တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သစ်ပင်များပြိုလဲ

**လှည်းကူး ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ယနေ့ နံနက် ၄ နာရီခွဲခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် မင်းလွင်ကုန်းကျေးရွာအုပ်စု (ရန်ကုန်- ပဲခူးလမ်း) လမ်းလယ်ကျွန်းအမှတ် ၂၃၅ နှင့် ၂၃၈အကြား လမ်းဘေးသစ်ပင်အချို့ ကျိုးကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေရာသို့ လှည်းကူးမြို့နယ် ပလစ(၁)အင်းတိုင်မှ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့စု(၆၇)မှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ယာဉ်များသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းမပေါ်တွင် ပိတ်ဆို့နေသည့် သစ်ပင်၊ သစ်ကိုင်းများကို ဝိုင်းဝန်းဖယ်ရှား ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**



## တိုတိုထွာထွာဖတ်စရာ

### ထူးကဲဒီရေကြောင့် အိမ်ပြိုပျက်ခဲ့သောမိသားစုများအား စေတနာရှင်များက လာရောက်လှူဒါန်း

**အမာ**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ပင်လယ်ကမ်းစပ်တွင် နေထိုင်ကြသူများ ပင်လယ်ဒီရေနှင့် လှိုင်းဂယက်ကြောင့် နေအိမ်အများအပြား ပြိုကျပျက်စီးမှုကြောင့် စေတနာရှင်အဖွဲ့များက လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးဇော်လင်းထွန်းဦးဆောင်သည့် စေတနာလူငယ်လေးများ ပရဟိတအဖွဲ့က ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာသို့ လာရောက်လှူဒါန်းခဲ့သည်။

ဒီရေတက်သောကြောင့် အိမ်ပြိုကျပျက်စီးခဲ့သော မိသားစု ၁၇၃ စုအတွက် ဆန်၊ ဆီ၊ အဝတ်အထည်များပါဝင်သည့် ပစ္စည်း ၁၇ မျိုးကို သရက်ပင်ဆိပ် သဘာဝတရားရိပ်သာဘုန်းတော်ကြီးကျောင်းတွင် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

### ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီး

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာနှင့်သိမ်ဇရပ်ကျေးရွာတို့တွင် ယနေ့ နံနက် ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၂၃ လုံး အမိုးအကာများ ပျက်စီး၍ လမ်းမီးတိုင် ငါးတိုင်နှင့် Mytel ဖုန်းတိုင် တစ်တိုင်ပြိုကျပျက်စီးခဲ့သည်။

ယင်းသို့ပျက်စီးရာတွင် လူနှင့်တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ သိမ်ဇရပ်ကျေးရွာရှိ နေအိမ် ၂၁ လုံးမှာ အမိုးများလန်ထွက်ပြီး ဘေးအကာများပွင့်ထွက်ခြင်းဖြစ်ပွားခဲ့သည်။

အလားတူကျောက္ကလပ်ကျေးရွာရှိ နေအိမ်နှစ်လုံးလည်း ခေါင်မိုးများပျက်စီးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

### ကျောက်ထုတွင် မိုးအဆက်မပြတ်ရွာသွန်း

**ကျောက်ထု**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့၌ ဩဂုတ် ၁၈ ရက်မှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ ဒေသတွင်း စိုက်ပျိုးထားသည့် မိုးစပါး လယ်မြေများ ရေလိုအပ်ချက်ရရှိသဖြင့် အဆင်ပြေသွားသည်။

ဩဂုတ် ၁၉ ရက် မိုးရွာသွန်းမှုမှာ ၂ ဒသမ ၂ လက်မ ရွာသွန်းမှုရှိကြောင်း ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မြင့်၏ ပြောပြချက်အရ သိရသည်။

**၄၆၅**



# ကျောက်ကြီးမြို့နယ်၌ လူနေအိမ်အချို့ ယာယီပြောင်းရွှေ့

**ကျောက်ကြီး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် ဩဂုတ် ၁၉ ရက် ညပိုင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျောက်ကြီးချောင်းရေ ပြန်လည်မြင့်တက်လာပြီး ပဲခူးရပ်ကွက် မြေနိမ့်ပိုင်းတွင်နေထိုင်သူများ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ရေဘေးလွတ်ရာသို့ ယာယီပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

အိမ်ခြံဝင်းအတွင်း ရေများဝင်ရောက်မှုကြောင့် ပဲခူးရပ်ကွက် အနော်ရထာလမ်းရှိ မြို့တွင်းဘုန်းတော်ကြီးကျောင်း မိုးကုတ်ဓမ္မရိပ်သာဓမ္မာရုံသို့ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၄၄ ဦးအား ယာယီပြောင်းရွှေ့ခဲ့ရပြီး ပြောင်းရွှေ့နေထိုင်သူများနှင့် ရေကြီးနစ်မြုပ်သည့် နေရာများကို ကျောက်ကြီးမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကာ ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

# ကျောက်ဖြူ၌ ယာဉ်အစီး ၂၀၀ ခန့်ကို ရောင်ပြန်စတစ်ကာများကပ်ပေး

**ကျောက်ဖြူ ဩဂုတ် ၂၀**

ကျောက်ဖြူမြို့ ရန်ကုန်-ကျောက်ဖြူကားလမ်း မြို့အဝင်မီးပွိုင့်လမ်းဆုံ၌ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် မော်တော်ဆိုင်ကယ်နှင့် ဘေးတွဲဆိုင်ကယ်များ၊ ဆိုင်ကယ်ဦးထုပ်နောက်တွင် တြိဂံပုံရောင်ပြန်စတစ်ကာများကို ယာဉ်အစီးရေ ၂၀၀ ခန့်အား ယနေ့ နံနက် ၇ နာရီတွင် ပူးပေါင်းရေးအဖွဲ့တို့က ကပ်ပေးခဲ့ကြောင်း သိရသည်။

အမှတ်(၂၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး(ကျောက်ဖြူ)နှင့် ပူးပေါင်းရေးအဖွဲ့သည် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ညွှန်ကြားချက်အရ မော်တော်ဆိုင်ကယ်နောက်နှင့် ဆိုင်ကယ်ဦးထုပ်နောက်ပိုင်းတွင် တြိဂံပုံရောင်ပြန်စတစ်ကာများ ကပ်ပေးခဲ့ခြင်းဖြစ်သည်။

"တြိဂံပုံရောင်ပြန်စတစ်ကာတွေ ကပ်ပေးရတာဟာ ယာဉ်တိုက်မှုတွေက ညနေ ၆ နာရီမှ ည ၁၀ နာရီအတွင်း အများဆုံးဖြစ်တဲ့အတွက်ကြောင့် အခုလိုရောင်ပြန်စတစ်ကာတွေကို တပ်ပေးရခြင်းဖြစ်ပါတယ်။ ညအချိန်မှာ မော်တော်ယာဉ်၊ ဆိုင်ကယ်မီးရောင်တွေနောက်မှာ ရောင်ပြန်စတစ်ကာ ကပ်ထားခြင်းအားဖြင့် ယာဉ်တစ်စီးနဲ့တစ်စီး ရှောင်တိမ်းသွားလာနိုင်ပြီး အန္တရာယ်ကင်းရှင်းစေဖို့ ရည်ရွယ်ကာ အခုလို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု အမှတ်(၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး (ကျောက်ဖြူ)ရဲအုပ်မောင်မောင်ထွန်းထံက ပြောသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**



### ကျောင်းကုန်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ဒါးကမြစ်ရေ ပြန်လည်မြင့်တက်

**ကျောင်းကုန်း ဩဂုတ် ၂၀** ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် မိုးသည်းထန်စွာရွာသွန်းသောကြောင့် ယနေ့ နံနက်ပိုင်းက စိုးရိမ်ရေအမှတ် ၁၇ ပေသို့ရောက်ရန် တစ်ပေသာလိုကြောင်း သိရသည်။

ပြီးခဲ့သည့် ဩဂုတ် ၃ ရက်က ဒါးကမြစ်ရေလျှံတက်မှုကြောင့် ကျောင်းကုန်းမြို့မဈေး၏ သားငါးတန်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရကာ ရေအမှတ် ၁၆ ပေမှ နောက်ရက်များတွင် ၁၅ ပေသို့ ပြန်လည်ကျဆင်းသွားပြီး ယနေ့ ၁၆ပေသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ရင်ခွင်မဲ့ကလေးများ စောင့်ရှောက်ရေးအသင်းနှင့် တွေ့ဆုံ



**ပဲခူး ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တွေ့ဆုံပွဲ ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ရင်ခွင်မဲ့ကလေးများသည် အဓိကအားဖြင့် မိဘမှစွန့်ပစ်ခြင်း၊ မိဘများစီးပွားရေးအဆင်မပြေမှုများကြောင့် မိဘမဲ့ဂေဟာများသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ယခုလို ကလေးငယ်များ၏ ဘဝနေထိုင်မှု၊ ရှင်သန်မှုများ ပြီးပြည့်စုံမှုမရရှိနိုင်ကြောင်း၊ ရင်ခွင့်မဲ့ကလေးသူငယ်များကို ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘာသာနှင့် လူမှုရေးအဖွဲ့အစည်းများမှ စောင့်ရှောက်မှုအများဆုံးဖြစ်ကြောင်း၊ ရင်ခွင်မဲ့ကလေးသူငယ်များအား လူမျိုးဘာသာ မခွဲခြားဘဲ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးရမည်ဖြစ်ကြောင်းနှင့် ရင်ခွင်မဲ့ကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများအား အစိုးရ၊ ပြည်သူနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုပြည့်စုံသည့်ဘဝများ ပိုင်ဆိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေရင်ထွန်းနှင့် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မြသီတာတို့က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များတွင် လူမှုရေး ပရဟိတအဖွဲ့အစည်းများ၊ CSO များ၊ မြို့မိမြို့ဖများ ပူးပေါင်းပါဝင်သော ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ ဖွဲ့စည်းရန် ရည်ရွယ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူမှ ပြည်သူ့ဆီသို့ ကူညီစောင့်ရှောက်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးချုပ်ဇနီးနှင့် ဝန်ကြီးများ၏ ဇနီးများ၊ ရင်ခွင့်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မော်လမြိုင်၌ ကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၀**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် မြို့နယ်များအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက လမ်းညွှန်အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးတာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ကြည်က ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြည်နယ်အတွင်း ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၁၃ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၄၅ ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၆၆ ဦး၊ သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူကိုးဦးနှင့် အောင်ချက်အကောင်းဆုံးကျောင်းများ၊ မြို့နယ်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်းသည် ၃၇ ဒသမ ၄၂ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံးတွင် တတိယအဆင့်ရရှိခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**





# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှု

**တနင်္သာရီ ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်တွင် မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် တနင်္သာရီမြစ်ရေသည် အန္တရာယ်ရေမှတ် ၂၄ ပေကို တတိယအကြိမ်အဖြစ် ကျော်လွန်၍ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတိုင်းထွာချက်အရ ၂၆ ပေ ၄ လက်မအထိ ရောက်ရှိကာ လက်ရှိအချိန်အထိ ရေကြီးနစ်မြုပ်မှုများ ဆက်လက်ဖြစ်ပွားနေပြီး သုံးကြိမ်ထိ ရေကြီးမှုခံစားနေရကာ ကျေးရွာအချို့ ရေနစ်မြုပ်မှု တစ်လကျော်ထိ ရင်ဆိုင်နေရကြောင်း သိရသည်။

တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက်ကျော်လွန်ကာ တတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်လျက်ရှိရာ ဩဂုတ် ၁၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အထက(တနင်္သာရီ) တွင် ရေဘေးသင့်ပြည်သူများနှင့် ဒေသခံပြည်သူများအား ရေလွှမ်းမိုးမှုနှင့် ကျန်းမာရေးပြဿနာ အသိပညာပေးဟောပြောပြီး မြိတ်မြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ ၁၀၀၀ ကျော်အား သားဖွားမီးယပ်ရောဂါ၊ မျက်စိ၊ ကလေးရောဂါ၊ သွား၊ အရေပြား၊ အရိုးအကြော၊ နား၊ နှာခေါင်းနှင့်လည်ချောင်း၊ အကြောအဆစ်နှင့် ပြန်လည်ရှင်သန်ရေး၊ ရောဂါရှာဖွေရေး စသည့် ရောဂါအမျိုးအစားအလိုက် အခမဲ့ ဆေးစစ်ကုသပေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

"ဒီနှစ်မှာကြီးတဲ့ရေက စံချိန်ချိုးတယ်လို့ပြောလို့ရတယ်။ ရေကြီးတဲ့အချိန်ကာလလည်းကြာတယ်။ သုံးကြိမ်မြောက်လည်းဖြစ်တယ်ဆိုတော့ တနင်္သာရီမြို့နယ်သမိုင်းက ထူးထူးခြားခြား ရေကြီးမှုမှတ်တမ်းဝင်တယ် ပြောလို့ရတယ်။ အဓိကက ရေကြီးတာ ကြာလာတာနဲ့အမျှ ရေဘေးသင့်တဲ့လူရော ရေဘေးမသင့်တဲ့လူတွေပါ အခက်အခဲတွေ အများကြီးရင်ဆိုင်ရပါတယ်။ အလှူရှင်တွေကလည်းလာကြပါတယ်။ အများကြီးလာလှူကြတယ်။ ဒီနှစ်မှာ ထူးထူးခြားခြား ထိုင်းနိုင်ငံဘက်ကလည်း အများကြီးလာလှူပေးတာရှိပါတယ်" ဟု တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက ပြောသည်။

"ရေပြန်ကျသွားတဲ့အချိန်မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဌာနဆိုင်ရာတွေနဲ့ လုပ်လို့တော့မရပါဘူး။ အဓိက အကူအညီတောင်းလိုတာကတော့ ပြင်ပ ပရဟိတအဖွဲ့တွေလာပြီးကူညီစေချင်ပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ အခုလက်ရှိရိက္ခာဝေနေတဲ့အပိုင်းမှာ ရေကြီးနစ်မြုပ် ရွှေ့ပြောင်းတဲ့သူတွေကို အဓိကထားနေရတာဆိုတော့ရေဘေးကြောင့် အိမ်မမြုပ်ပေမယ့် စားဝတ်နေရေး အခက်အခဲဖြစ်နေတဲ့ အိမ်ထောင်စုတွေလည်းအများကြီးရှိပါတယ်။ အဲလိုလူတွေအတွက်ကိုလည်း တတ်နိုင်တဲ့ဘက်က လာရောက်ကူညီပေးကြပါ" ဟု တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

တနင်္သာရီမြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ပထမအကြိမ် မြစ်ရေမြင့်တက်သဖြင့် အန္တရာယ်ရေအမှတ် ၂၄ ပေထက်ကျော်လွန်၍ ၂၆ ပေ ၃ လက်မအထိရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ၂၄ ပေ ၃ လက်မရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ၂၆ ပေ ၄ လက်မကျော်ခဲ့ပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်ထားရှိပြီး ကယ်ဆယ်ရေးစခန်းခြောက်ခုတွင် ရေဘေးသင့်ပြည်သူ ရွှေ့ပြောင်းအိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၇၀၇ ဦးသာရှိခဲ့သော်လည်း မြစ်ရေဆက်လက်မြင့်တက်လာနိုင်ကာ ကယ်ဆယ်ရေးစခန်းထပ်တိုးပြီး ပြောင်းရွှေ့အိမ်ထောင်စုနှင့် လူဦးရေ ထပ်တိုးနိုင်ကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

**မြိတ်(ပြန်/ဆက်)**

## ကျေးရွာမီးလင်းရေး လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်

**ခရမ်း ဩဂုတ် ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရ၏ ကျေးလက်ဒေသမီးလင်းရေးစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ခရမ်းမြို့နယ် ပလူကန်၊ အိုး၀၊ တာပွန်ကျေးရွာများတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်စေရန် မီးအားစတင်ပို့လွှတ်ခြင်းကို ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီက ကျေးရွာထိပ်ရှိ ထရန်စဖော်မာတွင် ကျင်းပသည်။

ကျေးရွာအတွင်း မီတာတပ်ဆင်ပြီးစီးသည့်အိမ်များမှာ လျှပ်စစ်ဓာတ်အား စတင်အသုံးပြုခွင့်ပေးခဲ့ပြီး ဆက်သွယ်ရန်ကျန်ရှိသည့် နေအိမ်များကိုလည်း ဆက်လက်ဆက်သွယ်၍ မီးလင်းရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှတိုး၊ ဦးသိန်းဇော်လတ်နှင့် တာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

**ကိုမင်း(ခရမ်း)**

## စာဖတ်ဝိုင်းကျင်းပ

**မြောင်းမြ ဩဂုတ် ၂၀**

စာဖတ်သည့် အလေ့အကျင့်ကောင်းများ တိုးပွားစေရေးအတွက် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူ Book Club အဖွဲ့ဝင်များ ပူးပေါင်း၍ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြောင်းမြခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

စကားဝိုင်းသို့ တက်ရောက်လာကြသော Book Club အဖွဲ့ဝင်များ၊ စာပေချစ်သူများ၊ ပညာရေးဝန်ထမ်းများက စာရေးဆရာအောင်အေး(ရန်ကုန်တက္ကသိုလ်)၏ "ဆရာတစ်ယောက်အဖြစ် ခေါင်းဆောင်ခြင်း" စာအုပ်အား ဆွေးနွေးကြကြောင်းသိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# Facebook ကို အကျိုးရှိအောင် ဘယ်လိုအသုံးချကြမလဲ

သန်းဖြိုးနိုင် | ကညင်ကျိုး




ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ နိုင်ငံရေးပြောင်းလဲတိုးတက်မှုနဲ့အတူ ဆက်သွယ်ရေးကဏ္ဍဟာလည်း တစ်ခေတ်ဆန်းလာခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဆက်သွယ်ရေးကဏ္ဍအနေနဲ့ တစ်ခေတ်ဆန်းပြီး အချိန်တိုတစ်ခဏအတွင်း ပြောင်းလဲတိုးတက်လာတာနဲ့အမျှ မြို့ကြီး၊ မြို့ငယ်၊ ကျေးရွာကအစ တောထဲပါမကျန် တောင်ပေါ်ဒေသတွေအားလုံးအထိ ဆက်သွယ်ရေးကွန်ရက်တွေ နေရာအနှံ့ လွှမ်းခြုံချိတ်ဆက်မိလာပြီး လူတိုင်းကိုယ်စီ လက်ကိုင်ဖုန်းလေးတွေ တွင်ကျယ်စွာ အသုံးပြုလာနိုင်ခဲ့ကြပါတယ်။ တောင်သူလယ်သမားတွေကအစ လက်လုပ်လက်စား နေ့စားလုပ်သားလေးတွေအထိ လူတန်းစားမရွေးကိုင်တွယ်အသုံးပြုလာနေကြတာကိုလည်း အမှန်တွေ့ရှိနေရပါပြီ။ ဒီဖုန်းလေးတွေနဲ့အတူ ယှဉ်တွဲပါလာတဲ့ Facebook, Viber, Skype, Zapya ဆိုတဲ့ ICT နည်းပညာဆိုင်ရာ Software လေးတွေကိုယ်စီ ထည့်သွင်းလာကြရင်း ဒါတွေကို တွင်ကျယ်စွာအသုံးပြုလို့ နေ့စဉ်လိုလို သတင်းအချက်အလက်တွေ၊ ပုံတွေပေးပို့တာတွေ၊ တစ်ဦးနဲ့တစ်ဦးဆက်သွယ်တဲ့ကိစ္စတွေ၊ သင်ကြားမှု၊ သင်ယူမှုအပိုင်းတွေနဲ့ အခြားသောဝန်ဆောင်မှုကိစ္စအားလုံး ယခင်ထက်ပိုမိုမြန်ဆန်လာနေတာကို အားလုံးသိကြရမှာပါ။

ဒီအခြေအနေဟာ ICT နည်းပညာနဲ့ ပြောရရင် ကျွန်တော်တို့နိုင်ငံဟာ Computer ခေတ်ကို ဖြတ်ကျော်ပြီး Micro Computer ခေတ်ကို အချိန်တိုအတွင်း တစ်ခဏချင်းရောက်ရှိသွားတယ်လို့လည်း ကမ္ဘာက သုံးသပ်ထားတဲ့အချက်ပါ။ ဒါကြောင့်သာ ယနေ့လက်ရှိအခြေအနေမှာတော့ ဒီလိုပြောင်းလဲတိုးတက်လာတဲ့ ICT နည်းပညာတွေကြောင့် ဖြစ်ရပ်ဖြစ်စဉ်တစ်ခုကိုလည်း တစ်နေရာတည်းမှာတင် သတင်းအမှောင်ချဖုံးကွယ်ထားဖို့ မဖြစ်နိုင်တော့သလို အချိန်တိုအတွင်းမှာ နေရာအနှံ့နဲ့ လူတန်းစားအလွှာအသီးသီးထံကို ရောက်ရှိသွားနေပြီဆိုတာကိုလည်း လေ့လာမိကြမှာပဲဖြစ်ပါတယ်။

## Facebook ဆိုတာ ဘာလဲ

ဒီဖုန်းလေးတွေနဲ့အတူ ယနေ့လက်ရှိ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လူကြီးရော လူငယ်ပါမကျန် ရဟန်းသံဃာတွေအထိ အားလုံးနေ့စဉ်လိုလို ထိတွေ့သုံးစွဲနေတဲ့အရာကိုပြောပါဆိုရင်တော့ Facebook ဆိုတဲ့ လူမှုကွန်ရက်စာမျက်နှာကိုပဲ ပြောရမှာဖြစ်ပါတယ်။ ဒီ Facebook ဆိုတဲ့အရာဟာ သတင်းတစ်ပုဒ်၊ ဒါမှမဟုတ် ကိုယ်ပြောချင်တဲ့ အကြောင်းအရာတစ်ခုကို တင်ကြတဲ့အခါ တစ်ခဏချင်းမှာဆိုသလို ကမ္ဘာ့နေရာအနှံ့အပြားထိအောင် အရောက်ပို့ဆောင်ပေးပို့ရောက်ရှိစေနိုင်တဲ့ အသုံးချ software လေးတစ်ခုပါ။ ဖုန်းလေးတစ်လုံးရှိရုံနဲ့ အခုဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ နေရာအတော်များများ တောထဲပါမကျန် သတင်းတစ်ခုကို ပုံနဲ့တကွ ကမ္ဘာ့နေရာအနှံ့ကို ပေးပို့ရောက်ရှိစေနိုင်ပါတယ်။ ကမ္ဘာရဲ့ အဝေးတစ်နေရာကနေ ကိုယ့်မိသားစုရှိတဲ့ ကျေးရွာလေးအထိကို ကိုယ်ပြောချင် ပို့ချင်တာတွေ ပေးပို့လို့ရနေပါပြီ။ နောက် ဒီ Facebook ထဲကတစ်ဆင့်ပဲ ကိုယ်ပေးချင် ပြောချင်တဲ့ စီးပွားရေး၊ စိုက်ပျိုးရေးသတင်းတွေ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေးနဲ့ နိုင်ငံရေးအသိပညာတွေကိုလည်း ကိုယ်ပေးချင်တဲ့သူတွေဆီ ပေးလို့ရနေပါတယ်။

## အကျိုးရှိအောင် ဘယ်လိုသုံးမလဲ

အမှန်တော့ ဒီ Facebook ဆိုတာ သုံးတတ်ရင် ကျွန်တော်တို့ လူ့ဝန်းကျင်အတွက် အလွန်အသုံးတည့်လှတဲ့ အရာလေးတစ်ခုပါ။ ကိုယ်သိချင်တဲ့ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို သိချင်တယ်။ ပုံမှန်သင်ယူချင်နေတယ်ဆိုရင် ဒါနဲ့ဆိုင်တဲ့ Page တွေကို လိုက်ရှာပြီး Like လုပ်ထားရုံပါပဲ။ ဥပမာ၊ ကျွန်တော်တို့ အင်္ဂလိပ်စာသင်ယူချင်တယ်ဆိုရင် သူနဲ့ဆိုင်တဲ့ သင်ကြားရေးအကောင့်တွေများစွာ ရှိနေပါတယ်။ ဒါကို ကျွန်တော်တို့က Like လုပ်ထားရုံနဲ့ နေ့စဉ် သူသင်ကြားမယ့်အရာတွေကို ကျွန်တော်တို့ဆီ ရောက်ရောက်လာတတ်တာပါပဲ။ အခြားစီးပွားရေးကိစ္စတွေမှာလည်း အလားတူပါပဲ။ ကိုယ်က ပစ္စည်းတစ်ခုကို ဝယ်ယူချင်တယ်ဆိုရင် ကိုယ်လိုချင်တဲ့ပစ္စည်းအမည်ကို ရိုက်ချလိုက်တာနဲ့ သူနဲ့ဆိုင်တဲ့ လေ့လာစရာအချက်အလက်တွေအားလုံး ကျလာတာပါပဲ။ နောက် သင်ယူရေးအပိုင်းမှာဆိုလည်း ကျွန်တော်တို့သိချင်တဲ့ အကြောင်းအရာလေးတွေကို သူများတင်ထားတာ တွေ့ရင်လည်း ကိုယ်က ပြန်ပြီး Share ထားလိုက်တယ်ဆိုရင် သူများလည်း ဖတ်လို့ရမယ်။ ကိုယ်ကလည်း ကိုယ့်ဘောက်ထဲမှာ Save ထားရာ ရောက်ပြီး ကိုယ်ပိုင်စာကြည့်တိုက် (Own Library) အဖြစ်တည်ဆောက်ထားလို့ရပါတယ်။

> ကိုယ့်ရဲ့ Profile နဲ့ Account အမည်ကိုယူပြီး မသမာသူက အကောင့်အသစ်တစ်ခု အမည်တူ ပုံစံတူဖွင့်ပြီး မသမာတဲ့နည်းလမ်းနဲ့ တင်ကြတဲ့ နည်းလမ်းပါ။ ဒါကလည်း အခုလို . . .

အပေါ်မှာ ကျွန်တော်ဆွေးနွေးခဲ့တာက ဒီ Facebook ဆိုတဲ့ လူမှုဆက်သွယ်ရေး ကွန်ရက်စာမျက်နှာတွေ အပေါ်ကနေပြီး ကျွန်တော်တို့ အကျိုးအတွက် ရယူအသုံးပြုနိုင်တဲ့ကိစ္စတွေပါ။ နောက်တစ်မျိုးကတော့ ကျွန်တော်တို့က ပြန်ပြီးအသုံးချလို့ အများပြည်သူအကျိုးအတွက် ဆောင်ရွက်လို့ရတဲ့ နည်းလေးတွေလည်း အမြောက်အမြားရှိနေပါသေးတယ်။ ဒါတွေကတော့ ဥပမာ၊ မိုးလေဝသ အရေးကြီးသတင်းမျိုးတွေ၊ ဒုက္ခရောက်နေသူတွေက အရေးပေါ်အကူအညီလိုအပ်နေတာမျိုးတွေနဲ့ ပြည်သူတွေ အချိန်နဲ့တစ်ပြေးညီ သိရှိဖို့လိုအပ်တယ်ဆိုတဲ့ သတင်းမျိုးတွေကိုတော့ ကျွန်တော်တို့က အချိန်မဆိုင်းဘဲ ပြန်လည်မျှဝေပေးဖို့၊ ကျွန်တော်တို့ကစပြီး တင်ပြပေးတတ်ကြဖို့လိုလာပါတယ်။

## Facebook ပေါ်ကသတင်းတွေကို ဘယ်လိုစိစစ်မလဲ

နောက်သတင်းတွေနဲ့ ဆက်စပ်တဲ့အပိုင်းကိုဆက်ပြီး ဆွေးနွေးပြောပြရရင်လည်း ယနေ့ကမ္ဘာနဲ့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ နေ့စဉ်နဲ့အမျှ ဖြစ်ပျက်နေတဲ့အရာတွေကို သိရှိလိုတယ်ဆိုရင် သတင်းမှန်တွေ ဖော်ပြနေတဲ့ သတင်းဌာနတွေကို Like နှိပ်ထားရုံပါပဲ။ ဒါဆိုရင် သူ့အလိုလို ကိုယ့်ထံကို သတင်းတွေ ရောက်ရောက်လာတတ်ပါတယ်။ နောက် ဘာသာရေးနဲ့ဆိုင်တဲ့ ပညာပေး Page တွေလည်း ဒီလိုပါပဲ။ ဒီလိုသတင်းဌာနတွေက ရောက်လာတဲ့ သတင်းတွေရှိသလို အခြား Public ဖွင့်ပြီး တင်ကြတဲ့ အင်တာနက်သတင်းတွေလည်း ပေါင်းစုံရှိတတ်ပါတယ်။ ဒါကြောင့်မို့ ထူးခြားတဲ့သတင်းတစ်ခုနဲ့ပတ်သက်လို့ လေ့လာကြည့်ကြရင် အချို့က နည်းနည်းဖြစ်တာကို ချဲ့ကားပြီးတော့ ရေးတင်ကြသလို အချို့ကျတော့လည်း တကယ်ဖြစ်နေတာကို ရေးတင်ကြတာရှိပါတယ်။

အချို့ကျတော့လည်း သတင်းလက်ဦးရင်ပြီးရော၊ ကိုယ်အရင်တင်ရရင်ပြီးရောဆိုတဲ့ ပုံစံနဲ့ သတင်းမှန်လား၊ မမှန်လား။ ဒီသတင်းတင်လိုက်လို့ ဘယ်သူတွေကို ထိခိုက်နိုင်သလဲ။ ဘာသာရေးအရ စောင့်စည်းလိုက်နာအပ်တဲ့ ကျင့်ဝတ်လေးတွေကိုရော ထိခိုက်စေသလား မစဉ်းစားတော့ဘဲ၊ မစိစစ်မပိုင်းခြားတော့ဘဲ တင်ကြတဲ့ သတင်းတွေလည်း တွေ့ရတတ်ပါတယ်။ နောက်ပုံစံတစ်မျိုးက မမှန်သတင်းတွေကို အမှန်လိုလုပ်ပြီး ဝါဒဖြန့်ချိရေးလိုလို ဖြန့်ဝေကြတဲ့သတင်းတွေပါ။ အချို့ဆိုရင် ယခင်တုန်းက ပုံဟောင်းတွေကို ပြန်ယူပြီး ဖိုတိုရှော့နဲ့ပြန်လည်ပြုပြင်ကာ ယခုဖြစ်နေသယောင် ပုံနဲ့တွဲတင်တဲ့သတင်းတွေလည်း ရှိကြပါတယ်။ နောက်တစ်မျိုးကတော့ နှုတ်ကြောင်းပေးပြီး သူတို့ဖြစ်စေချင်တဲ့ သတင်းမျိုးတွေရအောင် ဆွဲယူရေးသားတင်ကြတဲ့ သတင်းတွေပါ။ ဒါတွေ အမျိုးမျိုးရှိနေတတ်ပါတယ်။

ဒီသတင်းတွေနဲ့ပတ်သက်လို့လည်း သတင်းရေးနည်းအတတ်ပညာဆိုတာ သတင်းစာပညာရပ်မှာ တစ်ခုရှိနေသလို ဝါဒဖြန့်ချိရေး (Propagenda) နည်းပညာတွေအရ လုပ်ကြတာတွေလည်းပါပါတယ်။ နိုင်ငံရေးနည်းအရ ပြုမူဆောင်ရွက်ကြတဲ့ သဘောတရားတွေပါ။ ဒါတွေကို အချို့အချို့သော ကျွန်တော်တို့ လူငယ်အတော်များများက မသိကြတော့ သတင်းဦးလေးပဲဆိုပြီး စေတနာလေးနဲ့ အများသိအောင် ပြန်ပြီးတော့ Share ကြတဲ့အခါ သတင်းမှားတွေ၊ ဝါဒဖြန့်ချိတဲ့သတင်းတွေဟာ မလိုအပ်ဘဲ ထပ်မံ ပျံ့နှံ့သွားစေတတ်တဲ့သဘာဝတွေ ရှိနေတတ်တာကိုလည်း သတိချပ်ကြရမှာ ဖြစ်ပါတယ်။

## Facebook ပေါ်မှာ သူငယ်ချင်းတွေကို ဘယ်လိုလက်ခံမလဲ

သတင်းတွေကို မှန်မှန်စိစစ်ဖို့ဆိုရင် ကိုယ့် wall အပေါ်မှာ လက်ခံပြီးသတင်းဖလှယ်ကြမယ့် friends တွေရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးလာပါတယ်။ ဒါကြောင့် ဒီ friends တွေကို လက်ခံတဲ့အခါမှာလည်း ကိုယ်နဲ့လူချင်းသိတဲ့ လူရင်းတွေ၊ နောက် ဌာနဆိုင်ရာတွေက ယုံကြည်စိတ်ချရတဲ့ အကြီးအကဲတွေနဲ့ စိတ်ချရတဲ့သူတွေကိုသာ သူငယ်ချင်းအဖြစ် လက်ခံတာတွေ၊ ကိုယ်က အပ်နှံတာတွေ ရွေးချယ်ပြုလုပ်တတ်ကြဖို့ လိုလာပါတယ်။

## Facebook သုံးရင် ဘယ်အချက်တွေကို လိုက်နာသင့်သလဲ၊ ဘာတွေ ရှောင်ကြဉ်သင့်သလဲ

နောက်ပြောပြချင်တာလေးတစ်ခုက ဒီ Facebook ဆိုတာ လူတန်းစားမရွေး၊ အသက်အရွယ်မရွေး အသုံးပြုလာနေကြပြီဖြစ်တဲ့အတွက် ရဟန်းသံဃာ လက်ထဲမှာလည်း ရှိပါတယ်။ ကိုယ့်ထက် အသက်ကြီး၊ ဝါကြီးတဲ့သူတွေ၊ အဖေ၊ အမေအရွယ်တွေ၊ ဦးလေးတွေ၊ ဆရာသမားတွေ၊ အကြီးအကဲတွေ လက်ထဲမှာ ရှိနေတာဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံးဟာ မယဉ်ကျေးတဲ့ အသုံးအနှုန်းတွေ၊ အများအကျိုးရှိမယ့် အကြောင်းအရာတွေ ရဟန်းရှင်လူအများ စက္ခုပသာဒဖြစ်စေမယ့် ပုံရိပ်တွေ၊ ကိုယ့်လူမျိုးအချင်းချင်း စည်းလုံးညီညွတ်စေမယ့် အရေးအသားအပြောအဆိုတွေနဲ့ တင်ပြသင့်ကြပြီး ဒီ IT နည်းပညာကို အသုံးပြုလို့ Facebook ကို မှန်ကန်တဲ့ဘက်မှာ အသုံးချသွားကြရမှာဖြစ်ပါတယ်။

မိမိတင်လိုက်တဲ့ အကြောင်းအရာတစ်ခုကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲသွားစေမှာ၊ ဘာသာရေးအဓိကရုဏ်းတွေ ဖြစ်သွားစေမှာ၊ နိုင်ငံရေး မတည်မငြိမ်ဖြစ်သွားစေမှာနဲ့ တစ်စုံတစ်ဦးရဲ့သိက္ခာ ထိခိုက်သွားစေမှာတွေအပြင် ကိုယ့်သူငယ်ချင်း အချင်းချင်းတွေ မိတ်ပျက်သွားစေနိုင်တာတွေကိုလည်း အထူးရှောင်ရှားသတိထားကြရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ မိန်းမပျိုလေးတွေဆိုရင် မိမိပုံတွေကိုလည်း အရမ်းကာရော မတင်သင့်သလို မိသားစုရှိတဲ့သူတွေအနေနဲ့လည်း မိမိတို့ကလေးတွေပါတဲ့ မိသားစုပုံတွေကို အများကြီးမတင်သင့်ပါဘူး။

## ဘယ်လိုဆိုးကျိုးတွေ ရှိသလဲ

ဒီနေရာမှာပြောဖို့ ကျန်နေတဲ့အချက်က Facebook ကို အသုံးချတတ်ရင် ဘယ်လိုကောင်းကျိုးတွေရမယ်။ ဘယ်လိုသုံးသင့်တယ်ဆိုတာတွေတော့ ပါခဲ့ပြီးပါပြီ။ ဒါပေမယ့်လည်း သူ့ကိုမသုံးတတ်ရင်တော့ ကောင်းကျိုးတွေအပြင် ဆိုးကျိုးတွေလည်း များစွာရှိနေတတ်ပါသေးတယ်။ ဒါတွေကတော့ အထက်ကကျွန်တော်ပြောသလို friends တွေကို စနစ်တကျ ရွေးချယ်ပြီး မထားခဲ့ရင် ကိုယ့်ရဲ့ပုံတွေ၊ သတင်းတွေကို မသမာတဲ့နည်းနဲ့ယူပြီး ပြန်လည်အသုံးချတာတွေလည်း ရှိနေတာကို သတိထားကြရပါမယ်။ နောက်တစ်ခုက ကိုယ့်ရဲ့ Profile နဲ့ Account အမည်ကိုယူပြီး မသမာသူက အကောင့်အသစ်တစ်ခု အမည်တူ ပုံစံတူဖွင့်ပြီး မသမာတဲ့နည်းလမ်းနဲ့ တင်ကြတဲ့နည်းလမ်းပါ။ ဒါကလည်း အခုလိုတိုးတက်တဲ့ နည်းပညာကြောင့် မခက်ခဲလှပါဘူး။ ဖုန်းဆင်းကတ်ဖိုး ၁၅၀၀ ရယ်၊ အကောင့်ဖွင့်ခ ၁၀၀၀ လောက် ပေးလိုက်ရင်ပဲ ရနေပါပြီ။ နောက်တစ်ချက်ကတော့ ကိုယ့်ပုံတွေယူပြီး မိန်းကလေးတွေကို ခြိမ်းခြောက်ငွေညှစ်တဲ့ နည်းတွေနဲ့ ကိုယ်မတင်တဲ့ အကြောင်းအရာတွေကို ကိုယ်တင်တဲ့သဘောမျိုး အစောပိုင်းကလို အကောင့်တုဖွင့်ပြီး ထိုးနှက်တဲ့နည်းလမ်းတွေပါ။ ဒါတွေကိုလည်း သိရှိထားပြီး သတိထားကြရမှာ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုလိုရင်းကတော့ ဒီကနေ့ဖြစ်ပေါ်နေတဲ့ ခေတ်ရေစီးကြောင်းနဲ့အတူ ဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ICT နည်းပညာရပ်တွေကို ကျွန်တော်တို့ လူငယ်တွေ၊ လူကြီးတွေအားလုံးက အကျိုးရှိရှိနဲ့ သုံးစွဲသွားနိုင်ကြဖို့ ရည်ရွယ်ရင်းသာဖြစ်ပါတယ်။ ဒါကြောင့်သာ ကျွန်တော်အထက်က တင်ပြခဲ့တဲ့ ယနေ့အချိန်မှာ တွင်တွင်ကျယ်ကျယ်နဲ့ အသုံးအများဆုံးဖြစ်တဲ့ Facebook ဆိုတဲ့ လူမှုကွန်ရက်ကြီးကို ကိုင်တွယ်သုံးစွဲတော့မယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဘယ်လိုအကျိုးရှိအောင်သုံးမလဲ၊ မိမိဘဝ တိုးတက်လမ်းအတွက် သူ့ကို ဘယ်လိုအသုံးချမလဲ၊ သူ့ကို သုံးမယ်ဆိုရင် ဘယ်လိုအချက်တွေကို ရှောင်ကြဉ်ကြသင့်သလဲ၊ ဘယ်လိုဆိုးကျိုးတွေတော့ရှိနေတယ်စသည်စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိကြပြီး မိမိကိုယ်ကိုယ်ကောင်းအောင် ကြိုးစားကျင့်ကြံနေထိုင်ခြင်းဖြင့် နောက်တစ်ဆင့် တက်လှမ်းကာ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုး ရွက်သယ်ပိုးတဲ့ တိုင်းပြည်ရဲ့သားကောင်းများ ဖြစ်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ဂျေဝိုင်ပီနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဂွန်စိုးမီ

ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ဝင်ရောက်ခဲ့တဲ့ ဂွန်စိုးမီ လတ်တလောမှာတော့ သူ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလို ဂွန်စိုးမီနဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်ကာ စာချုပ်သစ် ထပ်မံချုပ်ဆိုခြင်းမရှိတော့ကြောင်းကို အေဂျင်စီဘက်က တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အေဂျင်စီက သူတို့နဲ့ လက်တွဲခဲ့တဲ့ ကာလတွေအတွက် ပေါ့ပ်ကြယ်ပွင့်ကို ကျေးဇူးတင်ကြောင်းနဲ့ ဒီကာလတွေအတွင်း အားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလည်း အသိအမှတ်ပြုကြောင်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။



အေးပြည့် - ရေးသားသည်



# မြောက်အမေရိကားမှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်ဖြစ်လာတဲ့ Crazy Rich Asians

အာရှရဲ့ တက်သစ်စသရုပ်ဆောင်တွေ အများစုပါဝင်ထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "Crazy Rich Asians"ကို ပြီးခဲ့တဲ့ သီတင်းပတ်က မြောက်အမေရိကားမှာ စတင်ရုံတင်ခဲ့ရာမှာတော့ အပြိုင်ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒ့ါအပြင် အဆိုပါရုပ်ရှင်ဟာ မှတ်တမ်းတစ်ခုကိုလည်း တင်နိုင်ခဲ့ပါတယ်။ ဒါကတော့ အချစ်ရုပ်ရှင်တစ်ခုအနေနဲ့ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်း ဝင်ငွေအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်လည်း ဖြစ်လာခဲ့ပါတယ်။ "Crazy Rich Asians"ဟာ အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ သန်း ရရှိခဲ့ပြီး မင်းသမီး အေမီချူးမား ခေါင်းဆောင်ပါဝင်ထားတဲ့ အခြားသော အချစ်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Trainwreck"ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ရုံတင်ခဲ့ရာ အဖွင့်သီတင်းပတ်မှာ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၁ သန်း ရရှိခဲ့ပြီး အချစ်ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

"Crazy Rich Asians" ဟာ လွန်ခဲ့တဲ့ ၂၅ နှစ်တာကာလအတွင်း အာရှသရုပ်ဆောင်တွေနဲ့သာ ရိုက်ကူးထားတဲ့ ပထမဆုံးသော ရုပ်ရှင်လည်း ဖြစ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်တုန်းက အာရှသရုပ်ဆောင်တွေနဲ့သာ ရိုက်ကူးထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "The Joy Luck Club"ကို ရုံတင်ပြသခဲ့ဖူးပါတယ်။ "Crazy Rich Asians"ဟာ စာရေးဆရာ ကယ်ဗင်ကွမ်ရဲ့ ကမ္ဘာ့ရောင်းအားအကောင်းဆုံးသော စာအုပ်တစ်အုပ်ဖြစ်ခဲ့တဲ့ "Crazy Rich Asians"ကိုပင် ရုပ်ရှင်အဖြစ် ပြန်လည်အသက်သွင်းထားတာဖြစ်ပြီး ဝါနာဘရိုစ်က ထုတ်လုပ်ခဲ့ကာ မျှော်မှန်းထားတာထက် ပိုမိုအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ရဲ့ အဓိကဇာတ်ဆောင်မင်းသမီး ကွန်းစတန့်ယူဟာ အာရှ-အမေရိကန်လူမျိုးတစ်ဦးအဖြစ် ပါဝင်ထားပြီး သူ့ရဲ့ဇာတ်ကောင်ဟာ စင်ကာပူကို သူ့ရဲ့ချစ်သူနဲ့အတူ ရောက်ရှိခဲ့ရာမှာတော့ ယဉ်ကျေးမှုချင်း ကွာခြားလွန်းတာကြောင့် အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို ထည့်သွင်းဖန်တီးထားတာဖြစ်ပါတယ်။

တောင်ကိုရီးယားကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ်မှ ဟောလိဝုဒ်သရုပ်ဆောင်နယ်ပယ်မှာ ခြေလှမ်းချလာခဲ့တဲ့ စီအယ်လ်ပါဝင်ထားသောရုပ်ရှင် "Mile 22"ဟာ ပြီးခဲ့သည့် သီတင်းပတ်အတွင်း တတိယမြောက် ဝင်ငွေအကောင်းဆုံး ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

# သားလေးရရှိခဲ့ပြီဖြစ်တဲ့ အိုဂျီဟို

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ အိုဂျီဟိုနဲ့ မိသားစုဝင်တွေက လတ်တလောမှာတော့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ ဒါကတော့ သူ့ရဲ့သားဦးလေးမွေးဖွားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပြီး သမီးလေးတစ်ဦး ရရှိခဲ့ပြီးဖြစ်တာကြောင့် ယခုရင်သွေးလေးဟာ ဒုတိယမြောက်ရင်သွေးလေးဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၁၈ ရက်မှာတော့ အိုဂျီဟိုရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘင်ဂိုစတားအန်တာတိန်းမန့်က မင်းသားအနေနဲ့ ဒုတိယမြောက်ရင်သွေးလေးဖြစ်တဲ့ သားလေးတစ်ဦး ထပ်မံရရှိခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြရာမှာတော့ အေဂျင်စီက မင်းသားရဲ့ ဇနီးဖြစ်သူ ဒုတိယမြောက် ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း သတင်းကို ပရိသတ်တွေကို တရားဝင်အသိပေးခဲ့ခြင်းမရှိပေမယ့် သားလေးမွေးဖွားခဲ့ရာမှာတော့ ဒီလိုပျော်ရွှင်စရာသတင်းကို အများကို မျှဝေလိုတာကြောင့် ယခုလို အသိပေးခဲ့ရခြင်းဖြစ်ကြောင်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

အိုဂျီဟိုနဲ့ ဇနီးဖြစ်သူတို့ဟာ သူတို့နှစ်ဦးရဲ့ ပထမဆုံး ရင်သွေးလေးကို ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းမှာ မွေးဖွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လတ်တလောမှာ မွေးဖွားခဲ့တဲ့ သားလေးဟာ ဒုတိယမြောက် ရင်သွေးလေး ဖြစ်ကာ အိုဂျီဟိုဟာလည်း သမီးတစ်ယောက်၊ သားတစ်ယောက်ရဲ့ဖခင် ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။



# ပထမဆုံးသော အမေရိကန်ဖျော်ဖြေပွဲလက်မှတ်တွေ ရောင်းကုန်ခဲ့ပြီဖြစ်တဲ့ BTS

ကမ္ဘာကျော်ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ အမေရိကန်နိုင်ငံရှိ ဘောလုံးကွင်းအတွင်း ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တဲ့ ပထမဆုံးသော တောင်ကိုရီးယားတေးဂီတအဖွဲ့ဖြစ်ပါတယ်။ မကြာမီမှာ ပြုလုပ်သွားမယ့် အဆိုပါ ဖျော်ဖြေပွဲအတွက် လက်မှတ်တွေကို ပြီးခဲ့တဲ့ သောကြာနေ့က စတင်ရောင်းချခဲ့ရာ လက်ရှိမှာတော့ လက်မှတ်တွေအကုန် ရောင်းချခဲ့ရပြီးဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BTS" ရဲ့ ဖျော်ဖြေပွဲအတွက် လက်မှတ်တွေကို စတင်ရောင်းချခဲ့ပြီး မိနစ်ပိုင်းအတွင်းမှာပင် လက်မှတ်တွေအားလုံးရောင်းကုန်ခဲ့တာလည်း ဖြစ်ပါတယ်။ အမေရိကန်မှာ ပထမဆုံးပြုလုပ်မယ့် ဖျော်ဖြေပွဲအတွက် လက်မှတ်စောင်ရေ လေးသောင်းရောင်းချခဲ့တာဖြစ်ပြီး ဒီလက်မှတ်တွေအားလုံး ရောင်းကုန်ခဲ့ပြီးဖြစ်ပါတယ်။



ယခုလအစပိုင်းမှာ "BTS"က မြောက်အမေရိကားနယ်လှည့်ဖျော်ဖြေရေးအစီအစဉ် "Love Yourself" ဖျော်ဖြေပွဲတွေရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်နိုင်ငံ နယူးယော့ခ်မှာရှိတဲ့ စတီးဖီးဒ်ဘောလုံးကွင်းမှာ ဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ယခုလို အမေရိကန်မှာ ဘောလုံးကွင်းအတွင်း ဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာဟာ "BTS"က ပထမဆုံးဖြစ်တာမို့ အဖွဲ့ရဲ့ အနုပညာခရီးမှာ နောက်ထပ်မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အမေရိကန်ဖျော်ဖြေပွဲကိုတော့ အောက်တိုဘာ ၆ ရက်မှာ "ARMYs"တွေရဲ့ ရှေ့မှောက် ဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ အမေရိကန် ဒေသစံတော်ချိန် ညနေ လေးနာရီမှာ ဖျော်ဖြေပွဲလက်မှတ်တွေကို အွန်လိုင်းပေါ်ကနေတစ်ဆင့် စတင်ရောင်းချပေးခဲ့တာ ဖြစ်ပါတယ်။ အဲဒီနေ့ ညနေ ၅ နာရီ ၆ မိနစ်မှာတော့ လက်မှတ်တွေ ရောင်းကုန်ခဲ့ပြီဖြစ်ကြောင်း၊ ဝယ်ယူလိုသူ အလွန်များပြားနေတာကြောင့် အချိန်တိုအတွင်း အကုန်ရောင်းချခဲ့ရကြောင်းနဲ့ နောက်ထပ်လက်မှတ်တွေ မရနိုင်တော့ကြောင်း ဖျော်ဖြေပွဲ ကျင်းပသွားမယ့် ဘောလုံးကွင်းရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခု ဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရကြောင်းလည်း သိရပါတယ်။

"BTS"ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဂ်ဟစ်ထ်အန်တာတိန်းမန့်က ဘေဘုတ်မဂ္ဂဇင်းကို ပြောကြားခဲ့ရာမှာတော့ အဖွဲ့ရဲ့ အမေရိကန်ဖျော်ဖြေပွဲ လက်မှတ်တွေဟာ မိနစ် ၂၀ အတွင်း ရောင်းကုန်ခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဆိုပါတေးဂီတအဖွဲ့ဟာ ကေပေါ့ပ်အဖွဲ့တွေအနက် ကမ္ဘာကျော်ခဲ့တဲ့အဖွဲ့ဖြစ်ပြီး နိုင်ငံတကာတေးဂီတဆုပေးပွဲတွေမှာ ဆုတွေသိမ်းပိုက်နိုင်ခဲ့တဲ့ ပထမဆုံးသော ကေပေါ့ပ်အဖွဲ့လည်း ဖြစ်ပါတယ်။ "BTS"ဟာ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့သည်မှ ငါးနှစ်တာကာလအတွင်း ယခုလို အောင်မြင်မှုတွေ ရယူနိုင်ခဲ့တာပါ။

အဖွဲ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear"ဟာ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်စာရင်းကို ဦးဆောင်နိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း ဘေဘုတ်ပေါ်မှာ နံပါတ်တစ်နေရာ ရခဲ့တာဖြစ်ပြီး လက်ရှိမှာလည်း ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ပါဝင်တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ရဲ့ နောက်ထပ်တေးအယ်လ်ဘမ်သစ် " Love Yourself: Answer"ကိုတော့ လာမယ့် ဩဂုတ် ၂၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာတော့ တေးသီချင်းတွေအပြင် အဖွဲ့ဝင်တွေရဲ့ ဒိုင်ယာရီလည်း ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။

## မြသလွန်စေတီ မဟာအတုလရံသီ တန်ဆောင်းတော်အား မြန်မာမှုများဖြင့် မွမ်းမံ

**မကွေး ဩဂုတ် ၂၀**
မကွေးမြို့ မြသလွန်စေတီရင်ပြင်တော်မြောက်ဘက်ရှိ မဟာအတုလရံသီတန်ဆောင်းတော်၏ မျက်နှာကြက်များ၊ နံရံများ၊ တိုင်လုံးများအား ဩဝါဒဆရာတော်ကြီးများ၏ လမ်းညွှန်ချက်နှင့်အညီ အမရပူရခေတ်လက်ရာ၊ တကောင်းခေတ်လက်ရာများဖြင့် မွမ်းမံခြယ်သပြင်ဆင်လျက်ရှိကြောင်း မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှ သိရသည်။

ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားပြီး အတည်ပြုထားသည့် တိုင်ပုံစံ၊ ကနုတ်ပုံစံ၊ ပန်းပုံစံများကို မန္တလေးမြို့ တမ္ပဝတီဦးဝင်းမောင်၏အဖွဲ့များမှ မြန်မာ့ဗိသုကာပညာရပ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး နဝကမ္မငွေကျပ်သိန်း ၁၁၀၀ ကျော် အသုံးပြုလုပ်ဆောင်သွားမည်ဖြစ်သည်။

"ဒီတန်ဆောင်းတော်ကြီးက အလျား ၁၀၈ ပေ၊ အနံပေ ၃၀ ရှိပါတယ်။ ဝါတွင်းဥပုသ်သည်များ တစ်နေကုန်နားနေဝတ်ပြုရာ တန်ဆောင်းတော်ဖြစ်ပါတယ်။ မူလအဆောက်အအုံက ခိုင်ခံ့မှုကိုအသားပေးပြီး တည်ဆောက်ထားတာပါ။ မြန်မာမှုမပါလို့ ဆရာတော်ကြီးတွေက စေတီပုထိုးဆိုတာ မြန်မာမှုလေးတွေနဲ့ ပိုပြီးတော့ သင့်တော်ပါတယ်ဆိုပြီးတော့ ဩဝါဒပေးလို့ လုပ်ဆောင်ဖြစ်သွားတာပါ" ဟု မြသလွန်ဘဏ္ဍာတော်ထိန်းဂေါပက ဒုဥက္ကဋ္ဌ ဦးအေးကျော်က ပြောပြသည်။

တန်ဆောင်း၏အတွင်း၊ အပြင် နေရာများအားလုံးကို မြန်မာမှုများထည့်သွင်းပြီး ဘုရားဖူးလာပြည်သူများအတွက် ဘာသာရေးနယ်မြေနှင့်တူတန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ဇူလိုင်လပထမပတ်ထဲတွင် စတင်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မန္တလေးမြို့၏ ရိုးရာဓလေ့ကို ဖော်ထုတ်သည့် အိုးပုတ်ပွဲတော် စည်ကားပျော်ရွှင်စွာကျင်းပ



**မန္တလေး ဩဂုတ် ၂၀**
မန္တလေးမြို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ကို ဖော်ထုတ်သည့် အိုးပုတ်ပွဲတော်ကို အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင် ပတ္တမြားတောရပ်ကွက်တွင် ဩဂုတ် ၁၉ ရက် (ဝါခေါင်လဆန်း ၈ ရက်) တွင် အစဉ်အလာမပျက် စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ့ကလေးငယ်များ ရိုးရာလက်မှုပညာရပ်ဖြင့် ပြုလုပ်ထားသည့် အိုးပုတ်၊ ချိုးရုပ်နှင့် ဆီမီးခွက်ရုပ်ကလေးများကို မြတ်နိုးတန်ဖိုးထား၍ ပျော်ရွှင်စွာ ဆော့ကစားလာကြစေရန်နှင့် နည်းပညာများ တိုးတက်နေသော ယနေ့အချိန်ထိတိုင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာဓလေ့များ မပျောက်ကွယ်စေရန် ရည်ရွယ်၍ အိုးပုတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်း အိုးဘိုရွှေကျင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းက ပြောသည်။

အိုးဘိုရွှေကျင်ရပ်ကွက်နေ ဒေါ်မြင့်က "ကျွန်မတို့ အဘိုးအဘွားတွေလက်ထက်ကတည်းက ကျင်းပလာခဲ့တာဆိုတော့ ရပ်ကွက်ဘုရားပွဲတစ်ခုလိုပဲ သဘောထားပြီး ပွဲတော်နေ့မှာ ကျွန်မတို့ အိမ်တိုင်းက ပွဲတော်လာသူတွေအားလုံးကို ရိုးရာအစားအစာတွေ၊ သီးနှံတွေနဲ့ ဧည့်ခံကျွေးမွေးပါတယ်။ နှစ်စဉ်နှစ်တိုင်း ရပ်ကွက်ရဲ့ဓလေ့ပွဲတော်တွေကျင်းပလာခဲ့တာဆိုတော့ ပျောက်ကွယ်သွားမှာ မဟုတ်တော့ပါဘူး"ဟု ပြောသည်။

မန္တလေးမြို့တွင် ကျင်းပသည့် အိုးပုတ်ပွဲတော်သို့ အမရပူရမြို့နယ် တပ်ကြီးကျေးရွာမှ လာရောက်ရောင်းချသည့် ကိုရဲမင်းသိန်းကလည်း "ဒီပွဲတော်မှာ ကျွန်တော်တို့ဆိုင်က လက်ကားဖြန့်ချိတဲ့အနေနဲ့ ရောင်းချပေးပါတယ်။ မြေထည်ပစ္စည်းအမျိုးအစားပေါင်း ၂၀ ကျော်ပါဝင်ပြီး ကြိုက်တာယူ ၁၀၀၀ ကျပ်ဖိုးကို ၁၀ ခု ရောင်းပါတယ်။ တစ်ရက်ကို သုံးသိန်း၊ လေးသိန်းဖိုးလောက် ရောင်းရပြီး ပွဲတော်အပြီးမှာ ကျပ် ၁၅သိန်းလောက်ရပါတယ်။ ကျွန်တော်တို့ တပ်ကြီးရွာက ဒီအိုးလုပ်ငန်းနဲ့ပဲ အသက်မွေးဝမ်းကျောင်းရတာဆိုတော့ ဒီပွဲတော်က ကျွန်တော်တို့ အိုးလုပ်ငန်းလုပ်ကိုင်သူတွေကို အများကြီးအထောက်အကူပြုပါတယ်" ဟု ပြောသည်။

မြန်မာလူမျိုးတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် မန္တလေးမြို့၏ ရိုးရာဓလေ့ပွဲတော်ဖြစ်သည့်အပြင် တစ်နှစ်တွင် တစ်ရက်သာ ကျင်းပသည့် ထူးခြားသောပွဲတော်ဖြစ်ခြင်းကြောင့် လာရောက်လေ့လာ ကြည့်ရှုဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဒလမြို့နယ်တွင် လျှပ်စစ်ဓာတ်ကြိုးများ လဲလှယ်တပ်ဆင်လျက်ရှိ



**ဒလ ဩဂုတ် ၂၀**
ဒလမြို့နယ်နေ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေး၊ လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အတွင်း သွယ်တန်းထားမှု ကြာမြင့်နေသော လျှပ်စစ်ဓာတ်အားလိုင်း ၆ ဒသမ ၆ ကေဗွီ၊ ၆၆၀၀ ဗို့အား လျှပ်စစ်ကာဘာပါသော SAC 120 ကြိုးသစ်များဖြင့် လဲလှယ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သွယ်တန်းထားရှိမှု နှစ်ကာလကြာနေပြီဖြစ်သော ၄၀၀ ဗို့ ဓာတ်ကြိုးများ ကိုလည်း ABC 96 $mm^2$ ကြိုးများဖြင့် ဆက်လက် လဲလှယ်တပ်ဆင်ဆောင်ရွက်ပေးသွားရန် စီစဉ်လက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြရွှေ၏ ပြောကြားချက်အရ သိရသည်။

**မင်းထက်ကျော် (ဒလ)**

## စပါးမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်

**စလင်း ဩဂုတ် ၂၀**
အရည်အသွေး ပြည့်မီသော စပါးမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ သင်တန်းဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များက သင်ကြားပြီး မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးထုတ်လုပ်သော တောစိမ့်၊ ရှမ်းစု၊ လင်ဇင်၊ ပေါက်တူး ကျေးရွာများမှ တောင်သူ ၄၇ ဦးတက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

## ကျိုက်လတ်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**ကျိုက်လတ် ဩဂုတ် ၂၀** ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ကလပ်ရပ်ကျေးရွာ ချမ်းမြေ့သာယာဘုန်းကြီးကျောင်းဝင်း ဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ကျိုက်လတ်မဲဆန္ဒနယ် အမှတ် (၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်၊ အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးဝင်းဌေး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမင်းသိန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းထွန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်သီတာနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးရဲဇော်အောင်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်းသိရပြီး စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် နိုင်ကြောင်း သိရသည်။

**ကျိုက်လတ်(ပြန်/ဆက်)**

### တိုတိုထွာထွာဖတ်စရာ

## ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဩဝါဒခံယူပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါစေတီတော်ရင်ပြင် သုဒ္ဓိယုဝတန်ဆောင်းတော်၌ ကျင်းပသည်။

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ခရိုင်သာသနာရေးဦးစီးဌာန ခရိုင်သာသနာရေးမှူး ဦးခင်လှိုင်တို့က စေတီတော်မြတ်ကြီးနှင့် သာသနာရေးဆိုင်ရာဆောင်ရွက်မှုများအား တင်ပြလျှောက်ထားကြပြီး စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) က စေတီတော်မြတ်ကြီး၏ ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်တို့အား တင်ပြလျှောက်ထားကြောင်း သိရသည်။

**သန်လျင်(ပြန်/ဆက်)**

## မြစ်ကြီးနား၌ ပညာရေးကောလိပ်သင်တန်းသား/သူများ ဝတ်ရွတ်ပြိုင်

**မြစ်ကြီးနား**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓဘာသာဝတ်ရွတ်စဉ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက အဆိုပါကောလိပ်ရှိမိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပသည်။

အမျိုးသမီးအိပ်ဆောင်များဖြစ်သည့် သစ္စာဆောင်၊ သီတာဆောင်၊ သန္တာဆောင်နှင့် မာလာဆောင်တို့မှ သင်တန်းသူ ၃၀၉ ဦး ပါဝင်ကာ အမျိုးသားအိပ်ဆောင်များဖြစ်သည့် အင်ဗိုင်ခဆောင်နှင့်မေတ္တာဆောင်တို့မှ သင်တန်းသား ၁၂၆ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အသံ၊ လေယူလေသိမ်းမှန်ကန်မှု၊ အဖြတ်အတောက်မှန်ကန်စွာဖြင့် ရွတ်ဖတ်ခြင်းတို့ကို အမှတ်ပေးခဲ့ကာ ပြိုင်ပွဲဝင် သင်တန်းသား သင်တန်းသူများက မင်္ဂလသုတ်၊ မေတ္တသုတ်၊ ရတနာ့သုတ်နှင့် ဓမ္မစကြာတို့ကို ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## ယင်းမာပင်၌ ကျေးရွာမီးလင်းရေး ဆောင်ရွက်

**ယင်းမာပင်**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၈ ရက်က ကနီမြို့နယ် မုဋ္ဌောကျေးရွာ ကျေးလက်နေပြည်သူများ လူထုဗဟိုပြုစီမံကိန်းမှ TTA၊ CF၊ TF အဖွဲ့များနှင့်တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုနှင့် စာရင်းဇယားမှတ်တမ်းများထိန်းသိမ်းထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းအတွက် လိုအပ်မှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် စာပေဝိုင်းဖွဲ့ဆွေးနွေး

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စာပေချစ်မြတ်နိုးသူများ စုပေါင်းဖွဲ့စည်းထားသည့် ပိုးစုန်းကြူးကလေးများ Book Club အဖွဲ့၏ စာပေဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

စာပေဝိုင်းဖွဲ့ဆွေးနွေးပွဲသို့ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်ကေခိုင်နှင့် ဝန်ထမ်းများ၊ ပိုးစုန်းကြူးလေးများ Book Club အဖွဲ့ဥက္ကဋ္ဌ မခင်သူဇာနှင့် စာပေချစ်မြတ်နိုးသူ လူငယ်မောင်မယ်များ စုစုပေါင်း ၂၀ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## မိုင်းယု၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေး

**မိုင်းယု**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့ရှိ ကျေးလက်နေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ဝမ်ဒွန်းနွဲ့ကျေးရွာအုပ်စု ဝမ်ဒွန်းနွဲ့ကျောင်းရွာရှိ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၌ ပြုလုပ်ခဲ့သည်။

ဒေါက်တာအောင်အောင်ဝင်းထွဋ်က သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားပုံ၊ ကုသရန်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်ဖြူဖြူဝင်းက ငှက်ဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားရခြင်း၊ ကြိုတင်ကာကွယ်ရေး နည်းလမ်းများနှင့် အမျိုးသမီးများ၏ ကျန်းမာရေးဆိုင်ရာသိမှတ်စရာအကြောင်းတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ဂုဏ်ပြုဆုများချီးမြှင့်

**ရန်ကုန် ဩဂုတ် ၂၀**

မြန်မာ့ရိုးရာလက်ဝှေ့ ကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်နှင့် ရိုးရာလက်ဝှေ့ မျိုးဆက်သစ် လူငယ်ကစားသမားကောင်းများ ပေါ်ထွန်းလာပြီး ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ Great Tiger Group(GTG) မှ ၂၀၁၇ ခုနှစ်အတွက် ထူးချွန် ရိုးရာကျားများနှင့် အတိုးတက်ဆုံး ရိုးရာလက်ဝှေ့ အသင်းအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ Orchid ဟိုတယ်၌ ကျင်းပသည်။



"ဒီပွဲက သုံးကြိမ်မြောက်ပါ။ GTG က ၂၀၁၆ ခုနှစ် မတ် ၄ ရက်မှာ စတင်အသက်ဝင်ခဲ့တယ်။ စတင်တည်ထောင်ကတည်းက ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးဆုတွေကို ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တယ်။ ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးကစားသမားဆု၊ အတိုးတက်ဆုံးကစားသမားဆု၊ အလဲထိုးနိုင်ဆုံးဆု၊ အကျိုးပြုကလပ်အသင်းဆု ဆိုပြီး လေးဆုပေးခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာ အကောင်းဆုံး ကစားသမားဆုကို ကျွန်တော်တို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့ မကိုက်ညီတဲ့အတွက် ကျန်တဲ့သုံးဆုပဲပေးခဲ့တယ်။ အခုပေးတဲ့ဆုပေးပွဲက ၂၀၁၇ ခုနှစ်အတွက် ပေးတဲ့ပွဲပါ။ ဒီနှစ်မှာလည်း သုံးဆုပဲထွက်တယ်။ အကောင်းဆုံးကစားသမားဆု မပါခဲ့ဘူး" ဟု GTG ကိုတည်ထောင်သူ ဦးစိုးမင်းက ပြောသည်။

၂၀၁၇ ခုနှစ်အတွက် ဆုရရှိသူများမှာ ၂၀၁၇ ခုနှစ်အတွင်း ၁၄ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၁၀ ပွဲပြီးအထိ ပြည်တွင်းကစားသမား ခုနစ်ဦးနှင့် ပြည်ပကစားသမား သုံးဦးကို အနိုင်ရရှိထားသူဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် အလဲထိုးပွဲ စံချိန်ရှင်တစ်ဦးဖြစ်သလို ၂၀၁၇ ခုနှစ်အတွက် ရွှေခါးပတ်ချန်ပီယံတစ်ဦးလည်းဖြစ်သည့် ရန်နိုင်ထွန်းက ၂၀၁၇ ခုနှစ်အတွက် အလဲထိုးပွဲအများဆုံး ဆုကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ၁၀ ပွဲတိတိ ရင်ဆိုင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးပွဲအနိုင်ယူထားခဲ့ပြီး ရှုံးပွဲမရှိ သူလည်းဖြစ်သည့် အဆိုပါပွဲများကို ယှဉ်ပြိုင်ထိုးသတ်နေချိန်တွင် ၎င်း၏ အသက်မှာ ၁၆ နှစ်မျှသာရှိသေးပြီး GTG ၏ အောင်လံဆုရှင် တစ်ဦးလည်းဖြစ်သူ ကျော်စွာဝင်းက ၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရိုးရာလက်ဝှေ့ အတိုးတက်ဆုံး ထူးချွန် ကျားဆုကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ၇၁ ကီလိုတန်း၊ ၆၃ ဒသမ ၅ ကီလိုတန်းနှင့် ၅၁ ကီလိုတန်းတွေကို ရွှေတံဆိပ်ဆု ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် သုံးပန်လုံကလပ်အသင်းက ၂၀၁၇ ခုနှစ်အတွက် အတိုးတက်ဆုံး ကလပ်အသင်းဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆုရရှိသူ ရန်နိုင်ထွန်းက "ဒီလို ဂုဏ်ပြုဆု ချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ဒီအခမ်းအနားကို ကျင်းပပေးတဲ့ ဆရာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အတွက် အားတစ်ခုလည်း ဖြစ်ပါတယ်။ ကြိုးစားအားထုတ်မှုတွေရှိခဲ့လို့ ဒီဆုကို ရခဲ့တယ်လို့ မြင်ပါတယ်။ နောက်မျိုးဆက်သစ်တွေကိုလည်း ကြိုးစားစေချင်ပါတယ်။ ဂုဏ်ပြုပေးတဲ့သူတွေရှိတဲ့အတွက် ပိုကြိုးစားစေချင်ပါတယ်။ ကျွန်တော်လည်း အမြဲကြိုးစားနေပါတယ်။ ပရိသတ်ကြီးလည်း ဆက်လက်အားပေးကြပါ" ဟု ပြောသည်။

"ဒီဆုကို ရရှိတဲ့အတွက် ပျော်ပါတယ်။ အဖေနဲ့အမေ၊ ဆရာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီလို ဆုချီးမြှင့်ပေးတဲ့ GTG ကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။ ဒီထက်မကလည်း ဆက်လက်ကြိုးစားသွား ဦးမှာပါ။ ပရိသတ်ကြီးလည်း အားပေးကြပါဦးလို့ ပြောချင်ပါတယ်" ဟု ဆုရရှိသူ ကျော်စွာဝင်းကပြောသည်။

အဆိုပါပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်သည် မြန်မာ့ရိုးရာလက်ဝှေ့ ပိုမိုတိုးတက်လာစေရန်၊ လက်ဝှေ့ အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်နှင့် မျိုးဆက်သစ်လူငယ်များ အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မြင်တွေ့ပြီး ကြိုးစားချင်စိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

# သန်လျင်၌ပဲခူးမြစ်ထူးကဲဒီရေပြန်လည်ကျဆင်းသွား၍ ကုလားဝဲကျေးရွာရှိပဲခူးမြစ်တာပေါင်အား စုပေါင်းပြုပြင်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ ပဲခူးမြစ် ထူးကဲဒီရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များနှင့် ပဲခူးမြစ်အနီးရှိ ကျေးရွာများသို့ ထူးကဲဒီရေများ ဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ယခုအခါ ပဲခူးမြစ်ထူးကဲဒီရေ ပြန်လည်ကျဆင်းလာသဖြင့် ကုလားကျေးရွာရှိ ပဲခူးမြစ်တာပေါင်အား မြေဖို့ခြင်း၊ သဲအိတ်ဖို့ခြင်းတို့ကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာ ပဲခူးမြစ်တာပေါင်၌ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ပဲခူးမြစ်တာပေါင်ပြုပြင်ခြင်းကို ကုလားဝဲကျေးရွာ ရွာမကျောင်းတိုက်ဆရာတော် ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (သန်လျင်) မှ အဖွဲ့ဝင်များ၊ အရိပ်စစ်ပရဟိတအဖွဲ့နှင့် ကျေးရွာပရဟိတအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၁၀၀ ခန့်က ပဲခူးမြစ်တာပေါင် အရှည်ပေ ၁၀၀၀ ကျော်ရှိ တာပေါင်အတွင်း ကျိုးပေါက်မြစ်ရေဝင်ရောက်ခဲ့သော နေရာများအား မြေဖို့ခြင်း သဲအိတ်ဖို့ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြန်/ဆက်)**

# ကော့သောင်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ ရှင်းလင်း

**ကော့သောင်း ဩဂုတ် ၂၀**

ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဧပြီလ မှစက်တင်ဘာလအထိ ကော့သောင်းမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သည့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများရှင်းလင်းပွဲတစ်ရပ်ကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘဂွမ်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းမှု၊ ရည်ရွယ်ချက်များ၊ စည်ပင်သာယာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းအင်အားအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု၊ မြို့နယ်အတွင်းအခွန်အခ ကောက်ခံရရှိမှု၊ ငွေလုံးငွေရင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးနေမျိုးက ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ငွေလုံးငွေရင်းဖြင့်ဆောင်ရွက်မည့် မြို့နယ်အတွင်း လမ်း၊ တံတား၊ မြို့ပြသောက်သုံးရေပေးဝေရေး၊ မြို့တွင်းလမ်းရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ မြို့သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး ပန်းခြံလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဥရောပသမဂ္ဂရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရ အဖွဲ့၊ VNG International၊ လောကအလင်း၊ Hornbill Organization စသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်မှု ပိုမိုတိုးတက်လာရေး ပူးပေါင်းဆောင်ရွက်မည့် လူမှုအသိုင်းအဝိုင်းများ၊ ပူးပေါင်းဆောင်ရွက်မှုရှိသော တာဝန်ယူ၊ တာဝန်ခံနိုင်သည့် စည်ပင်သာယာရေးဆိုင်ရာ စီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်းနှင့် စပ်လျဉ်း၍ လောကအလင်းလူမှုကွန်ရက် စီမံကိန်း တာဝန်ခံ ဦးမင်းသူရက ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ သတင်းမီဒီယာများက စည်ပင်သာယာရေးလုပ်ငန်းများကို မေးမြန်းကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လောကအလင်း လူမှုကွန်ရက် စီမံကိန်း တာဝန်ဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## တိုတိုထွာထွာဖတ်စရာ

### လမ်းဧရိယာနှင့် မလွတ်သောသစ်ပင်များ ရှင်းလင်း

**ရှားတော**

ကယားပြည်နယ် ရှားတောမြို့နယ် အလယ်ပိုင်းစုစည်းနှင့် မြောက်ရွာကျေးရွာချင်းဆက်လမ်းတွင် လမ်းဧရိယာနှင့် မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်ကဦးဆောင်၍ အလယ်ပိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာချင်းဆက်လမ်းသည် အရှည် တစ်မိုင်သုံးဖာလုံရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်တွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေသည်ဖြစ်၍ ယခုလိုလမ်းနှင့် မလွတ်သောအပင်များကိုခုတ်ထွင်ရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ဆပ်ပြာချက်သင်တန်း ကျောက်ကြီးမြို့နယ်တွင် ဖွင့်လှစ်

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိန်းတန်းရပ်ကွက် ဗျူဟာလမ်းရှိ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံဆပ်ပြာချက် ၁/၂၀၁၈ သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

ခေါင်းလျှော်ရည်၊ ဆပ်ပြာရည်၊ မျက်နှာသစ်ဆေးရည်စသည့် ဘာသာရပ်သုံးရပ်ကို သင်တန်းသား ၂၀ အား ကျွမ်းကျင်တတ်မြောက်သည်အထိ ခြောက်ရက်အတွင်း သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### ဟသ္သာတ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟသ္သာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် တာကလေးရပ်ကွက် ဦးအောင်မြတ်ကျော် ဘုရားတန်ဆောင်း၌ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ ဟသ္သာတတပ်ဖွဲ့စုရုံးမှတပ်ဖွဲ့စုမှူးယာယီရဲမှူးမြို့သာ ဦးစီးသော တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

ဘုရားတန်ဆောင်းဝင်းအတွင်း လမ်းတစ်လျှောက် လမ်းဘေး ဝဲ-ယာရှိ ပေါင်းမြက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်ခြင်း၊ အမှိုက်များစွန့်ပစ်ခြင်းတို့ဖြင့် ရဟန်းရှင်လူအများပြည်သူသွားလာမှု အဆင်ပြေစေရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### မဒေါက်၌ ပျက်စီးနေသည့်လမ်းအား မြေထိန်းနံရံပြုလုပ်မည်

**မဒေါက်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ဇူလိုင်လ နောက်ဆုံးပတ်က ရေကြီးရေလျှံမှုကြောင့် စစ်တောင်းမြစ်ရေကျော်၍ ပျက်စီးခဲ့သော မြို့မ(၂)ရပ်ကွက် တံခွန်တိုင်ဘုန်းကြီးကျောင်းရှေ့ မီးရထားလမ်းဟောင်း(တာ)လမ်းအား ကျောက်စီမြေထိန်းနံရံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် နှစ်စဉ်မြစ်ရေကြီးမှုကြောင့် ရေကျော်ပျက်စီးကာ ရေကျသည်နှင့် ပြန်လည်ပြုပြင်နေရသော လမ်းဖြစ်၍ လမ်းရေကျော်ပျက်စီးမှုဒဏ်ကိုခံနိုင်ရန် အလျား ပေ ၆၅၀၊ အမြင့် ငါးပေ ကျောက်စီမြေထိန်းနံရံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ရဲမြန်မာ(ညောင်လေးပင်)**

### အင်္ဂပူ၌ ချောင်းနှင့်စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

**အင်္ဂပူ**

အင်္ဂပူမြို့နယ်တွင် ထန်းပင်ကန်ကျေးရွာအုပ်စု သဲဖြူချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းနှင့် မကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ စပါးခင်းဧက ၁၅၀ အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ်၂၀ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

သဘာဝရေပြင်အတွင်းသို့ ငါးခုံးမကြီးသားပေါက် အကောင်ရေ ၅၀၀၀၀ နှင့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ စပါးခင်းဧက ၁၅၀ အတွင်းသို့ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၇၅၀၀၀ တို့အား စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### မယ်စဲ့၌ မူကြိုကလေးငယ်များအား အာဟာရတိုက်ကျွေး

**မယ်စဲ့**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ မူကြိုကလေးငယ်များအား အာဟာရတိုက်ကျွေးခြင်းနှင့် သွားကျန်းမာရေးအသိပညာပေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက မြောက်ပိုင်းရပ်ကွက်ရှိ Future Star မူကြိုကျောင်း၌ ပြုလုပ်ခဲ့သည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ငါးနှစ်အောက်ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရေးနှင့် ဗီတာမင်များ ပြည့်ဝစေရေးအတွက် ကြက်သားဆန်ပြုတ်အာဟာရဒါနပြုတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## (၆)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဒေါ်စန်းစန်းရီ
## (၂၁-၈-၂၀၁၂မှ ၂၁-၈-၂၀၁၈)

ယနေ့ထိတိုင် နေ့စဉ် လွမ်းဆွတ်သတိရလျက်ရှိဆဲပါ လစဉ် (၂၁) ရက်နေ့တိုင်း ပြုလုပ်ရည်စူးကုသိုလ်များနှင့် နှစ်ပတ်လည်နေ့တိုင်း တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် တရားစခန်းဝင်သော ယောဂီများသို့ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းနိုင်မှု အပါအဝင် ပြုပြုသမျှ ကုသိုလ်အစုစုအတွက် ရောက်ရာဘုံဘဝမှ အမျှယူနိုင်ပါစေသော်-----

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူကျော်ဝင်း(ငြိမ်း)
သမီးကြီး - ဦးညီညီနိုင်-ဒေါ်စန်းသီတာဝင်း
သား - ဦးမင်းနေကျော်ဝင်း
သမီးငယ် - ပါမောက္ခဒေါက်တာဘုန်းမြင့်ထွန်း(Dept.ORL-HNS, ဆေးတက္ကသိုလ်-၂)-ဒေါ်စန်းစပယ်ဝင်း
မြေးလေးများ - မကြာညိုသွယ်သင်း (Second Year Hons;(Psy) YU)
မဝင်းမြတ်ရွှေစင်ထွန်း (1st M.B.,B.S ဆေးတက္ကသိုလ်-၁)
မောင်ဝင်းဘုန်းထွဋ်နိုင် (တက္ကသိုလ်ဝင်တန်းအောင်၊ TTC)
မောင်ဝင်းခန့်လပြည့်ထွန်း (Grade-7, T.T.C)

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းနွဲ့
M.D-JEWEL HOTEL
**အသက်(၆၁)နှစ်**

ကျေးဇူးရှင်မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားတာ ၂၁-၈-၂၀၁၈ရက်ဆို(၁)လပြည့်ပြီးဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေပါတယ်။ မေမေ့အတွက် ရည်စူးပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ချစ်ခင်ပွန်း - ဦးဝင်းမြင့်**
**ချစ်သား - ကိုအောင်သူဝင်း**
**ကိုအေးသူဝင်း**
**JEWEL HOTEL မိသားစု**






## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## (၆/၂၀၁၈)ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ/သစ်လုံး/သစ်ခွဲသားများ တန်(၉၁၁၃)ခန့်**ကို မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(အထူး) အိတ်ဖွင့်တင်ဒါ - (၁၁/၁၂-၉-၂၀၁၈) ရက် နံနက် (၀၈း၀၀) နာရီမှ စတင်မည်
- ရန်ကုန်တိုင်းဒေသကြီး/မန္တလေးတိုင်းဒေသကြီး/ မကွေးတိုင်းဒေသကြီး/စစ်ကိုင်းတိုင်းဒေသကြီး/ ပဲခူးတိုင်းဒေသကြီး(အနောက်)/ဧရာဝတီတိုင်းဒေသကြီး/ တနင်္သာရီတိုင်းဒေသကြီး/ကချင်ပြည်နယ်/ ကယားပြည်နယ်/ရှမ်းပြည်နယ် (မြောက်ပိုင်း/တောင်ပိုင်း)

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ် ၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**


Padamyar Nilar Travel & Tours Co.,Ltd

မခင်ဘုန်းရွှေ(Eng-Major)
9တန်း၊ 10တန်းဘာသာစုံ
အဓိပ္ပာယ်နှင့်တကွစာကျက်ပေးသည်၊
Bio, Myanmar, English,သင်သည်၊
ph: 09-5506737,01-376849

သတိုးအောင်ဧရာ / Computer Sale & Service

Pentium - 1.2 Ghz
1GB, 30GB
DVD Drive, Screen 13.3
၉၅၀၀၀ိ/-ကျပ်

PRIME-BOSS
Trade In Any Copier Available Up to 500,000 KS
Digital Full Color MFP System
MX-2310R/F

- RSPF : Feeder/ Duplex
- 7" Color LCD Touch Screen Control Panel
- Std: A3Color Copy/ Network Print
- Password Protected User Accounts
- 20% Color Coverage A4 = 40 Kyats
(တိုနာကုန်ကျစရိတ်အလွန်သက်သာပါသည်။)
* Photo Show with Option
Full Color Digital MFP နှင့် အခြားစက်ကြီးများလည်း ရရှိနိုင်ပါသည်။
Prime - Boss Company Limited Since 1996
» Yangon Office : G-7, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon.
Tel : 01 256644, 256508
Hot Line : 09 788888929 Fax -01 256158
» Naypyitaw : Tel: 067-421393
Email: sales@primeboss.com.mm

"ရွှေစည်"
လုပ်သားပေါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပြုံး
**အသက်(၈၄)နှစ်**

ဦးမျိုးတင့်ထွန်း(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နိုင်နိုင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ပြုံး အသက်(၈၄)နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) ည ၉း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှကျော်(ဒုတိယဝန်ကြီး)-ဒေါ်သန်းသန်းဌေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပြုံး
**အသက်(၈၄)နှစ်**

ဦးမျိုးတင့်ထွန်း(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နိုင်နိုင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ပြုံး အသက်(၈၄)နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) ည ၉း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဒေါက်တာတင်ထွဋ်(အမြဲတမ်းအတွင်းဝန်-ငြိမ်း)-ဒေါ်မော်မော်စိုး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပြုံး **(၈၄)နှစ်**

ဦးမျိုးတင့်ထွန်း(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နိုင်နိုင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ပြုံး အသက်(၈၄)နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) ည ၉း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာရဲတင့်ထွန်း (ညွှန်ကြားရေးမှူးချုပ်)နှင့် ဇနီးနှင့်**
**စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ပြုံး **(၈၄)နှစ်**

ဦးမျိုးတင့်ထွန်း(ဒုတိယအမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်နိုင်နိုင်လင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်ပြုံး အသက်(၈၄)နှစ်သည် ၁၈-၈-၂၀၁၈ (စနေနေ့) ည ၉း၁၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်လှိုင် (ညွှန်ကြားရေးမှူးချုပ်)နှင့် ဇနီး**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသက်နိုင်
**အသက်(၈၃)နှစ်**

သူငယ်ချင်း ဒေါက်တာနိုင်နိုင်အေး၏ဖခင် ဦးသက်နိုင် အသက်(၈၃)နှစ်သည် ၁၉-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1983 Batch M.B, B.S IM2 မှ သူငယ်ချင်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာမကြီး ဒေါ်ရီတင်
**အသက်(၇၈)နှစ်**

ပြည်မြို့၊ အလက(၂)၊ (ယခင် တရုတ်စာသင်ကျောင်း)၊ ကျောင်းသား/သူဟောင်းတို့၏ ချစ်ကြောက်ရိုသေရသော ဆရာမကြီး (ဒေါ်ရီတင်) ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်မြို့ အလက(၂)**
**(ယခင်တရုတ်စာသင်ကျောင်း-ကျောင်းသား/သူဟောင်းများ)**

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးထွန်းကျော်
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မနော်ဟရီရိပ်သာ အမှတ်(J-102)နေ ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၇၁-၇၅) သူငယ်ချင်း ဒေါ်မာမာဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ခင်ပွန်း ဦးထွန်းကျော်သည် ၁၇-၈-၂၀၁၈ ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၁-၇၅)ခုနှစ်**
**ရန်ကုန်စီးပွားရေးတက္ကသိုလ် သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းမြင့် အသက်(၇၃)နှစ် B.E (Petroleum) (၁၉၇၁) ညွှန်ကြားရေးမှူး၊ (ရေနံထုတ်လုပ်ရေး-ငြိမ်း) သည် (၁၇-၈-၂၀၁၈)ရက်တွင် ရေနံချောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**B.E (Petroleum) Engineer**

**ကျောင်းသားဟောင်းများ**

ဒေါ်ပု
**အသက် (၉၁)နှစ်**

ချောက်မြို့နယ်၊ ပုပ္ပကန်ရွာနေ (ဦးစံဖြိုး-ဒေါ်စံညွန့်)တို့၏သမီး၊ (ဦးငွေခိုင်)၏ဇနီး၊ သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံအနောက်ရပ်ကွက်၊ ဝမ်းသာရွှေကျောင်းတိုက် မိုးကုတ်ဓမ္မရိပ်သာဆရာတော် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ (ဓမ္မာစရိယ) H.G.P, LL.B,Ph.D (India)၏မယ်တော်ကြီး ဒေါ်ပုသည် ၂၀-၈-၂၀၁၈ (တနင်္လာနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(သဂြိုဟ်မည့်အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

**ဦးစိုးဝင်း(ဖားအောက်ယောဂီ)(အင်းစိန်) (၆၇)နှစ်**
**A.G.T.I (Civil), B.A (Phalo)**
**ခန့်မှန်း(၁)၊ ငြိမ်း၊ ဆလရ ရုံးချုပ်**
**National Steels and Construction Co**
**May-Trust ဆောက်လုပ်ရေးကုမ္ပဏီ**

ရန်ကုန်မြို့နေ (ဦးကျော်သိန်း-ဒေါ်ခင်မြင့်)တို့၏သားလတ်၊ ဦးလှတိုး (CE F.G)-ဒေါ်စန်းစန်း(မူ/အုပ်-ငြိမ်း)၊ မော်ဘီမြို့နယ်နေ ဦးတင်ဝင်း(ဆလရ-ငြိမ်း)-ဒေါ်နုနုရီတို့၏ မောင်/ညီ၊ အမှတ် (၆၂၃)၊ ဇေယျာသုခလမ်း၊ (၁၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ ဒေါ်ခင်စန်းမြင့်(ခန့်မှန်း-၁၊ ဆလရ ရုံးချုပ်-ငြိမ်း)၏ခင်ပွန်းသည် ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၁း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၈-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးရန်လင်းနိုင်(ခ)စိုးစိုး
**အသက် (၄၆) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၃)ရပ်ကွက်၊ တိုက်(၇)၊ အခန်း(၁၀၁)၊ တက်လမ်းအိမ်ရာနေ (ဦးမြင့်အေး)-ဒေါ်မော်လီတို့၏သားကြီး၊ ဦးဇော်မင်းအေး-မခိုင်ဇင်ဝေ၊ (မင်းမင်းဘို)၊ သူရဘို-ခင်နှင်းစုတို့အစ်ကိုသည် ၂၀-၈-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်အေးမြင့်
**အသက် (၈၄) နှစ်**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ သတင်းအတတ်ပညာဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာချိုချိုသွင်၏မိခင်ကြီးသည် ၁၉-၈-၂၀၁၈ ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်သိန်း(မြောက်ဦး)
**အသက် (၇၇) နှစ်**
**နာယက၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာ၊ ကရဝိက်လမ်း၊ အမှတ်(၂၂၃)နေ ရခိုင်သဟာယအသင်း(ရန်ကုန်)၏နာယဖြစ်ပြီး အမှုဆောင်ကပ္ပတိန်မျိုးကျော်ဦး၏ဖခင်ဖြစ်သူ ဦးကျော်သိန်းသည် ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ရခိုင်သဟာယအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးအေးကို (ငြိမ်း)
**DSA 20th Intake**
**(လ/ထ ဌာနမှူး၊ လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်-ငြိမ်း)**
**အသက် (၆၃) နှစ်**

၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁း၃၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၈၄)၊ သူရတပ်ခွဲ မိသားစုများ**

ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
ဦးထွန်းထွန်းစိန်
**အသက်(၅၆)နှစ်**
**Chair man (T.K.W Co, ရှမ်းချယ်ရီ Co,**
**မလိခရောဂါရှာဖွေရေးစင်တာ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၂)နေ ဒေါ်အယ်လ်ဂျာဒွဲ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းသူရိန်ထွန်း @ Dennis၊ မဂျာထွန်းပန် @ Graceတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးထွန်းထွန်းစိန် အသက်(၅၆)နှစ်သည် ၁၇-၈-၂၀၁၈ ရက်(သောကြာနေ့)တွင် စင်ကာပူနိုင်ငံ (SGH)ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မလိခ ရောဂါရှာဖွေရေးစင်တာ ဝန်ထမ်း**
**မိသားစု**

ဒေါ်ရီတင်
**အသက်(၇၈)နှစ်**
**B.A Ed:, BEd:**
**အထက်တန်းပြ(ငြိမ်း)**

ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ချောင်းကောင်းရွာနေ (ဦးတင်အေး-ဒေါ်ခင်လှိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၃၉-စီ)နေ [ဦးမြညို (ဒု-အင်ဂျင်နီယာချုပ်၊ ရေသန့်-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)]၏ ဇနီး၊ ဦးမြသက်အောင်-ဒေါက်တာချိုချိုသက်၊ ဗိုလ်မှူးမိုးဟိန်းတင်(ငြိမ်း)-ဒေါ်မြသီတာ၊ ဦးစိုးမင်းထွန်း-ဒေါ်မြဝတ်ရည်၊ ဦးညိုထွန်းအေး-ဒေါ်သင်းသင်းကြည်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ (ဗိုလ်မှူးမိုးမြင့်အောင်-ငြိမ်း)-ဗိုလ်ကြီးသန်းသန်းဌေး(ငြိမ်း)၊ (ဦးဌေးကြွယ်)၊ (ဦးတင်ဆွေအောင်)-ဒေါ်သီသီမော်တို့၏အစ်မကြီး၊ မောင်အောင်ညိုသက်၊ (မောင်မြမင်းသက်)၊ မောင်ခန့်ဇွဲဟိန်း၊ မမြမျက်သွယ်ဟိန်း၊ မောင်ကျော်အောင်ခန့်၊ မရည်မွန်ထွန်း၊ မောင်မင်းမြတ်ထွန်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်ရီတင်သည် ၁၉-၈-၂၀၁၈(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးထွန်းထွန်းစိန်

**Chairman (T.K.W Co., Ltd၊ ရှမ်းချယ်ရီကုမ္ပဏီ၊**
**မလိခရောဂါရှာဖွေရေးစင်တာ)**
**အသက် (၅၆)နှစ်**

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဦးသာစိန်(ငြိမ်း)-ဒေါ်မြအေးတို့၏ ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၁၂)နေ ဒေါ်အယ်လ်ဂျာဒွဲ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းသူရိန်ထွန်း @ Dennis၊ မဂျာထွန်းပန် @ Grace တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၁၇-၈-၂၀၁၈ ရက် စင်ကာပူစံတော်ချိန် ၁၈း၅၇ နာရီတွင် Singapore General Hospital(SGH)၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ထားဝယ်အသင်း**
ဒေါ်မြင့်စိန်(ခ)ဒေါ်စိန်မမ
**(ထားဝယ်)**
**အသက်(၇၂)နှစ်**
**အသင်းဝင်အမှတ်-၁၉၈၉**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ် (၂၁၇)နေ (ဦးဘသွယ်-ဒေါ်ထူးအေး)တို့၏ သမီး၊ (ဦးသိန်းမြင့်)၏ဇနီး ဒေါ်မြင့်စိန်(ခ) ဒေါ်စိန်မမသည် ၁၇-၈-၂၀၁၈ ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဒေါ်အိအိစံ
**B.Sc (Physics), D.A (London)**
**အထက(၂)၊**
**လသာကျောင်းသူဟောင်း**
**အသက် (၄၂) နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ်(၅၃၅)၊ ငါးလွှာ(ဒါဘာ)နေ ဦးစံကြူး(ဒုရဲမှူး-ငြိမ်း)-ဒေါ်တင်တင်သန်းတို့၏သမီးကြီး၊ ဒေါ်လဲ့လဲ့စံ၏အစ်မ ဒေါ်အိအိစံသည် ၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၀၅ နာရီတွင် ရန်ကုန်ခုတင်(၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာဦးစိန်မင်း
**အသက်(၈၇)နှစ်**
**ရွှေကျင်ဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့နာယက**

၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေကျင်ဗိမာန်တော်ကြီးစောင့်ရှောက်ရေးအဖွဲ့**

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်သန်းရီ
**အသက်(၇၁)နှစ်**

ဒေါ်ကေသီအောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ အုပ်ချုပ်မှုဌာန၊ အိမ်တော်များဌာနကြီး၊ နိုင်ငံတော်သမ္မတရုံး)၏ မိခင်ဖြစ်သူ ဒေါ်ခင်သန်းရီသည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**အုပ်ချုပ်မှုဌာန၊ အိမ်တော်များဌာနကြီး**
**နိုင်ငံတော်သမ္မတရုံး**

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာမဒေါ်ခင်ခင်ဇံ(ငြိမ်း)
**အထက(၁)ဒလမြို့ (ကန်တော့ခံဆရာမ)**
**အသက်(၆၃)နှစ်**

သည် ၁၇-၈-၂၀၁၈ (သောကြာနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာကြီး/ဆရာမကြီး(ငြိမ်း)များနှင့် ဆရာ/ဆရာမ(ငြိမ်း)များ**
**မြတ်ဆရာပူဇော်ကန်တော့ပွဲ အမှုဆောင်အဖွဲ့နှင့်**
**ကျောင်းသား/သူဟောင်းများ**
**(ကျောင်းစတင်ဖွင့်လှစ်သည့်ခုနှစ်မှ ယခုပညာသင်နှစ်အထိ)**



# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် နိဒင် IDP စခန်းအား ပိတ်သိမ်း

**စစ်တွေ ဩဂုတ် ၂၀**
ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောက်တော်မြို့နယ် နိဒင် IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် နိဒင်ကျေးရွာအနီးတွင် နေအိမ်သစ် ၈၅ လုံး ဆောက်လုပ်ပြီးဖြစ်၍ အဆိုပါ နိဒင် IDP စခန်းမှ အိမ်ထောင်စု ၈၅ စု လူဦးရေ ၅၈၀ ကျော်အား ရခိုင်ပြည်နယ်အစိုးရက စနစ်တကျပြောင်းရွှေ့ နေရာချထားပေးခဲ့ရာ ယခုအခါ အိမ်ထောင်စုအားလုံး ပြောင်းရွှေ့ပြီးဖြစ်သည်။

ယခင်က ရခိုင်ပြည်နယ်တွင် IDP စခန်း ၂၁ ခု ကျန်ရှိနေပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ဖြူမြို့နယ်ရှိ ကညင်တော IDP စခန်း၊ ရမ်းဗြဲမြို့နယ်ရှိ တန်းရွာ IDP စခန်းများ အပြီးပိတ်သိမ်းနိုင်ခဲ့ပြီး ပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင် IDP စခန်းကို တစ်စိတ်တစ်ပိုင်း ပိတ်သိမ်းနိုင်ခဲ့ကာ ကျေးရွာများတွင် ပြန်လည်နေရာချထားပေးခဲ့ပြီး ဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် IDP စခန်း ၁၈ ခုသာ ကျန်ရှိပြီး ၎င်းတို့အထဲမှ မြေပုံမြို့နယ်ရှိ တောင်ပေါ် IDP စခန်းအား ပိတ်သိမ်းလျက်ရှိပြီး စစ်တွေမြို့နယ်ရှိ သက္ကေပြင် IDP စခန်း၊ ခေါင်းဒုက္ခာ(၁)နှင့် (၂) IDP စခန်း၊ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းများ ပိတ်သိမ်းနိုင်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘော်လီဘောအသင်း အဖွင့်လှ

**ဂျကာတာ ဩဂုတ် ၂၀**
အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ကာဇက်စတန်အသင်းနှင့် ပွဲဦးထွက်ယှဉ်ပြိုင်ခဲ့ရပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် (၁၇-၂၅)မှတ်ဖြင့် ရှုံးနိမ့်သော်လည်း နောက်ပိုင်းပွဲငယ်များတွင် အနိုင်ရအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ကာဇက်စတန်အသင်းကို ဒုတိယပွဲငယ်တွင် ၂၅-၂၂ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၁၉ မှတ်၊ စတုတ္ထပွဲငယ်တွင် ၂၅-၁၈ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု(ဂ)တွင် ဂျပန်၊ ကာဇက်စတန်အသင်းတို့နှင့် ကျရောက်နေပြီး ဒုတိယပွဲအဖြစ် ဩဂုတ် ၂၄ ရက်တွင် ဂျပန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## မြန်မာအမျိုးသမီးပိုက်ကျော်ခြင်းအသင်း အာရှအားကစားပြိုင်ပွဲတွင် နိုင်ပွဲရ

**ပလန်ဘမ် ဩဂုတ် ၂၀**
အာရှအားကစားပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစ၍ ပလန်ဘမ်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း နိုင်ပွဲရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယမန်နေ့က ကျင်းပသည့် ပထမနေ့တွင် နှစ်ပွဲယှဉ်ပြိုင်ခဲ့ရပြီး ယနေ့တွင်တစ်ပွဲသာယှဉ်ပြိုင်ခဲ့ရသည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲအနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**

# မြန်မာ ယူ-၂၃ အသင်း အီရန်ကို အနိုင်ရသော်လည်း ရှုံးထွက်အဆင့်နှင့် လွဲချော်

**ဂျကာတာ ဩဂုတ် ၂၀**
(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပရာ မြန်မာ ယူ-၂၃ အသင်း နိုင်ပွဲရယူနိုင်သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာ ယူ-၂၃ - နှစ်ဂိုး
အီရန် ယူ-၂၃ - ဂိုးမရှိ။

မြန်မာ ယူ-၂၃ အသင်းသည် နာမည်ကြီး အီရန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ဆုံးရှုံးခဲ့ပြီး အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

တစ်ချိန်တည်းယှဉ်ပြိုင်သည့်ပွဲတွင် မြောက်ကိုရီးယားအသင်းက ဆော်ဒီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ထို့ကြောင့် ယင်းအုပ်စုတွင် လေးသင်းစလုံး လေးမှတ်စီတူညီခဲ့ပြီး ဂိုးကွာခြားချက်ဖြင့် အီရန်အသင်းက အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက အုပ်စုဒုတိယရပြီး ဆော်ဒီအသင်းမှာ အကောင်းဆုံးအုပ်စု တတိယစာရင်းဝင်ခဲ့သည်။ မြန်မာအသင်းမှာမူ လေးမှတ်ရသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပေါင်း ၂၄ နှစ်အကြာတွင် အာရှအားကစားပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး တစ်ချိန်က အစဉ်အလာပြိုင်ဘက်ဟောင်းဖြစ်သည့် အီရန်အသင်းကို **စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**




မြန်မာ ယူ-၂၃ အသင်းအတွက် ဒုတိယဂိုးကို ထက်ဖြိုးဝေ သွင်းယူနေစဉ်။

